www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ၊ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)<br>အမှတ်(၃၁)၊ မလွှကုန်းလမ်း<br>ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင် (၀၀၆၅၁)<br>သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊<br>တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - | ပန်းအိမ် |
| ဖြန့်ချိရေး | - | သစ္စာမွန်စာပေ |
| အတွင်းဖလင် | - | တိုးအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

၈၉၅.၈၃

ရွှေဘဝင်

ရာဇဝင်မဲ့နလုံးသား/ရွှေဘဝင်၊ - ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၅၊

၂၁၄ - စာ၊ ၁၂ × ၁၈.၀ စင်တီ၊

(၁) ရာဇဝင်မဲ့နလုံးသား



## သစ္စာမွန်စာပေတိုက်

၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်

ပန်းဘဲတန်း၊မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁-၅၄၁၄၂၁


www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

"ဒေါက်..ဒေါက်...ဒေါက်..."

ကျွန်းသားတို့ဖြင့်ပြုလုပ်ထားသော လှေကားထက်ဆီမှ ဒေါက်မြင့်ဖိနပ်ကို စီး၍ ဟန်ချက်ညီညီ ဆင်းလာသော အသံကြောင့် အိမ်၏ဧည့်ခန်းတွင်ထိုင်နေကြသော လူ (၄)ယောက်လုံး အသက်ပင် ကောင်းကောင်းမရှူရဲကြပေ...။

ထိုင်နေသော လူ (၄)ယောက်မှာ အသက် (၂၀) ကျော် မိန်းတလေးငယ်(၃)ဦးနှင့် အသက် (၄၀) အရွယ် အမျိုးသမီးကြီးတစ်ဦး။ အိမ်ကြီးပေါ်မှ ဆင်းလာသူအမည်က ဒေါ်မနောဟယ်ရီသခင်မကြီးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ပိုင်းက (၄၀) ဝန်းကျင်ရှိပေမယ့်မနောဟယ်ရီ သခင်မကြီး မျက်နှာအသွင်မှာ တည်ငြိမ်ပြီး ပြုံးရွှင်ခြင်းမဲ့နေသည်ကို တွေ့မြင်ရသည်။

အသက် (၄၀)ဝန်းကျင် ရှိနေသော်လည်း မနောဟယ်ရီ၏ အလှတွေက အသက် (၂၀)ကျော် အလှပိုင်ရှင်တွေလိုက်၍မမီ။

"ယွန်းစံ…"

"ရှင်…သခင်မကြီး"

"မိုးစံ…"

"ရှင်…သခင်မကြီး"

"ဒီစံ…"

"ရှင်… သခင်မကြီး"

မနောဟယ်ရီ၏ခေါ်သံကိုပြန်ပြီးထူးနေပေမယ့် ခေါင်းတွေ ကအောက်ကိုပင် ငုံ့ထားဆဲပေ။

"မင်းတို့အသက်တွေ ဘယ်လောက်ရှိပြီလဲ"

"မသိပါဘူး သခင်မကြီး"

"အေး…ဒီနေ့မင်းတို့အသက်ဘယ်လောက်လည်း ဆိုတာ





သိရမယ်၊ မင်းတို့မနောစံအိမ်ကြီးကို ရောက်ခဲ့ကြတာ (၂၀) နှစ်ပြည့် ခဲ့ပြီ…မှတ်ထားကြ"

"ဟုတ်ကဲ့…"

"ဒေါ်ဇာအို…"

"ပြောပါသခင်မကြီး…ကျွန်မ နားခံနေပါတယ်"

"သူတို့ (၃)ယောက်အတွက် ပြည့်စုံတဲ့ပညာတွေကို ပေးခဲ့ နိုင်ပြီလား"

"စံအိမ်ကြီးမှာ သူတို့(၃)ယောက်ဟာ ထူးချွန်ဆုံးနဲ့ ပြိုင် ဘက်တွေအနိုင်ယူထားသူတွေပါ"

"သိပ်ပြီးကောင်းတယ်၊ ဒါမှ ငါပေးတဲ့ တာဝန်တွေကို ကျေပွန်စွာနဲ့ ဆောင်ရွက်နိုင်မှာ…"

မနောဟယ်ရီ နှုတ်ခမ်းတွင် အတွေးတစ်ခုကို စဉ်းစားပြီး ပြုံး ရောင်လေးသန်းသွားသည်။

"ဒေါ်ဇာအို…"

"အမိန့်ရှိပါ"

"ငါ့ကို သေနတ်ပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဒေါ်ဇာအို..မနောဟယ်ရီ လက်ထဲသို့ ပစ္စတိုသေနတ်ကို လက်နှစ်ဖက်နှင့်ပေးလိုက်လေသည်။

"မင်းတို့ သုံးယောက်လုံး ဟိုနံရံမှာ သွားပြီးကပ်"

မနောဟယ်ရီ ခိုင်းသည့်အတိုင်း ယွန်းစံ၊ မိုးစံ၊ ဒိစံတို့ သုံးယောက် တိုက်နံရံတွင် ကပ်ပြီးရပ်နေကြသည်။

"ငါ့မျက်နှာကို မျက်တောင့်မခတ်ဘဲကြည့်ကြစမ်း၊ မျက်တောင်ခတ်တဲ့သူကတော့ ပထမဆုံး ကျည်ဆန်ကို အပိုင်စားရသွားမယ်"

မနောဟယ်ရီ မျက်နှာကိုစူးရှလှသောမျက်လုံးစုံဖြင့်စိုက်ပြီး ကြည့်နေကြသည်။

"ဟုတ်ပြီ.. ဒါမျိုးမျက်လုံးတွေကို ငါမြင်ချင်တာ၊ စံအိမ်ကြီးက လူတွေဟာ တောက်ပနေတဲ့ မျက်လုံးပိုင်ရှင်တွေဖြစ်ရမယ်၊ နဂါးမျက်လုံးတွေလို မီးဟုန်းဟုန်းတောက်နေရမယ်"

မနောဟယ်ရီအသံမှာ ခက်ထန်မှုဘက်ကို ပြောင်းလဲလာပြီး

"ကဲ.."





"ဒိုင်း.."

"ရှူင်..."

ယွန်းစံ ခေါင်းပေါ်မှ ဆံညှပ်လေး သေနတ်ကျည်ဆန်ထိမှန်ပြီး ကြမ်းပြင်သို့ကျသွား၏။ ယွန်းစံ ဟန်တစ်ချက်ပျက်ပြီးမသွား..

"နောက်တစ်ယောက်"

"ဒိုင်း.."

"ရှူင်..."

မိုးစံ နားထက်မှ နားကွင်းလေး လွင့်စဉ်သွားသည်။

ယွန်းစံလိုပဲ မိုးစံလည်း တစ်ချက်လေးမှ တွန့်သွားခြင်းမရှိ။

"နောက်ဆုံးတစ်ယောက်"

"ဒိုင်း.."

"ရှူင်..."

ဒိစံ ရင်ဘတ်တွင် ကပ်ထားသော သံမဏိပြားနံပါတ်လေးကို သေနတ်ကျည်ဆံထိမှန်ပြီး နောက်သို့လဲကျသွားသည်။ ကျည်ဆံထိပ်ဒူးလေး ကြမ်းပြင်တွင် လိမ့်လျက်... ဒိစံလည်း ယွန်းစံနှင့် မိုးစံတို့လိုပင် သွေးမပျက်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း...ဖြောင်း...ဖြောင်း..."

"သိပ်ကိုကြိုက်တယ်၊ ဒါမျိုးမှ စံအိမ်ကြီးရဲ့သူရဲကောင်းကမ္ဘည်းကိုရေးနိုင်မှာ၊ ကဲ...မြန်မြန်ပြီးထိုင်ကြတော့၊ စကားပြောမယ်"

သုံးယောက်သား မနောဟယ်ရီ ရှေ့တွင် မြန်မြန်ပြီးထိုင်ကြသည်၊

"ဒေါ်ဇာအို...ခါတ်ပုံတွေနဲ့ဖိုင်တွေယူလာခဲ့"

ဒေါ်ဇာအို...အခန်းထဲမှ ဓါတ်ပုံများနှင့်ဖိုင်တွဲတွေကိုယူလာပြီး မနောဟယ်ရီကိုပေးလိုက်သည်၊

"ရော့"

တစ်ယောက်ချင်းကို ဓါတ်ပုံတစ်ပုံစီပေးလိုက်သည်၊

"ဒီလူတွေက မင်းတို့ရှင်းရမယ့်သူတွေ... သူတို့ရာဇဝင်တွေကိုတစ်ခါတည်းအလွတ်ရအောင်ကျက်...ဓါတ်ပုံကိုမင်းတို့မှတ်ဉာဏ်မှာစွဲနေအောင် ကြည့်ထားရမယ်... တစ်နာရီငါအချိန်ပေးမယ်... ဒေါ်ဇာအိုသူတို့ခရီးထွက်ဖို့စီစဉ်ပြီးပြီလား..."

"ဟုတ်ကဲ့"

"မင်းလည်း အပြင်ကိုသွားတော့ တစ်နာရီပြည့်မှဒီကို ပြန်လာခဲ့"

ဒေါ်ဇာအို ခါးလေးကို ကိုင်းညွတ်ပြီး ဧည့်ခန်းကြီးထဲမှ ထွက်သွားလေသည်၊ ယွန်းစံ၊ မိုးစံ၊ ဒီစံ တို့(၃)ဦး...ဓါတ်ပုံနှင့် သူတို့သုတ်သင်ရမည့်လူတွေ၏ကိုယ်ရေးရာဇဝင်ကိုအလွတ်ကျက်မှတ် နေကြသည်၊ မနောဟယ်ရီကား ဧည့်ခန်းထဲတွင်ရှိသော စန္ဒရားကြီးပေါ်တွင် ညင်သာလှသော တီးလုံးလေးများကို တီးခတ်လျက်...

မနောဟယ်ရီ၏ စန္ဒရားလက်သံကလေးမှာ ကြည်နူးဖွယ်ကောင်းသလောက် ကြေကွဲဝမ်းနည်းဖွယ်လည်း ကောင်းသောသံစဉ်လေးပင်ဖြစ်သည်၊

"ကဲ...တစ်နာရီပြည့်ပြီ..."

ဓါတ်ပုံနှင့် ဖိုင်တွဲစာရွက်တွေကို စားပွဲပေါ်တွင် မှောက်ပြီးတင်ထားလိုက်ကြသည်၊

"ယွန်းစံ ပြောစမ်း"

"ဦးစည်သူမင်းခေါင်...မိုးကုတ် × ×××××××၊ သူမှာသားနှစ်ယောက် သမီးတစ်ယောက်...သားကြီးနာမည်က အိုက်စံခေါင် သားလတ်နာမည်က စောလူခေါင် သမီးနန်းခင်ခေါင်...အိုက်စံခေါင်နဲ့







www.burmeseclassic.com

www.burmeseclassic.com



စောလှခေါင်ကတော့ ဦးစည်သူမင်းခေါင်ပိုင်ဆိုင်တဲ့ ရတနာရောင်းဝယ်ရေးကုမ္ပဏီကိုဦးစီးလုပ်ကိုင်တယ် သမီးနန်းခင်ခေါင်က ဂျာမနီမှာ ပညာသင်နေဆဲ"

"ဟုတ်ပြီ...မင်းသတ်ရမှာ ဘယ်သူလဲ"

"ဦးစည်သူမင်းခေါင်..."

"မိုးစံ"

"ဦးမင်းလှသော်...လားရှိုး × × × × × × × ×၊ သူ့မှာသမီးနှစ်ယောက်ပဲရှိတယ် မယ်ရီသော်နဲ့ ချယ်ရီသော် အလုပ်အကိုင်တွေက ဆောက်လုပ်ရေး ကုမ္ပဏီကြီးတစ်ခုကို ဦးစီးပြီးလုပ်ကိုင်နေကြတဲ့ အင်ဂျင်နီယာဘွဲ့ယူထားသူတွေ..."

"မင်းသတ်ရမှာက"

"ဦးမင်းလှသော်"

"ဒီစံ"

"ဒေါ်မြစံထိပ်ထား...တောင်ကြီး × × × × × × × × ×၊ သူ့မှာ မိသားစု မရှိဘူး တစ်ကိုယ်တည်း အပျိုကြီး...မိဘ ဘိုးဘွားပိုင် လိမ္မော်ခြံကြီးများစွာကို ဆက်ပြီးလုပ်ကိုင်နေသူ"





"မင်းသတ်ရမှာက"

"ဒေါ်မြစံထိပ်ထား"

"မင်းတို့သုံးယောက်အတွက် တစ်လတိတိအချိန်ပေးထားတယ် တကယ်လို့ဒီတစ်လအတွင်းမှာ မင်းတို့တာဝန်မကျေဘူးဆိုရင် မင်းတို့နလုံးသားမှာရောက်လာမဲ့ကျည်ဆန်တွေက အသင့်စောင့်နေမယ် ဆိုတာကို သဘောပေါက်ထား"

"ဟုတ်ကဲ့"

"လိုအပ်တာအားလုံးကို စီစဉ်ပေးလိုက်မယ်...မင်းတို့ ရင်ဘတ်ထဲမှာထည့်ထားရမယ့်စကားတွေကိုပါ တစ်ခါတည်းယူသွားကြ..."

"စံအိမ်ကြီးထဲကလူတွေရဲ့နလုံးသားမှာ ကြင်နာခြင်း၊ သနားခြင်း၊ မေတ္တာတရားဆိုတာ မရှိစေရဘူး...ရက်စက်ရဲရမယ်...သတ်ဖြတ်ရဲရမယ်...ပေးတဲ့တာဝန် ကျေစေရမယ်...ဒါပဲ...သွားကြတော့..."

"ခွင့်ပြုပါ...သခင်မကြီး"

မနော်ဟယ်ရီအောက်နှုတ်ခမ်းလေးကိုမပွင့်တပွင့်ဟကြည့်ပြီးကျန်ခဲ့လေသည်။

"ဟား...ဟား...ဟား...ဒင်းတို့(၃)ယောက်အတွက်စံအိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဝိညာဉ်တွေကလာပြီးခေါ်နေပြီဟေ့.....စည်သူမင်းခေါင်.... မင်းလှသော်..မြစ်ထိပ်ထား...ရေ...မနောဟယ်ရီရဲ့အောင်ပွဲကြီးကို ကမ္ဘာကြီးတုန်လှုပ်သွားအောင်ပြုလုပ်ပစ်လိုက်မယ်.."

"တောက်...ငါ့သမိုင်းကြောင်းရဲ့တစ်လှည့်အောက်မှာနင်တို့ ရဲ့ဝိညာဉ်တွေနဲ့ယစ်ပူဇော်ပွဲကြီးကိုကျင်းပမယ်"

"အနှစ်(၂၀)ကျော်ကလေးဟာဘာမှမကြာလိုက်ပါလား... ကြည့်စမ်း ငါတောင့်တနေတဲ့ နေ့ရက်ကြီးကိုရောက်ပြီ...ဟား... ဟား...ဟား..."

စံအိမ်ကြီးထဲမှ ရယ်သံတွေက အပြင်ကို ပွဲတင်ရိုက်ခတ်ပြီး ထွက်ပေါ်လာနေလေတော့သည်။

မနောဟယ်ရီ၏ဖယောင်းလက်သွယ်လေးတွေကိုကျစ်ကျစ် ပါအောင်ဆုပ်လိုက်ပြီး... လက်ထဲမှ ပန်းပွင့်တို့သည် တစ်စစီကြေမွ ပျက်စီးသွားနေလေပြီဖြစ်သည်။



# အခန်း (၁)

"အမေ...အမေ"

"သား...လူလေး"

မိခင်ကြီးကို ရတုပိုင်ပွေ့ဖိုက်ပြီး ကားလမ်းမကြီးပေါ်သို့ ခေါ် ဆောင်လာခဲ့ပေမယ့်ကားတစ်စီးမှမတွေ့ရသေးပေ...

"ဖော်ကြီး"

"ရတု"

"ကားတွေကကွာ ခုမှပဲပျောက်နေတယ်"

အမေမှာ ရောဂါဝေဒနာကို အလူးအလဲခံစားနေရှာလေပြီ...



www.burmeseclassic.com

www.burmeseclassic.com



ရတုပိုင် မိခင်ကြီးကို(၅)နှစ်လောက်ခွဲခွာပြီး ထောင်ထဲမှာနေခဲ့ရသည့် သူ့ရဲ့တာဝန်မကျေမှုတွေကိုတွေးမိတိုင်း ရင်ထဲမှာနာကျင်နေမိသည်၊

ရတုပိုင်မှာ ဖခင်ဆိုတာ မွေးကတည်းက မရှိခဲ့ဘူး…မုဆိုးမ ဘဝနှင့်သူ့ကိုပညာတွေတတ်အောင်သင်ပေးခဲ့သော မိခင်ကြီးအပေါ်မှာ သူကျေးဇူးဆပ်ခြင်းက ခုထိဘာမှုမရှိခဲ့သေးပေ။

ရတုပိုင်ဘွဲ့ရပြီး အလုပ်အကိုင်ရှာဖွေနေချိန်မှာပဲ လူသတ်မှု တစ်ခုနှင့်ထောင်ထဲသို့ရောက်ခဲ့သည်။ ခုပြန်ပြီးလွတ်၍ (၃)ရက် မြောက်နေ့တွင် ပန်းနာရင်ကျပ်ရောဂါသည့်မိခင်ကြီး အမောဖောက် လာသဖြင့် ဆေးရုံသို့ပို့ရန် ထွက်လာကြခြင်းဖြစ်သည်။

“ဟာ…ကားတစ်စီးလာနေပြီ ဖော်ကြီးတားကွာ…”

ဖော်ကြီးကားကို ထွက်ပြီးတားပေမယ့် ကားကရပ်မပေးဘဲ မောင်းသွားလေသည်။

“တောက်…လူတွေစာနာမှုမဲ့လိုက်တာ”

ဖော်ကြီး ကား(၃)စီးကိုတားပေမယ့် ဘယ်ကားမှရပ်ပေး ခြင်းမရှိ…

“ဖော်ကြီးမင်းအမေ့ကိုပွေ့ထား ငါတားမယ်”





ရတုပိုင် ဆုံးဖြတ်ချက်တစ်ခုကိုချပြီး ကားလမ်းဗဟိုတည့်တည့် တွင်ရပ်ပြီးနေလိုက်သည်။

“ဝူး…”

ကားတစ်စီးမီးရောင်ကိုတွေ့လိုက်ပြီး ရတုပိုင် တိုက်ချင် တိုက်ပါစေ…ကားလမ်းမှ လုံးလုံးမဖယ်ဘဲ ရပ်ကာနေစဉ်…

“ကျွီ…”

ကားကရတုပိုင်နှင့် အနီးဆုံးတွင် ထိုးရပ်သွားပြီး…

“မင်း ဘာလုပ်ချင်လို့လဲ”

“အမေ့ကို ဆေးရုံပို့ချင်လို့ပါ”

“ကောင်းပြီတက်”

ကားမောင်းလာသူမှာ အသက်(၄၀)လောက်အရွယ်ရှိ အမျိုးသမီးတစ်ဦး…ဖော်ကြီးနှင့် အတူအမေ့ကို ပွေ့မပြီးကားပေါ်သို့ တက်ခဲ့ကြသည်။

“ဆေးရုံကိုသွားမယ်ဆိုရင်မင်းအမေအခြေအနေကမကောင်း ဘူး၊ နီးစပ်ရာအထူးကုဆေးရုံတစ်ခုကို သွားမလား”

“ဟင်…”



www.burmeseclassic.com

www.burmeseclassic.com



အထူးကုဆေးရုံကိုသွားနိုင်ဖို့ သူမှာ စရိတ်မတတ်နိုင်ပေ။

"မင်းကြည့်ရတာ အထူးကုဆေးရုံတင်ဖို့ အခက်အခဲရှိနေတယ်ထင်တယ်"

"ဟုတ်ပါတယ် ကျွန်တော့်မှာငွေမရှိဘူး"

အမျိုးသမီးကြီးထံမှ ဘာစကားသံမှထွက်ပေါ်လာခြင်း မရှိတော့ဘဲ ကားကိုသာဂရုတစိုက်မောင်းနေလေသည်။

အမျိုးသမီးကြီးမောင်းဝင်လာသောနေရာမှာတကယ့်ထိပ်တန်းအထူးကုဆေးရုံကြီးတစ်ခု...ငွေရှင်၊ ဓနရှင်တွေအတွက် ဖွင့်လှစ်ထားသော ဆေးရုံတစ်ခုဆိုလျှင် မမှားပေ...

ရတုပိုင်တို့လို ဆင်းရဲသားလူတန်းစားတွေအတွက်တော့ ဘယ်လိုမှမျှော်လင့်၍မရနိုင်သောနေရာ....။

"ဒီမှာ အစ်မ"

"မင်းဘာမှ မပြောပါနဲ့ မင်းအမေရဲ့အသက်ရှင်ဖို့က အရေးကြီးတယ် မဟုတ်လား...မင်းစိုးရိမ်တဲ့ အထဲမှာငွေကိစ္စကို ခေါင်းထဲကထုတ်ပစ်လိုက်..."

ဆေးရုံဝတွင် ကားကိုရပ်ပြီး အမေ့ကို တွန်းလှည်းလေးဖြင့်





ခေါ်ဆောင်ပြီး အရေးပေါ်အခန်းထဲသို့ သွင်းလိုက်ကြသည်။

အပြင်မှာ သူငယ်ချင်းဖြစ်သူ ဇော်ကြီးနှင့် ထိုအမျိုးသမီးတို့ ရပ်လျက်ရှိနေကြသည်။

"ကျေးဇူးတင်ပါတယ် အစ်မ"

"ရပါတယ် ငါ့မောင်ရယ်...လူတစ်ယောက်အသက်ဆိုတာ ကယ်ကောင်းတဲ့ ကိစ္စလေးပါ ကယ်ခွင့်ကြုံလို့ကယ်လိုက်တာပဲ...မင်းနာမည်က ဘယ်လိုခေါ်လဲ"

"ရတုပိုင်ပါ...သူက သူငယ်ချင်းဇော်ကြီး"

"အစ်မနာမည် မြစံထိပ်ထားတဲ့"

"ဟုတ်ကဲ့"

မြစံထိပ်ထားဆိုသည့်အတိုင်း အလှထိပ်သခင်တို့မှာ ရှိကြသည့် အလှကျော့ရှင်းမှုတွေနှင့်ပြည့်စုံလှသူတစ်ဦး...မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း ကိုယ်ခန္ဓာအချိုးအစားတို့မှာ ပုရိသတွေငေးလောက်ရသူပင်

"ကျွို..."

အရေးပေါ်စမ်းသပ်ခန်းထဲမှ ဒေါက်တာကြီးတစ်ဦး ထွက်လာသည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများလဲမှတ်တယ် ထိပ်ထားကိုး"

"ဟုတ်တယ် ကိုကျော်ဇောအောင် သူတို့ကထိပ်ထားမိတ်ဆွေတွေပါ...ကဲ အခြေအနေ ဘယ်လိုလဲပြောပါဦး"

"နှလုံးကို ခွဲစိတ်မှုပြုလုပ်ရင်တော့ အခြေအနေတော်တော်လေးကောင်းသွားမှာပါ...ဒါပေမယ့်"

"ဒါပေမယ့်...ဘာဖြစ်လဲ...ပွင့်ပွင့်လင်းလင်းပြောပါ..."

"ငွေကြေးအကုန်အကျများမယ်"

"ဟင်..."

ငွေကြေးစကားကိုရတုပိုင်နားထဲတွင် ခါးသီးစွာကြားနေရသည်။

"ဘယ်လောက်တောင်မို့ များတယ်ပြောတာလဲ ---ကိုကျော်ဇောအောင် ထိပ်ထားအတွက် ရင်တုန်ဖို့ကောင်းတဲ့ ငွေကြေးလား..."

"ဟာ...မဟုတ်ပါဘူး ထိပ်ထားတို့ အတွက် တစ်နေ့တာသုံးငွေလောက်ပဲရှိပါတယ်..."

"ဒါဆိုရင် လူကိုသာအကောင်းဆုံးဖြစ်အောင် လုပ်ပါ





ကုန်ကျစရိတ်ကို ထိပ်ထားတာဝန်ယူတယ်"

"ကောင်းပါပြီ"

ဒေါက်တာ ကျော်ဇောအောင် ထွက်သွားပြီးနောက်...

"မောင်ရတုပိုင် ရော့..မမ ဖုန်းနံပါတ်ယူထားလိုက်...၊ မမ မနက်မှ တစ်ခေါက်ပြန်လာခဲ့မယ်"

"ဟုတ်...ဟုတ်ကဲ့"

"လောလောဆယ် ဆေးရုံမှာသုံးဖို့ရော့"

"မ...မယူပါရစေနဲ့"

"မာနဆိုတာ တစ်ခါတလေထားသင့်တဲ့ နေရာမှာပဲ ထားရတယ်ငါ့မောင်...ဒီငွေဟာ မင်းမိခင်အတွက် အသက်ရှင်ရေးလေ"

မိခင်ကြီးအတွက် သူ့မာနနှင့် ဂုဏ်သိက္ခာကို ရှေ့တန်းတင်၍ မဖြစ်ဟု သူသဘောပေါက်လိုက်သည်။

ထိပ်ထားထွက်သွားပြီးနောက်...

"မင်းတော့ ဘုရားမ,တာပဲ ရတု"

"ငါ့ကို ဘုရားကယ်တာမဟုတ်ဘူး အမေ့ကို ကယ်တာပါ...တော်တော်လေးကို ချမ်းသာမယ့် အမျိုးသမီးပဲဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ် သိန်းဆယ်ဂဏန်းလောက် ငွေကြေးကို တစ်နေ့တာသုံးစရိတ်လောက်ရှိတယ်ဆိုတော့ သူ့ရဲ့ချမ်းသာမှုတွေက ဘယ်လိုလဲဆိုတာကို သိသာနိုင်ပါတယ်"

"ရတုပိုင်"

"ဘာလဲ...ဖေကြီး"

"ချောတာမှ ပိုးစိုးပက်စက်ပဲကွာ"

"ငါ ဒီအပေါ်မှာ စံစားလို့မရခဲ့ပါဘူး...အဖေ့အတွက် စိုးရိမ်နေရတဲ့ သောကတွေက ထိပ်ထားမမ ဘယ်လောက်လှသလဲဆိုတာကို သတိမပြုမိလိုက်ဘူး...ဘယ်လိုပဲဖြစ်ဖြစ်ကွာ ထိပ်ထားမမ ဟာငါ့အတွက် ကောင်းကင်ကနေကျလာတဲ့ ကျေးဇူးရှင်တစ်ဦးဆိုတာတော့ ငါ့ဘဝမှာ မှတ်တမ်းတင်ထားရမှာပါ..."

ထိပ်ထားပေးခဲ့သော ငွေတွေကို ဆုပ်ကိုင်ပြီး အဖေ့အတွက် သူဆုတောင်းပေးနေမိတော့သည်။

■ ■ ■



# အခန်း (၂)

တောင်ပေါ်လမ်းလေးတစ်ခုတွင် အနက်ရောင် ဆလွန်းကားတစ်စီးမောင်းနှင့်လာနေသည်။

ထိုကားပေါ်တွင် ယွန်းစံ၊ မိုးစံ၊ ဒီစံ တို့သုံးဦး လိုက်ပါလျက် ကားမောင်းနေသူက ဒီစံ...

ယွန်းစံနှင့်မိုးစံတို့က ကားနောက်ခန်းတွင် စကားမပြောဘဲ တိတ်ဆိတ်စွာလိုက်ပါလာလျက် အပြင်ဘက် တောင်တန်းကြီးတွေကို ငေးမော ကြည့်နေကြသည်။

"တကယ်လှပတဲ့ရှုခင်းကြီးတွေပဲနော်...ယွန်းစံ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီစံ…မင်း ဖောက်ပြန်တဲ့စကားတွေ ပြောနေတာလား"

"ဒီစံ…မင်းကတော့ သခင်မကြီးရဲ့ရွှေရောင်ကျည်ဆန်ထိပ်ဖူး လေးကို လက်ဆောင်ယူချင်ပြီနဲ့တူတယ်"

ဒီစံတို့ဘဝမှာ လုပမှုအပေါ်မှာတောင် ခံစားခွင့်မရှိသည့် သံမဏိသတ်မှတ်ချက် စိတ်ပိုင်းဆိုင်ရာ စည်းကမ်းကြီးများကြောင့် စကားကို ဆက်ပြီးမပြောတော့ဘဲ နေလိုက်ရသည်။

"ငါတို့အလုပ်က လူသတ်ဖို့ပဲ ကျန်တဲ့အရာတွေကို ခေါင်းထဲ မှာထည့်မထားချင်ဘူး"

" ဖောင်း"

"ဟင်"

ကားရှေ့ဘီးပေါက်သွားပြီး ကားကိုလမ်းဘေးတွင် ထိုးရပ် လိုက်သည်။

"ကားဘီးအပိုပါတယ် မဟုတ်လား ဒီစံ"

"အေး…ပါတယ်"

"ဒါဆို…လဲကြရအောင် မြို့ကို နောက်ကျပြီးမှ မဝင်ချင်ဘူး"

အချိန်ကညစ်နေစောင်းနေပြီဖြစ်သလို မှောင်စလည်းပြုနေပြီ





မြို့ရောက်သည်နှင့် သူတို့သုံးဦးကို သတ်မှတ်ထားသော ဟို တယ်တွင် ညအိပ်ပြီးနောက်…မနက်တွင် လူစုခွဲရတော့မည်ဖြစ်သည်။

သုံးယောက်သား ကားဘီးဖြုတ်လဲပြီး၍ ပေါက်သွားသော ဘီးကို ကားပေါ်သို့ပြန်ပြီးတင်ချိန်တွင်…

"ဝူး"

"ကျွီ…"

ဆိုင်ကယ်(၂)စီး ယောကျ်ား(၃)ယောက် သူတို့ကားအသား တွင် ဝင်ရပ်လိုက်ပြီး ဆိုင်ကယ်ပေါ်မှ ဆင်းလာကြသည်။

"အားပါး…နတ်မိမယ်လေးတွေပါလား…ကိုကိုတို့က ဘာတွေ ကူညီရမှာလဲ"

"မလိုပါဘူး…ကိုယ့်လမ်းကိုယ်သွား"

"အလဲ့…တယ်လဲစွာတေးလေးတွေပဲ ဒါမျိုးမှ ချစ်ဖို့ကောင်း တာ…သူငယ်ချင်းတို့ရေ…တစ်ယောက်ချင်းတွဲပြီး ကလိုက်ကြ ရ အောင်"

"OK ဂွတ်"

တစ်ယောက်စီ အနားသို့ကပ်လာပြီး လက်တွေကိုလှမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကိုင်သည်နှင့်…

"ရော့"

"ဖြောင်း"

"အင်း…အီး…အား…"

ငနဲသား(၃)ယောက်လုံး လက်တွေကိုလိမ်ချိုးပြီးသားဖြစ် သွားသည်။

"အ…အံရမ်းမလုပ်ပါနဲ့ကိုကိုတို့က စတာပါ"

"တောင်းပန်ပါတယ်ကွာ"

"ခွင့်လွှတ်ပါ"

"ရှင်တို့စကားတွေကအရမ်းကိုနောက်ကျသွားပြီ…တဲ့မီး နဲ့ ဒီစံ"

ယွန်းစံကအချက်ပေးလိုက်သည်နှင့် လည်ပင်းကြော အသက်ရှူလမ်းကြောင်းတွေကို လက်ဝါးစောင်းဖြင့်ရိုက်ချပြီး အဆုံး စီရင်လိုက်သည်။

ငနဲ(၂)ကောင်တော့ မြေပြင်တွင်မလှုပ်မယှက်ရှိပေမဲ့ တ ယောက်ကတော့အသက်ရှူနေသေးသည်။





"ဒီစံ မင်းအပြတ်ရှင်းလေ"

"ငါတို့ကို လူသတ်ဖို့ ညွှန်ကြားတဲ့အထဲမှာ ဒီလူနာမည်မပါ ဘူး… သူနဲ့ထိုက်တန်သလောက်ပဲ ဆုံးမခဲ့မယ်"

"မင်းက သဲလွန်စပေးခဲ့တာလား"

"စိတ်ချ…သူနောက်ထပ်(၁၀)နှစ်လောက်ထိ စကားမပြော နိုင်ဘူး…သွားကြမယ်"

ဒီစံ လုပ်ရပ်ကို ယွန်းစံတို့ မကျေနပ်ပေမယ့် စံအိမ်ကြီး၏ စည်းကမ်းပိုင်းနှင့် မငြိစွန်းသဖြင့် ဘာမှမပြောခဲ့ကြပေ…

"မင်းပုံစံက သိပ်ပြီးမဟုတ်ဘူး…ဒီစံ"

"ငါ့ ပုံစံက မဟုတ်တာ မဟုတ်ဘူး မင်းတို့လုပ်ခဲ့တဲ့ ပုံစံက မဟုတ်တာ"

"ဘာလို့"

"လူတစ်ယောက်ရဲ့အသက်ကိုသတ်ပြီး ဥပဒေမရှိတဲ့ နေရာ တစ်အိမ်မှာပဲရှိတယ်…အပြင်လောကမှာမရဘူး…ခုလူသတ်မှုအပေါ် သက်ဆိုင်ရာက ဘာမှမလုပ်ဘဲ မသိကျိုးကျွန်ဆောင်နေမယ်လို့ ထင်နေလား၊ မင်းတို့က ကိုယ်လုပ်ရမယ့်အလုပ် အတွက်အဟန့်

www.burmeseclassic.com

www.burmeseclassic.com



အတားဖြစ်စေမယ့်ဟာကိုမစဉ်းစားကြဘူး...ရိုးရိုးလေးဆုံးမလိုက်ရင် ဘာမှ တို့အတွက် သက်ဆိုင်ရာကို သွေးတိုးစမ်းသလို မဖြစ်ဘူး ခုတော့သွေးတိုးစမ်းလိုက်ပြီ"

"ငါတို့သတ်တယ်ဆိုတာ ဘယ်သူသိလို့လဲ"

"ယွန်းစံ...ရာဇဝတ်မှုကျူးလွန်ကြတဲ့သူတွေတိုင်း မင်းလို ထင်ကြပြီး လွတ်အောင်ပြေးကြတာပဲ ဒါပေမဲ့မလွတ်ခဲ့ပါဘူး"

"မင်းဆိုလိုတာက ငါတို့အဖမ်းခံရမယ်လို့ဆိုလိုတာပေါ့ — ဟုတ်လား"

"တစ်လအတွင်း ငါတို့ကိစ္စတွေ အောင်မြင်အောင် လုပ်ပြီး စံအိမ်ကြီးကိုပြန်ရောက်ခဲ့ရင်မင်းလွတ်တယ်လို့သဘောထားလိုက်လေ မရောက်မချင်းကတော့ ဥပဒေရဲ့အရိပ်က လိုက်နေမယ် ဆိုတာတော့ သဘောပေါက်ထား ယွန်းစံ..."

ဒီစံရဲ့စကားကို ယွန်းစံ တုံ့ပြန်ခြင်းမပြု...မိုးစံကတော့

"ဟုတ်တယ်...ငါတို့လုပ်ခဲ့တာ သက်ဆိုင်ရာကိုစိန်ခေါ်သလို ဖြစ်နေပြီ..."

"ဘာမှ ဂရုမစိုက်ဘူးကွာ"





ယွန်းစံခေါင်းမာမာပဲ ငြင်းဆိုနေလေသည်။

တစ်ယောက်နှင့်တစ်ယောက် အတိုက်အခံ မပြုလိုသောကြောင့် ဒီစံ ဘာစကားမှထပ်ပြီး မပြောတော့ဘဲ ကားကိုအာရုံစိုက်ပြီး မောင်းနေတော့သည်။

"ဟယ်...ရှေ့မှာ"

ကားတားမီးရောင်းဖြင့်ကားတွေကိုတားနေသော လုံခြုံရေး တပ်ဖွဲ့ဝင်တွေကိုတွေ့မြင်လိုက်ရပြီးယွန်းစံမျက်နှာပျက်သွားလေ သည်။

ဒီစံ သွေးအေးအေးနဲ့ပဲကားကိုရပ်ပေးပြီး အစစ်ဆေးခံ လိုက်သည်။

"ကားလိုင်စင်နဲ့ မင်းတို့မှတ်ပုံတင်လေးတွေ တစ်ဆိတ် လောက်"

"ဟုတ်ကဲ့...ရပါတယ်"

ဒီစံ ကားလိုင်စင်နှင့်မှတ်ပုံတင်တွေကိုထုတ်ပေးလိုက်သည်။

"ရပါပြီကွယ်...ကျေးဇူးတင်ပါတယ်"

ဒီစံ...ရဲ့အရာရှိကို ခပ်ပြုံးပြုံးလေးနှင့် ခေါင်းညိတ်ပြီး ကားကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး မေးလာသည်။

"မင်းဘာလို့ပြုံးပြတာလဲ"

"ယွန်းစံ လူတစ်ယောက်ရဲ့အပြုံးဆိုတာ လူမှုဆက်ဆံရေး အတွက်လေ..."

"မလိုအပ်ပါဘူး"

"ယွန်းစံ မင်းအပြင်လောကကို ရောက်ပြီဆိုရင် ပြုံးတတ်ဖို့ လိုအပ်တယ်...စံအိမ်ကြီးမှာသာ အပြုံးဆိုတာမလိုအပ်တာ အပြင်မှာ မင်း မပြုံးတတ်ရင် မင်းအတွက် အန္တရာယ်ကို ဖိတ်ခေါ်တာနဲ့အတူတူ ပဲဖြစ်နေမယ်..."

"အန္တရာယ်ကိုဖြေရှင်းဖို့အတွက် ယွန်းစံတို့ဘဝမှာပြည့်ပြည့် စုံစုံရှိပြီးသားပဲ"

"မင်းနဲ့ ငါစကားနိုင်လုပွဲ မလုပ်ချင်ပါဘူးယွန်းစံ ဒါပေမယ့် မင်းကိုစကားလေးတစ်ခွန်းတော့ လက်ဆောင်ပေးလိုက်ချင်တယ်"

"ပြောကြည့်ပါဦး..."

"ပရိယာယ်မရှိတဲ့ ရင်ဆိုင်မှုတွေဟာ ကျဆုံးတတ်တယ်"

"ဟား...ဟား...ဟား...ထားလိုက်ပါလေ...ငါ့အတွက်တော





ရက်စက်ခြင်းအတွက် အကြင်နာမဲ့တတ်ဖို့ပဲ လိုအပ်တယ်"

ဒီစံတို့ရဲ့စကားလေးသတ်မှတ်ထားသည့်ဟိုတယ်ဝန်းထဲသို့ ဝင်ရောက်လာပြီဖြစ်၍စကားဆက်ပြီးမပြောတော့ဘဲ ဟိုတယ်ရှေ့တွင် ကားကိုထိုးရပ်လိုက်သည်နှင့်...အမျိုးသမီးတစ်ဦးထွက်လာပြီး...

"စံ(၃)ယောက်လား"

"ဟုတ်တယ်"

"မင်းတို့အတွက်အခန်းတွေအားလုံးစီစဉ်ထားတယ်...ငါနဲ့ လိုက်ခဲ့..."

ထိုအမျိုးသမီးခေါ်ဆောင်သည့်နောက်သို့လိုက်ခဲ့ရင်း...

"ခုအရင်စားကြပြီးမှ နားကြမလား"

"ကောင်းတာပေါ့...ဗိုက်ကဆာနေပြီ"

မိုးစံက အစားအသောက်နှင့် ပတ်သက်လျှင် သူတို့သုံး ယောက်ထဲတွင် အကဲဆုံးဖြစ်သည်။

"ဒါဆို ငါစီစဉ်လိုက်မယ်"

စားပွဲဝိုင်းတစ်ခုတွင် ထိုင်ပြီးစောင့်နေလိုက်ကြသည်။

"ကြာလိုက်တာဟာ..."



www.burmeseclassic.com

www.burmeseclassic.com



"မိုးစံ နင်အစားအသောက်ကို ဆင်ခြင်နော်"

"ဘာလို့ဆင်ခြင်ရမှာလဲ စားစရာရှိရင် စားရမှာပဲ ဘုရားသခင်ကအစာအိမ်ကို ထည့်ပေးထားတာ အလှပြဖို့မှ မဟုတ်တာ အစားအသောက်တွေထည့်ထားဖို့ပေါ့"

"အစားတစ်လုတ်ကြောင့်ဒုက္ခရောက်ရတဲ့ လူတွေရှိတယ်နော်"

"ရောက်ရောက် မိုးစံဆိုတဲ့ကောင်မကတော့ စားရမယ်ဆိုစားရမှ"

ဟိုတယ်ဝန်ထမ်းကောင်လေးနစ်ယောက်မှအစားအသောက်တွေကို လာပြီးချပေးလေပြီ...

သူတို့ကို စောင့်ကြိုနေသည့် အမျိုးသမီးကြီးပြန်ပြီးရောက်လာကာ...

"စားကြကွဲ့ ဒီဟိုတယ်က အစားအသောက်နဲ့ ပတ်သက်ရင်ထိပ်ပဲ"

ယွန်းစံနှင့် ဒီစံကတော့ ခရီးပန်းလာသည့် ဒဏ်ကြောင့်သိပ်ပြီးမစားနိုင်ပေမယ့် မိုးစံကတော့ ခေါင်းမဖော်...





စားသောက်ပြီး၍ အရှိုပွဲစားသောက်ချိန်ရောက်မှ...

"အန်တီနာမည်က ကနက်သခင်"

"ဟင်"

ကနက်သခင် အကြောင်းကို သူတို့စံအိမ်ကြီးတွင် ကြားဖူးပေမယ့် လူကိုတော့ ခုမှတွေ့ဖူးကြသည်။

ရက်စက်သည့်နေရာတွင်စီးကရက်သောက်မပျက်တတ်သော ကနက်သခင်ပင် ...

ဒီလောက်ရက်စက်မှု သရဖူကို ဆောင်းထားသော ကနက်သခင်မျက်နှာတွင် သိုးလေးတစ်ကောင်လို သိမ်မွေ့ပြီး ပြုံးနေသည်ကို ယွန်းစံကြည့်ပြီး ပြုံးတတ်ခြင်းအပေါ် နားလည်သလိုဖြစ်သွားလေ၏။

"မင်းတို့ စားသောက်လို့ပြီးပြီဆိုရင် စကားပြောမယ်"

"ဟုတ်ကဲ့"

"ယွန်းစံ...မင်းက ရထားနဲ့ခရီးဆက်ရမယ်"

"ဟုတ်"

"မိုးစံ မင်းကတော့ လေယာဉ်လမ်းကြောင်းနဲ့ သွားရမယ်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစံ ကတော့ ကားနဲ့ပဲ ဆက်ပြီးသွားပါ"

"အန်တီ သခင်..."

"ဘာများလဲ ဒီစံ"

"ကျွန်မကို ကားပြောင်းပေးပါလား"

"ဘာလို့လဲ"

"ဒီကားကို ရှဲဒိုးပါလာနိုင်တယ်၊ လမ်းမှာလူရှင်းပွဲလေးလု
ခဲ့ရလို့..."

"အန်တီသဘောပေါက်ပြီ၊ စိတ်ချ ကားလဲပေးလိုက်မေ
ကိုယ့်ကိစ္စ မအောင်မြင်ခင်မှာ ခုလိုလုပ်ခဲ့တာမျိုးကိုရှောင်ကြ... ေ
သာတော့မှသာ အသက်ကိုနှုတ် နောက်တစ်ခါ မဖြစ်စေနဲ့နော်..."

"ဟုတ်ကဲ့ပါ သခင်မ"

ယွန်းစံနှင့် မိုးစံတို့ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ ခေါင်းေ
တွေငုံ့လျက်နေကြတော့သည်။

■ ■ ■



# အခန်း (၃)

ထိပ်ထား...

မင်းတို့ဝိညာဉ်တွေကို မကြာခင် စံအိမ်တော်ကြီးကို
သယ်ဆောင်ပြီး ရာဇဝင်ကြွေးတွေ အတွက်ပွဲတော်ပွဲကြီး
တစ်ခုကို ပြုလုပ်မယ်
မင်း မြေလျှိုးလို့ မိုးပျံနိုင်ရင်တော့ မင်းအတွက် ကံကောင်း
နိုင်မှာပါ...မင်းကို (၁) ပတ် ပြင်ဆင်ခွင့်ပေးမယ်...

စံသခင်...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

ထိပ်ထား... အနီရောင်စာအိတ်ဖြင့် အိမ်ရှေ့တံခါးဝတွင် နှင်းဆီပန်းပွင့် တွေနှင့် ပို့လိုက်သောစာကို ခြံစောင့် ဦးဘလေးမှ လာပြီးပေးခဲ့သည်ကိုဖတ်ကြည့်ခြင်းဖြစ်သည်။

စံသခင် ဆိုသည်မှာ မနော်ဟယ်ရီဆိုသည်ကို သိလိုက်ရပြီး ထိပ်ထားဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

မနော်ဟယ်ရီ၏ရက်စက်မှုတွေကို ထိပ်ထားသိထားသူဖြစ်သည်။ တယ်လီဖုန်းရှိရာသို့သွားပြီး...သူငယ်ချင်း ခင်မမကို လှမ်းပြီးခေါ်လိုက်ရသည်။

ထိပ်ထားအတွက် အားကိုးစရာသည် ခင်မမတစ်ယောက်သာရှိသည်။ သူက ထိပ်ထားနှင့်ငယ်ပေါင်းတွေဖြစ်သလို မနော်ဟယ်ရီနှင့် ဖြစ်ပျက်ခဲ့သော ရာဇဝင်ဟောင်းကို သိထားသူဖြစ်သည်။

သိပ်မကြာ...ခင်မမကားလေးဖြင့်ရောက်လာသည်။ ထိပ်ထား မနော်ဟယ်ရီပေးလိုက်သောစာကိုထုတ်ပြလိုက်တော့မှ...

"ဟယ်...ဟယ်ရီမသေဘူးပေါ့..."

"ဟုတ်တယ် ဟယ်ရီမသေလို့ ငါ့ဆီကို ဒီစာပို့ပေးလိုက်တာ





လေ..."

"အနှစ်(၂၀)လောက်ပျောက်နေတာအံ့ဩစရာပဲ... နင် ဘယ်လိုလုပ်မလဲထိပ်ထား..."

"ငါဘာလုပ်ရမှန်းမသိလို့နင့်ကိုခေါ်လိုက်တာပေါ့..."

"သက်ဆိုင်ရာကို အကြောင်းကြားပြီး အကူအညီတောင်းရင်ရော..."

"ဟာ မဖြစ်ဘူး...မဖြစ်ဘူး တော်ကြာ နောက်ကြောင်းတွေပါ မေးကုန်ရင် ခက်မယ်ဟာ..."

"ဒါဖြင့် နင်ရှောင်ပုန်းနေပါလား"

"ဟယ်ရီက ငါဘယ်လောက်ထိပုန်းပုန်း လွတ်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ့ဘေးမှာ သူ့ရဲ့လူတွေ ဘယ်လောက်ရှိနေသလဲဆိုတာ မသိနိုင်ဘူးလေ..."

"ဟုတ်တယ်...ဟုတ်တယ်ဟယ်ရီဆိုတဲ့ကောင်မက ရက်စက်တဲ့နေရာရော...ဘာပဲလုပ်လုပ် ပိရိသေသပ်စွာလုပ်တတ်တယ်...နင့်ကိုလုပ်ကြံဖို့အတွက် သူ့ဘက်က ဘယ်လောက်ထိ ကြိုးပြီး ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားသလဲမပြောတတ်ဘူး..."

"ဒါဘာလုပ်ရင်ကောင်းမလဲ"

"သက်ဆိုင်ရာကို အကူအညီမတောင်းဘူးဆိုရင် နင့်ကို ကာကွယ်ပေးနိုင်တဲ့လူတစ်ယောက်ကိုရှာမှဖြစ်မယ်"

ထိပ်ထားခေါင်းထဲတွင် ရတုပိုင်ဆိုသောလူငယ်လေးကိုမြင်ယောင်လိုက်မိသည်။ ဒါပေမယ့် ရတုပိုင်သည် သူ့ကိုကာကွယ်ပေးနိုင်သည့်အရည်အချင်းမရှိလျှင်ခက်မည်။ ပြီးတော့ သူ့လုံခြုံရေးတစ်ခုတည်းအတွက်မဟုတ်၊ သူ့ဘဝကိုမဖောက်ပြန်သောစိတ်ဓာတ်လေးလည်းရှိသူဖြစ်ရမည်။

"ဒါပြောတာ ဘယ်လိုသဘောရလဲ"

"ဟုတ်တယ်... ငါဒီအစီအစဉ်ကိုကြိုက်တယ်"

"ဒါဖြင့် လူရှာဖို့ရော.. ဘယ်လိုစဉ်းစားထားလဲ"

"ငါ..လူတစ်ယောက်ကိုတော့ တွေ့ထားတယ်၊ ဒါပေမယ့် ငါ အားကိုးလောက်တဲ့ အရည်အချင်း ရှိမရှိဆိုတာတော့ လေ့လာရဦးမယ်"

"ထိပ်ထား... နင့်ကို ဟယ်ရီအချိန်ပေးထားတာ (၇)ရက်ထဲ





...လေ့လာတယ်ဆိုတာ (၇)ရက်ထဲနဲ့မပြည့်စုံနိုင်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"စမ်းသပ်ရမယ်"

"ဟင်... စမ်းသပ်ရမယ် ဟုတ်လား"

ဘယ်လိုစမ်းသပ်ရမလဲဆိုသည်ကိုခင်မမက ပြောပြလေ၏။

"နင်ပြောသလို ကောင်းတယ်ဟာ"

"ဪ... ထိပ်ထား၊ နင့်အစ်ကိုနှစ်ယောက်ဆီရောဒီလိုခြိမ်းခြောက်စာတွေရောက်လာပြီလားဆိုတာ မေးကြည့်ဦး"

"ငါထင်ပါတယ်၊ ခုလောက်ဆို ရောက်လောက်ပြီ"

"ဟယ်ရီဟာ တကယ့်ကို အငြိုးကြီးကြီးနဲ့ လက်တုံ့ပြန်မယ့် ...ပဲ ထိပ်ထား"

"အင်းလေ.. သူ့ဘက်ကအရမ်းကို နာကြည်းစရာဖြစ်ခဲ့တာ ...း"

"ဖြစ်ပျက်ခဲ့တဲ့ကိစ္စထဲမှာ ထိပ်ထားနင်က အချောင် ဟယ်ရီ ...နှုန်းကို ခံခဲ့ရတာပါ"

"အချောင်မဟုတ်ပါဘူးဟာ၊ ငါကိုယ်တိုင်က ဟယ်...ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းကောင်းမပီသခဲ့ဘူး"

ထိပ်ထား... ဟယ်ရီနှင့်ပတ်သက်ပြီး အတိတ်ကိုတွေးကာ ရင်ထဲမှာ မွန်းကျပ်စွာဖြင့် စိတ်မကောင်းဖြစ်မိသည်။

ထိပ်ထားနားထဲတွင် ယနေ့တိုင်ကြားနေရသော ဟယ်ရီ၏ အော်ခေါ်သံလေးကိုကြားယောင်နေဆဲ...

"ထိပ်ထား...ငါ့ကိုကယ်ပါဟာ...ရေတွေတက်လာပြီ...သူငယ်ချင်း...ကယ်ပါ...ကယ်ပါ...ထိပ်ထား"

"ဟယ်ရီရယ်...ငါ့ကိုခွင့်လွှတ်ပါ...ခွင့်လွှတ်ပါ..."

■ ■ ■



# အခန်း (၄)

ရတုပိုင်မိခင်ကြီးဆေးရုံပေါ်က ဆင်း၍ကျန်းမာရေးကောင်းမွန်နေပြီဖြစ်သည်။

ရတုပိုင်တစ်ယောက်မိခင်ကြီးနှင့်သူ့ဘဝအတွက်ဒေါ်မြစ်ထိပ်ထားကို ကျေးဇူးရှင်တစ်ဦးအဖြစ် ဘဝမှတ်တမ်းထဲတွင်ရေးထိုးခဲ့ရပြီ မဟုတ်လား။

မိခင်ကြီးအသက်ကို ငွေနှင့်ဆက်ပြီး ကယ်တင်နိုင်ခဲ့ခြင်းသည်သူ၏ငွေကြေးတစ်ပြားတစ်ချပ်မှ မပါခဲ့ပေ။

ထမင်းတစ်လုတ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းတွင် အလုပ်ကြမ်းတစ်ခုကို ဝင်လုပ်ပြီး သားအမိနှစ်ယောက်ဘဝကိုရပ်တည်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



*ဘဲ့ရတစ်ယောက်ဆိုပေမယ့်လက်ရှိကာလမှာတော့ဘွဲ့တွေ*ကိုဘေးတွင်ချထားပြီး ထမင်းမငတ်အောင်နှင့် မိခင်ကြီး နားနားနေနေ နေနိုင်ဖို့အတွက် ကြုံရာအလုပ်ကို ရတုပိုင် ရွေးချယ်ရတော့မည်ဖြစ်သည်။

ဒါဟာ ဘဝ၏ပြဿနာ်းချက်တစ်ခုပင်…. ရွေးချယ်ပိုင်ခွင့်မရှိသော ဘဝမှာ ဘာကိုမှ ရွေးချယ်နေ၍မရနိုင်ပေ။

"သားရေ…ရပြီ"

"ဟုတ်ကဲ့"

သူ့အလုပ်အတွက် ထမင်းချိုင့်လေးကို အမေဖြစ်သူက ပြင်ဆင်ပြီး သူ့ရှေ့တွင်ချပေးထားသည်။

"မေမေ…ဆေးရော ဆက်ပြီးသောက်ရဲ့လား"

"သောက်ပါတယ်ကွယ်"

"ရောဂါသက်သာတယ်ဆိုပြီး ဆေးကိုရပ်မပစ်လိုက်နဲ့နော်၊ တစ်ခါတည်းအကင်းပျောက်သွားအောင်လုပ်မေမေ…"

"ရောဂါဆိုလို့ ဟိုကျေးရွာရှင်မလေးတစ်ယောက်လည်း မလာတော့ဘူးလား"





"မေမေရယ်… သားတို့လိုနေရာမျိုးကို ဘာအကြောင်းကြောင့်မှ ရောက်ဘဲလာပါ့မလား၊ မေမေ့ကျန်းမာရေးက ကောင်းနေပြီဆိုတာကို သိသွားပြီပဲ၊ လာစရာမရှိတော့ဘူးလေ"

"သားလေး…"

"ဗျာ…မေမေ"

"ကျေးဇူးတရားပေါ်မှာတော့ တန်ဖိုးထားပါကွယ်…ကိုယ့်အက်ကတုံ့ပြန်တဲ့အခါမှာလည်း စေတနာမေတ္တာအပြည့်နဲ့ တုံ့ပြန်ပေးပါကွယ်"

"ဟုတ်ကဲ့"

ထမင်းချိုင့်လေးကိုကောက်ယူလိုက်ပြီး အိမ်အပြင်သို့ထွက်သည်အပြူ…

"ဂူး…ကျို…"

"ဟင်…"

အိမ်ရှေ့တွင် ကျေးရွာရှင် ထိပ်ထား ကားလေးထိုးရပ်လာသည်ကိုတွေ့လိုက်ရသည်။

"ရတုပိုင်က ထမင်းချိုင့်နဲ့ အလုပ်သွားမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမထိပ်ထားအိမ်ပေါ်တက်လေ"

"မမက ရတုပိုင်ကို ကိစ္စလေးတစ်ခုပေါ်လာလို့ လာပြီးခေါ်တာ၊ ရတော့ ခက်နေပြီ"

"ကျွန်တော့်အလုပ်က ကိုယ်ဆင်းမှ ကိုယ်ရတဲ့အလုပ်ပါ မဆင်းလို့ ဘာမှမဖြစ်ပါဘူး"

"ဒါဆိုလဲ မမနဲ့အပြင်ကိုလိုက်ခဲ့လို့ရတယ်ပေါ့"

"ရပါတယ် မမထိပ်ထား"

ထိပ်ထားမှ ရတုပိုင် မိခင်ကြီးအတွက် စားစရာမုန့်တွေကိုင်ပြီးအိမ်ပေါ်ကိုတက်ကာ၊ ရတုပိုင် မိခင်ကြီး ဒေါ်ရီလေးနှင့် စကားပြောဆိုနေလေသည်။

"ဒေါ်လေး...သားကို သမီးခဏခေါ်သွားမယ်နော်"

"ခေါ်သွားပါကွယ်"

"ရတုပိုင် ဒေါ်လေးဆီက ခွင့်ပန်ပြီးပြီ... သွားကြရအောင်"

အလုပ်ကို ယူသွားမည့်ထမင်းချိုင့်လေးကို နောက်ဖေးတွင် ပြန်ထားပြီး ထိပ်ထားခေါ်ဆောင်သည့်နောက်ကိုလိုက်ခဲ့လေသည်။

ဘယ်ကိုခေါ်သွားမည်ဆိုသည်ကိုတော့ မမေးမိပေ။





"မမအရောင်းအဝယ်ကိစ္စလေးတစ်ခု ချိန်းထားတယ်၊ အဲဒီကို မမ တစ်ယောက်တည်း သွားရမှာ မသင့်လို့ ရတုပိုင်ကို ဝင်ပြီး ခေါ်ရတာ၊ အရောင်းအဝယ်ဆိုတာ တခြားကုန်ပစ္စည်းရောင်းဝယ်တာမျိုးဆိုရင်တော့ သိပ်ပြီး ပြဿနာမရှိလှပါဘူး၊ ခုဟာက ရတနာပစ္စည်း ရောင်းဝယ်ရေးဆိုတော့ ကိုယ့်ဘက်က သတိရှိဖို့လိုတယ်လေ၊ ဒါကြောင့် ရတုပိုင်နဲ့ အဖော်လုပ်ပြီး သွားရတာပါ"

ထိပ်ထားပြောသမျှကိုခေါင်းလေးညိတ်ပြီးလိုက်ပါလာခဲ့သည်။ ထိပ်ထားနှင့်ပတ်သက်ပြီးရတုပိုင်အနေဖြင့် ဘယ်လိုကိစ္စမျိုး ပေါ်ပေါက်လာပါစေ ရင်ဆိုင်ပေးဖို့ဝန်မလေးပေ...

ထိပ်ထားမောင်းလာသောကားလေး ခြံလေးတစ်ခုထဲသို့ မောင်းဝင်လာပြီး တစ်ထပ်တိုက်ပုလေးရှေ့တွင်ရပ်လိုက်သည်။

"ရတုပိုင်"

"ပြောပါ...မမထိပ်ထား"

"ဟိုအိတ်ကိုဆွဲယူခဲ့ အဲဒီထဲမှာငွေတွေပါတယ်"

"ဟုတ်ကဲ့"

ထိပ်ထားပြောသည့်အတိုင်း ငွေအိတ်ကိုသိုင်းလွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်မှလိုက်ကာဝင်ခဲ့လေသည်။

"ထိပ်ထားရောက်ပြီဆိုတော့စကားပြောကြရအောင်..."

အသက်ခပ်ကြီးကြီး အရပ်ပုပုလူတစ်ယောက်က ထိပ်ထ

ကိုဖိတ်ခေါ်လိုက်ပြီး ဘေးတွင်ငနဲ့သုံးကောင်က ရပ်လျက်...

"ရှင့် ပစ္စည်းပြပါဦး"

"ရော့..."

ယွန်းသေတ္တာဘူးလေးကိုထုတ်ပေးလိုက်သည်။

ထိပ်ထား ယွန်းသေတ္တာဘူးကို ဖွင့်ပြီးအထဲမှအနီရော

ကျောက်လေးကိုသေသေချာချာကြည့်ပြီး...

"ရှင်တို့ပစ္စည်းကအရည်အသွေးမမီဘူး...သာမန်ကျော

တုံးလေးပဲ"

"ဘာပြောတယ်ထိပ်ထားမင်းသက်သက်စျေးကွက်ရိုက

လား...ငါ့ပစ္စည်းကမိုးကုတ်ထွက်ကွ"

"ရှင့်ပစ္စည်းမိုးကုတ်မကလို့နတ်ပြည်ကပဲထွက်ထွက်ကျ

မကြိုက်ဘူး...ရတုပိုင်ပြန်ရအောင်..."

"ဟားဟားဟား... မိုးကြိုးပိုင်နက်ထဲကနေ လွယ်လွယ





လေး ထွက်လို့ရမလား ထိပ်ထား"

"ရှင့်စကားက ဘာလဲ"

"မင်းပါလာတဲ့ငွေထုပ်လေး ထားခဲ့ဖို့ပြောတာ"

"ဘာပြောတယ်...ဒါ...ရှင် သက်သက်အကောက်ကြံတာပဲ"

"မင်းထင်ချင်သလို ထင်နိုင်ပါတယ်"

"မပေးနိုင်ဘူး..."

"ရှောက်..."

"ဟင်..."

မိုးကြိုးသေနတ်ထုတ်ပြီး ချိန်ထားလိုက်သည်။

"ကျည်ဆန်နဲ့စကားမပြောချင်ဘူး ထိပ်ထား..."

"တောက်...ရတုပိုင်...ပေးလိုက်"

ရတုပိုင် အခြေအနေကို မျက်တောင်မခတ်ဘဲကြည့်ကာ ဘာလုပ်ရမည်ဆိုသည်ကို ဆုံးဖြတ်ပြီး သိုင်းလွယ်ထားသည့်အိတ်ကို ပခုံးထက်မှဖြုတ်ပြီး...

"ရော့...ယူကွာ"

"ဖြောင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်..."

ရတုပိုင်...ငွေအိတ်ဖြင့်သေနတ်ကိုင်ထားသည့် လက်ကို ရိုက်ချပြီး မိုးကြိုးမျက်နှာကို ဒူးပုံနှင့်တိုက်ချလိုက်သည်။

မိုးကြိုး...ကြမ်းပြင်ပေါ်တွင် နောက်ပြန်လဲသွားပြီး နောက်မှ သုံးကောင် ဓားမြှောင်၊ တုတ်၊ ဓားရှည်ကိုယ်စီဖြင့် ပြေးဝင်ပိုင်းရုတ်ကြ သည်ကိုရှောင်တိမ်းရင် ဓားမြှောင်သမားကိုမြန်မာ့လက်ဝှေ့ကြိုးဝိုင်း ထဲကလိုနစ်ဆင့် ဒူးပုံနှင့်တိုက်ချရပြန်သည်။

"ကဲ...သေပေတော့"

ဓားရှည်ကိုင်ထားသူ၏ဓားပိုင်းချက်ကိုကပ်ရှောင်ပြီး အရှိက် ဆီသို့ ညာဖြောင့်လက်သီးတစ်လုံး ထိုးသွင်းလိုက်ရသည်။ သုံး ယောက် တော့ ကြမ်းပြင်မှာ မလှုပ်မယှက်...

"ရတုပိုင်..."

"ဟာ..."

"ဟော့ကောင်...မင်းမလှုပ်နဲ့နော်၊ ဒီမှာတွေ့လား"

ထိပ်ထားကို ဓားဖြင့်ထောက်ကာ ဓားစာခံလုပ်ထားသည်။

"မင်း...ငွေလိုချင်တာမဟုတ်လား"





"ဟုတ်တယ်...မင်းရှေ့ကငွေအိတ်ကိုကောက်ယူပြီးငါ့ကိုပေး"

"ရပါတယ်... မင်း...မမထိပ်ထားကိုတော့ ငွေအိတ်ရတာနဲ့ ပြန်ပြီးလွှတ်ပေးရမယ်..."

"စိတ်ချ..."

ရတုပိုင် ငွေအိတ်ကို လှမ်းကောက်ရင်း ငွေအိတ်ဘေးတွင် ကျနေသော ဓားမြှောင်ကိုပါ အိတ်နှင့်ရောပြီးကောက်ကာ...

"ရော့...ငွေအိတ်"

ငနဲသားက ငွေအိတ်ကို လှမ်းယူလိုက်သည်နှင့်...

"ဝိုး..."

"ဒုတ်..."

"အား..."

ငနဲသားလက်ဆီသို့ဓားမြှောင်စိုက်ဝင်သွားပြီး ထိပ်ထားရှန်း ထွက်နိုင်တော့မှ ခုန်ပြီး မျက်နှာကို ထိုးချလိုက်သည်။

ခုတော့ (၄)ယောက်လုံး ဘာစကားကိုမှ မဆိုနိုင်တော့ဘဲ ကြမ်းပြင်ပေါ်မှာ မှောက်နေလေသည်။

"မမထိပ်ထားသွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး..."

ကားပေါ်သို့ပြန်တက်ပြီးမောင်းထွက်လာခဲ့သည်။

"ရတုပိုင်က ဘယ်ဆိုးလို့တုန်း၊ လက်စွမ်းထက်သားပဲ၊ ထိုးဟန်တွေကမြန်မာ့လက်ဝှေ့ပညာနဲ့တူတယ်"

"ဟုတ်တယ် မမထိပ်ထား၊ မြန်မာ့လက်ဝှေ့ကို ကျွန်တော်ငယ်ငယ်လေးတည်းက မြန်မာ့လက်ဝှေ့ဆရာကြီး တစ်ဦးဆီမှာသင်ကြားခဲ့တာလေ၊ တစ်ခါမှတော့ ကြိုးဝိုင်းထဲမှာ မထိုးဖူးပါဘူး၊ ကိုယ့်အတွက် သက်လုံကောင်းအောင်လို့ပါ"

"ဓားပေါက်လည်း ကောင်းသားပဲ"

"ဒါကတော့ ထောင်ထဲမှာ ဓားပေါက်ဝိဇ္ဇာတစ်ဦးဆီက သင်ယူခဲ့တာပါ"

"ရတုပိုင် ဘာလို့ထောင်ကျသွားတာလဲ၊ လူသတ်မှုဆို"

"ဟုတ်ပါတယ်၊ ရန်ငြိုးရန်စကြောင့်တော့မဟုတ်ပါဘူး၊ မိန်းကလေးတစ်ယောက်ကိုအမူးသမား (၃)ယောက်က ရမ်းကားနေတာကိုဝင်ပြီးကူညီရင်း အရက်သမားတစ်ယောက်သေဆုံးခဲ့တယ် ဒါကြောင့် ထောင်ကျသွားခဲ့တာပါ"





"အေးကွယ်..ကြားရတာ စိတ်မကောင်းပါဘူး၊ ကိုယ့်ကြောင့်မဟုတ်ဘဲ တခြားသူကို ကူညီရင်း ဖြစ်တာဆိုတော့ ဘယ်လိုအပြစ်ပြောလို့ရမှာလဲလေ..၊ ဒါနဲ့ ခု ဘာအလုပ်လုပ်နေလဲ"

"ဆောက်လုပ်ရေးတစ်ခုမှာ အလုပ်ကြမ်းဝင်ပြီးလုပ်နေတယ်"

"ရတုပိုင်က ဘွဲ့ရပြီးသားနော်"

"ဟုတ်ပါတယ် အင်္ဂလိပ်စာနဲ့"

"တခြားအလုပ်ကို ရှာပါလားကွယ်"

"ရှာကြည့်ပါတယ်၊ ဘယ်မှာမှ မရဘူးလေ၊ မရဘူးဆိုတာနဲ့ ထိုင်နေလို့မဖြစ်တာမို့၊ ရတာကိုပဲ လုပ်နေရတာပါ"

"ရတုပိုင်..."

"ပြောပါ မမထိပ်ထား"

"မမအလုပ်တစ်ခုပေးရင် လုပ်မှာလား"

"အလုပ်ဆိုရင် ဘာမဆိုကျွန်တော်လုပ်ပါ့မယ်"

"ကောင်းပြီ..မမ မကြာခင် စီစဉ်ပေးမယ်၊ မနက်ဖြန်ကစပြီး ဆောက်လုပ်ရေးအလုပ်ကို သွားပြီးမလုပ်နဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

"မမ...ရတုပိုင်ကိုလာပြီးခေါ်မယ်...စောင့်နေ"

"ဟုတ်ကဲ့..."

ရတုပိုင် ဘက်က ငြင်းစရာမလိုသောကိစ္စကို ခေါင်းညိတ်နံ့ ကလွဲပြီး ဘာမှလုပ်စရာမရှိတော့ပေ...။

■ ■ ■



## အခန်း (၅)

ဒီစံ တောင်ကြီးကိုရောက်သည်မှာ (၃)ရက်မြောက်ခဲ့ပြီ။

ဒေါ်မြစံထိပ်ထား နေထိုင်သော အိမ်ကြီးနှင့်အနီးဆုံးနေရာ တစ်ခုတွင် အိမ်ကလေးတစ်လုံး ငှားရမ်းပြီးနေထိုင်ခဲ့သည်။

ဒီစံဘက်က ဒေါ်မြစံထိပ်ထားကို သတ်ဖြတ်ဖို့ လုပ်ဆောင် ရမည်ဆိုလျှင် ရနိုင်သောအချိန်ဖြစ်ပေမယ့် သခင်မကြီးက (၇)ရက် တိတိ ဘာမှမလှုပ်ရှားဖို့ကို မှာလိုက်ပြီး သခင်မကြီးဘက်မှ အရုက်ပြ ပြီဆိုသည်နှင့် စတင်ပြီးလှုပ်ရှားရမည်ဖြစ်သည်။

ဒေါ်မြစံထိပ်ထားနှင့် သခင်မကြီးကြားတွင် ဘယ်လိုအငြိုး အတေးမျိုးရှိခဲ့သည်ကို ဒီစံ မသိပေ။

သူ့တာဝန်က ခိုင်းသည့်အတိုင်းလုပ်ဖို့ပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစံ ငှားရမ်းနေထိုင်သော အိမ်ကလေးတွင် အခေါ်ကြီးတစ်ယောက်ကိုတော့ ခေါ်ထားပြီး သူ့ကိုယ်သူ စာရေးဆရာမအသွင်ဖြင့် ဟန်ဆောင်ပြီးနေထိုင်လေသည်။

တစ်ယောက်တည်းနေ၍ဖြစ်ပေမယ့် ပတ်ဝန်းကျင်က တစ်မျိုးမြင်နိုင်ခြင်းမျိုးမဖြစ်ရအောင် ဒေါ်လေးချစ်ဆိုသူကို ခေါ်ထားခြင်းပင်ဖြစ်သည်။

"သမီးလေး... နိုးပြီလား"

"ဟုတ်ကဲ့ ဒေါ်လေးချစ်.. ဈေးက ပြန်လာတာလား"

"ဟုတ်တယ်ကွဲ့"

"လက်ထဲက ဘာထုပ်တွေလဲ"

"ထဘီနဲ့အကျီ်ပါ၊ ဟို ထိပ်ထားလေးက ဒေါ်လေးချစ် ဥပုသ်လေးဘာလေးသွားရင် ဝတ်ဖို့ဆိုပြီး ယောဂီထဘီ နဲ့အကျီ်အဖြူလေးကိုပေးလိုက်တာပါ"

"ထိပ်ထား.."

ဒီစံ့ရင်ထဲတွင် ပဲ့တင်ရိုက်ခတ်သွားသည်။

"ထိပ်ထားဆိုတာ ဘယ်သူလဲ"





"သမီးရယ်..ဟော်ဟိုက လှမ်းပြီးမြင်နေရတဲ့ တိုက်အိမ်ကြီးက မြစံထိပ်ထားလေးကိုပြောတာ"

"ဪ.."

"သိပ်ပြီး သဘောကောင်းသလောက် နှလုံးသားဖြူစင်တဲ့ မိန်းကလေးပါကွယ်၊ သူတော်ကောင်းမလေးပါ"

"ဘာလဲ..ဒေါ်လေးချစ်ကို ဝယ်ပေးတာနဲ့ သူတော်ကောင်းမလေး ဖြစ်သွားတာလား"

"မဟုတ်ရပါဘူး၊ ထိပ်ထားလေးကြောင့် ဒေါ်လေးချစ်တို့လို လူတွေ အများကြီး ထမင်းလေးကို နပ်မှန်အောင်စားသောက်နေကြရတာ"

"ဒေါ်လေးချစ်စကားကို ကျွန်မ သိပ်ပြီးမရှင်းဘူး"

"ဒီလိုသမီးရဲ့ ဒေါ်လေးချစ်တို့နေထိုင်တဲ့ ဆင်းရဲသားရပ်ကွက်ထဲမှာ အလုပ်မည်မည်ရရမရှိလို့ ဒုက္ခရောက်နေသူတွေကို ထိပ်ထားလေးက သူ့လိမ္မော်ခြံမှာ အလုပ်လည်းပေးနေစရာလည်းပေးထားပြီး မိသားစုတွေရဲ့သားသမီးတွေအတွက် ပညာရေးကျွန်းမာရေးတွေပါ တာဝန်ယူပြီးလုပ်ကိုင်ပေးနေသူလေ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထိပ်ထားနှင့် ပတ်သက်ပြီး ကြားခဲ့ရသည့် သမိုင်းကြောင်းလေးကြောင့် ဒီစံတွေဝေသွားလေသည်။

သူ့စိတ်ထဲတွင် တကယ်လို့များ ထိပ်ထားသာ သူသတ်ရှဲသေသွားလျှင် သူမကိုမှီခိုနေရတဲ့ လူတွေရဲ့ဘဝက ဘယ်လောက်ထိ နာရောက်သွားမလဲ...

"ဟူး..."

ဒီစံခေါင်းကိုခါ သက်ပြင်းပူကိုချပြီး...

စံအိမ်ထဲက လူတွေရဲ့နှလုံးသားမှာ ကြင်နာခြင်းတွေ၊ သနားခြင်းတွေ မရှိစေရဘူး...ရက်စက်ရမယ်...သတ်ရဲရမယ်...

"သမီးလေး..."

"ဟင်...ဒေါ်လေးချစ်"

"ဘာတွေတွေးပြီး မျက်နှာလေးညှိုးသွားတာလဲ"

"ဘာ...ဘာမှမဟုတ်ပါဘူး ကိစ္စလေးတစ်ခုကိုစဉ်းစားမိသွားလို့ပါ"

"သြော်...ဒေါ်လေးချစ်မနက်စာသွားပြီးချက်လိုက်ဦးမယ်ကွယ်





"ဟုတ်...ဟုတ်ကဲ့"

ဒေါ်လေးချစ်ဝင်သွားပြီး ဒီစံ တစ်ယောက်တည်းကျန်ကာ အဝေးဆီမှ ဒေါ်မြစံထိပ်ထား၏ တိုက်ကြီးကို ငေးကြည့်နေမိသည်။

သခင်မကြီးဘာလို့ ဒီလောက် နှလုံးသားလှသည့်လူတစ်ယောက်ကိုသတ်ခိုင်းရသလဲဆိုသည်ကို နားမလည်နိုင်တော့ပေ...

ဒေါ်မြစံထိပ်ထားကရော သခင်မကြီးအပေါ်မှာ ဘယ်လိုအပြစ်တွေကို ကျူးလွန်ခဲ့သလဲ...

"ဟူး..."

အတွေးစတွေကခေါင်းထဲတွင် ရှုပ်ထွေးစွာဖြင့် ရှိနေသောကြောင့်ဆက်ပြီး မစဉ်းစားတော့ဘဲ အပြင်သို့လမ်းထွက်လျှောက်ခဲ့သည်။

"ဟယ်...အမလေး...ဒေါ်လေးချစ်လုပ်ပါဦး..."

ဒီစံခြေထောက်တွင် မျော့တစ်ကောင်တွယ်ကပ်နေသဖြင့် ထခုန်ပြီး အော်လိုက်မိသည်။

"ဘာ...ဘာဖြစ်တာလဲသမီးလေး"

"ဒီမှာ မျော့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ့်တော်..."

ဒေါ်လေးချစ်လည်း မျော့ကို ကြောက်သည့်သူဖြစ်နေတော့ အခက်တွေ့နေလေသည်။ ဒီစံဘယ်လောက်ပဲ သတ္တိကောင်းသူဖြစ်ပေမယ့် မျော့ကိုတော့ အရမ်းကြောက်သူဖြစ်သည်။

"ဒေါ်လေးချစ်ရယ် လုပ်ပါဦး..."

"ငါ...ငါလည်း မဖြုတ်ရဲဘူး...နေဦး..."

ဒေါ်လေးချစ် ခြံအပြင်ဘက်သို့ အကူညီတောင်းရန်လှမ်းပြီး ကြည့်တော့ လူရွယ်တစ်ဦးကို လှမ်းတွေ့လိုက်ရပြီး...

"မောင်ရင်လေးရယ်...ခဏလောက်ကူညီပါဦး..."

လူရွယ်က ခြံလေးထဲသို့ဝင်လာပြီး...

"ဘာကူညီရမှာလဲ ဒေါ်လေး"

"ဟို...ခြေထောက်က မျော့...မျော့..."

လူရွယ်က သဘောပေါက်ပြီး ဒီစံခြေဖမိုးပေါ်က မျော့ကိုဖြုတ်ယူပြီး အဝေးကို လွှင့်ပစ်လိုက်သည်။

"ကျေး...ကျေးဇူးပဲ အစ်ကို..."

"ရပါတယ်ဗျာ...ဒါပဲမဟုတ်လား"





"ဟုတ်ကဲ့"

လူရွယ်က ခပ်ပြုံးပြုံးလေးနှင့် ကျောခိုင်းထွက်သွားလေသည်။ လူရွယ်၏ မျက်ဝန်းအကြည့်ပေါ်မှာ ဒီစံ အကြောင်းမဲ့ရင်ဖိုမှု လေးတစ်ခုကို ရလိုက်သလိုပင်...

ဒီစံ...မြစံထိပ်ထားကိုသတ်ရန်စံအိမ်ကြီးဆီမှ အပြင်သို့ရောက်ခဲ့ကတည်းက သူမ၏စိတ်အစဉ်တို့သည် စံအိမ်ကြီးထဲမှာနေခဲ့စဉ်ကလိုမဟုတ်ဘဲ ပြောင်းလဲနေသည်ကို သတိပြုမိလိုက်သည်။

စံအိမ်ကြီးမှာတော့ မနက်မိုးလင်းသည်နှင့် ရက်စက်မှုတွေ တစ်ခုပြီးတစ်ခုလုပ်ခဲ့ရသူ မဟုတ်လား...

စံအိမ်ကြီးသည် ရက်စက်ခြင်း၊ ကြမ်းတမ်းခြင်းတွေနှင့် ပြည့်နက်နေသည့် အိမ်ကြီးတစ်လုံးပင်ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

မနေ့က ထိပ်ထားဆီကို အမေကသူချက်သည့် မုန့်ဟင်းခါး လေးပို့နိုင်းသဖြင့် လာပြီးပို့စဉ် မျော့တွယ်နေ၍ အော်ဟစ်နေသော ကောင်မလေးကို ရတုပိုင် မျက်လုံးထဲတွင်ကြည့်ရင်း ကြည်နူးမိသည်။

ရွှေရောင်ကိုင်း ပါဝါမျက်မှန်လေးနှင့် ချစ်စရာကောင်းလှသော သူမပုံစံလေးက ရတုပိုင်မျက်လုံးထဲမှ မထွက်ပေ…

မိန်းကလေးတစ်ယောက်၏ အလှတရားအပေါ်မှာ စိတ်ဝင်တစားကြည့်မိခြင်းသည် ပထမဦးဆုံးပင်ဖြစ်သည်။

"ရတုပိုင်"

"ဟင်…ဗျာ…"





ထိပ်ထားကားမောင်းရင်း သူ့ကိုလှမ်းခေါ်လိုက်တော့မှ အလှနတ်သမီးလေး အဖွေးအိပ်မက်ထဲမှ ပြေးသွားတော့သည်။

"ဘာတွေအတွေး ပန်းရိုးဆွဲနေတာလဲ"

"မဟုတ်ပါဘူး…မမထိပ်ထား…"

"ရတုပိုင်လည်းမရိုးသားတော့ဘူး…တွေးတတ်ပြီဆိုရင် ခံစားမှု တစ်ခုကတော့ရှိနေပြီ…"

"ကျွန်တော့်ဘဝမှာ ဒီအတွက် အချိန်မပေးနိုင်သေးပါဘူး"

"လူရယ်လို့ဖြစ်လာရင် ချစ်ခြင်းတရားဆိုတာ ရှိရမှာပေါ့"

"မမထိပ်ထားပြောတာကို ကျွန်တော်လက်ခံပါတယ် ဒါပေမယ့် ကျွန်တော့်ဘဝမှာက အမေ့အတွက်ကျေးဇူးဆပ်ဖို့ တာလေးတောင် တာဝန်မကျေဘဲနဲ့ ချစ်ခြင်းနောက်ကို မလိုက်ချင်ပါဘူး…"

"မိဘကျေးဇူးဆပ်ချင်တဲ့ ဆန္ဒလေးကကောင်းမွန်ပါတယ်… ရတုပိုင် အချစ်ဆိုတာ တကယ်တော့ မီးတစ်ခုပါပဲကွာ…"

ထိပ်ထား မျက်နှာလေးအိုမင်းသလိုဖြစ်သွားသည်ကို သတိပြုမိလိုက်သည်။

"မမလည်း တစ်ချိန်ကအချစ်ကို ကိုးကွယ်ခဲ့ဖူးတယ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



မှရခဲ့တဲ့ရလဒ်ကတော့ဒေါသကတွေနဲ့လောင်ကျွမ်းနေတဲ့ရင်ခွင်တစ်စုံပဲပိုင်ဆိုင်ခဲ့ရတာယ်…”

ထိပ်ထား၏နလုံးသားစာမျက်နှာလေးတွေကိုမမေးမိပေ…

“ခုချိန်မှာတော့ဒီအကြောင်းတွေပြောလည်းဘာမှဖြစ်မလာတော့ပါဘူး…မပြောတာပဲကောင်းတယ်…”

ထိပ်ထား သူ့စကားအဖွင့် အပိတ်ကိုတစ်ခါတည်းပြုလုပ်ပြီးချစ်ခြင်းအကြောင်းကို ဆက်ပြီးမပြောတော့ပေ…

ကားလေးက လိမ္မော်ခြံကြီးထဲသို့ မောင်းဝင်လာခဲ့နေပြီဖြစ်သည်။ ခြံဝမှ (၁၅)မိနစ်လောက်မောင်းဝင်ပြီး တိုက်အိမ်ပုလေး တစ်လုံးရှေ့ကို ရောက်ခဲ့ကြသည်။

“ကဲ…ရတုပိုင် ဆင်းကြရအောင်”

“ဟုတ်ကဲ့”

တိုက်ပုလေးအထဲတွင်လူအရိပ်အယောင်တစ်ခုမှမတွေ့ရ။

“ဒီနေရာလေးက မမစိတ်တွေသိပ်ပြီး ရှုပ်ထွေးလာတဲ့ အခါမှာလာပြီးအနားယူတဲ့ အိမ်လေးပဲ…ရတုပိုင် ခဏနေဦးကွယ် မမအဝတ်အစားလဲလိုက်ဦးမယ်”





“ဟုတ်ကဲ့”

ထိပ်ထား အခန်းလေးထဲသို့ ဝင်သွားပြီး ရတုပိုင်အပြင်ဧည့်ခန်းတွင် ထိုင်ပြီးစောင့်ကာ ကျန်ခဲ့သည်။

ထိပ်ထားသူ့ကို အလုပ်တစ်ခုပေးမည်ဟုသာပြောထားပေမဲ့အခုချိန်ထိ ဘာအလုပ်ပေးမည်ဆိုသည်ကိုမပြောသေးပေ…

“အား…”

“ဟင်”

အခန်းထဲမှထိပ်ထားအော်သံကြောင့် ထိုင်နေရာမှ အခန်းထဲသို့ပြေးပြီးဝင်တော့…

“ဟာ…”

“ကြောက်…ကြောက်တယ်…မြွေ…မြွေ…”

ထိပ်ထားအပေါ်တွင်အကျီမရှိထမိရင်ရှားနှင့် သူ့ကိုသိုင်းဖက်ထားပြီး စုတင်ဘေးကို လက်ညှိုးထိုးပြတာကို ကြည့်လိုက်တော့…မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်လျက်…

“ရှီး…”

“မမ…ခဏနောက်မှာ ရပ်နေ…”



www.burmeseclassic.com

www.burmeseclassic.com



ရတုပိုင် မြွေဟောက်ကိုတစ်ဖက်လက်နှင့် ဟန်ပြပြီး တစ်ဖက်လက်က ခေါင်းကိုပိုင်နိုင်စွာ ဖမ်းဆုပ်လိုက်လေသည်။ ပြီးမှ ပြတင်းပေါက်မှ အပြင်သို့ပစ်လိုက်သည်။

"ဟင်"

ထိပ်ထားဘက်ကိုပြန်ကြည့်တော့ ရင်သားမလုံမလဲနှင့် ရပ်နေသဖြင့် ရတုပိုင်အခန်းထဲမှာဆက်ပြီး မနေသင့်သည်ကိုတွေးမိပြီး–

"မမ..ရပြီလား..."

"ရတုပိုင်...မမ ကြောက်နေတုန်းပဲ..."

"မရှိတော့ပါဘူး"

"မမတစ်ယောက်တည်း အခန်းထဲမှာ အဝတ်အစား မလဲ[illegible] တော့ဘူး..."

"ဗျာ"

ရတုပိုင်ဘာပြောရမှန်းမသိဖြစ်သွားသည်။

"ဒီလိုလုပ်လေ ရတုပိုင်က တစ်ဖက်ကိုလှည့်ပြီးနေ မ[illegible] အဝတ်လဲမယ်"

အကယ်၍စိတ်မနိုင်သူတစ်ဦးဆိုလျှင် အမှားတစ်ခုကိုကျ[illegible]





လွန်စေဖို့ဖြစ်စေမှာ အမှန်ပင်...

"ကောင်းပြီ...ကျွန်တော်တစ်ဖက်ကို လှည့်ပြီးနေပါ့မယ် မမ ပြီးတာနဲ့ပြောလိုက်လေ..."

သူကျောပေးရပ်နေပေမဲ့သူ့ရှေ့တံခါးချပ်ကမှန်တွင်ထိပ်ထားကို အတိုင်းသားတွေ့နေရသဖြင့်...မျက်လုံးကို စုံမှိတ်ပြီး ထိပ်ထားအသံကိုပဲ နားစွင့်နေလိုက်တော့သည်။

မိခင်ကြီး၏ ကျေးဇူးရှင်အပေါ်မှာ မကောင်းသောစိတ်တွေကို မမွေးသင့်ပေ...

"ရတုပိုင် အပြင်ထွက်ကြရအောင်..."

"ဟုတ်ကဲ့"

အိမ်ရှေ့ညှိနှိုင်းစားပွဲရှေ့တွင် အတူတူထိုင်ရင်း...

"ငါ့မောင်ကို မမ ဒီနေ့ပဲ အလုပ်ခန့်လိုက်ပြီ"

"ဗျာ"

"ငါ့မောင် အံ့ဩနေတယ်နဲ့တူတယ်"

"ဟုတ်ပါတယ် မမ"

"ငါ့မောင်လုပ်ရမဲ့အလုပ်က တခြားအလုပ်တွေမှ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



မမကိုစောင့်ရှောက်ပေးဖို့နဲ့ ကာကွယ်ပေးဖို့ပါ…"

"ဟင်"

"ဘာလို့ ဒီအလုပ်ကိုပေးရသလဲဆိုရင် မမကို မကြာခင် သတ်ဖြတ်ဖို့လူတွေရောက်လာတော့မယ်"

"ဟာ…"

"ဒီလူတွေနဲ့မမ ရာဇဝင်ကိုနောက်မှပဲ မမပြောပြပါမယ်၊ ရတုပိုင်ကရော မမကို အလုပ်သမားအရမဟုတ်ဘဲ အစ်မတစ်ယောက်လို ကာကွယ်ပေးလိုတဲ့ဆန္ဒရော ရှိရဲ့လား"

"ရှိပါတယ်မမ…အပွင့်လင်းဆုံးပြောရရင်မမနဲ့ပတ်သက်ပြီး ကျွန်တော့်ဘက်က ဘာမဆိုရင်ဆိုင်ပေးဖို့ဆုံးဖြတ်ထားပြီးသားပါ"

"မမအတွက်ကံကောင်းတဲ့တိုက်ဆိုင်မှုလေးတစ်ခုပါပဲကွာ"

"ဘာများ တိုက်ဆိုင်တာလဲ"

"သြော်… ရတုပိုင်ဆိုတဲ့ မောင်လေးတစ်ယောက်ကို ရဖို့ အတွက်ကံကြမ္မာက စီစဉ်ပေးခဲ့တာကိုပြောတာပါ…ရတုပိုင်…"

"ပြောပါ မမ"

"မင်း…ဘယ်လိုလက်နက်မျိုးကိုကိုင်ဆောင်ချင်လဲ၊ သေနတ် ဆောင်ချင်လား…မမ ရအောင် စီစဉ်ပေးမယ်"





"ကျွန်တော် သေနတ်မကိုင်ချင်ပါဘူး၊ မမကို ကာကွယ်ပေး တဲ့ နေရာမှာ ဥပဒေဘောင်အတွင်းကပဲ ကာကွယ်ပေးချင်တယ်"

"ကောင်းပြီလေ… ရန်သူက အမှောင်လောကသားဆိုတော့ သူတို့ဘက်က သေနတ်အသုံးပြုနိုင်တယ်နော်"

"ကျွန်တော့်အတွက် သေနတ်ထက်မြန်တဲ့လက်နက်တွေကို အသုံးပြုရမှာပေါ့မမရယ်…"

"ဘာလက်နက်လဲကွဲ့"

"ဒီမှာလေ…"

စတီးပြားလေးတွေကိုပြလိုက်သည်။

"မမရေ… လျှော့မတွက်နဲ့နော်၊ ကျွန်တော်ဒီပညာကို ကျင့်ခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး…ဒီမှာကြည့်"

"ဗိုး…"

"တောက်…"

ညှော်ခန်းရှိပန်းအိုးမှပန်းပွင့်အညှာတံကိုထိပြီးပြတ်ကျသွား သလို နံရံတွင် စတီးပြားလေးစိုက်ဝင်လျက်…



www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား၊ရတုပိုင်က ဘာလို့ဒီပညာကို ကျင့်ထားရတာလဲ"

"ရည်ရွယ်ချက်မရှိပါဘူး၊ ဝါသနာကြောင့် သက်သက်ကျင့်ထားတာပါ၊ တစ်ခါတလေ.. သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ကြေးလောက်ပဲပစ်ခဲ့တာပဲရှိတယ်၊ လူကိုတော့ မပစ်ရသေးဘူး၊ မမအတွက် ပစ်ရတော့မယ် တူပါတယ်.."

■ ■ ■



# အခန်း (၇)

ယွန်းစံ တည်းနေသော ဟိုတယ်အခန်းတံခါးတွင် ခေါင်ရမ်းပန်းတစ်ပွင့်ကို ကပ်ထားသည်ကိုတွေ့လိုက်ရသောကြောင့် ယွန်းစံ သဘောပေါက်သွားသည်။

သခင်မကြီး တားမြစ်ထားသည့် (၇)ရက် သတ်မှတ်ရက်ကုန်ဆုံးလို့ဦးစည်သူမင်းခေါင်ကို သူသတ်ရတော့မည်ဖြစ်သည်။

ဦးစည်သူမင်းခေါင် ခြံဝန်းကြီးထဲတွင် သားနှစ်ယောက်ဖြစ်သော အိုက်စံခေါင်နှင့် စောလူခေါင်တို့က လူမိုက်တွေနှင့် သူ့ဖခင်အသက်ကို ကာကွယ်ရန် ပြင်ဆင်ထားသည်ကို ယွန်းစံ သိပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုက်စံခေါင်က ခပ်အေးအေးနေတတ်ပြီး စီးပွားရေးကိုလုပ်ကိုင်နေပေမယ့် လောဘရမ္မက်ကြီးတတ်သူမဟုတ်။ ပန်းချီဆွဲခြင်းနှင့် အချိန်ကုန်နေတတ်သူဆိုတော့ ယွန်းစံအတွက် အန္တရာယ်သိပ်ပြီး မရှိလှ။

ယွန်းစံ သတိထားရမည့်သူက စောလူခေါင်.. အပေါင်းအသင်းများပြီး လက်စကောင်းသူ၊ ရက်စက်တတ်သူတစ်ဦး၊ ရှမ်းသိုင်းပညာကိုအဆင့်မြင့်တတ်ကျွမ်းပြီး ဓူသေနတ်ပစ်ကောင်းသည့်လူတစ်ယောက်....။

ယွန်းစံ...စည်သူမင်းခေါင်ကို ရှင်းမည်ဆိုလျှင် စောလူခေါင်ကို အရင်ရှင်းပြီးမှ ရှင်း၍ရနိုင်မည်ဖြစ်သည်။

သခင်မကြီးသာ သူသတ်ရမည့်သူတွေကို သတ်မည့်အကြောင်း မပြောထားဘူးဆိုလျှင် ရှင်းရသည်မှာသိပ်မြီး ခက်ခက်ခဲခဲမဟုတ်။ ခုတော့ သခင်မကြီးက တစ်ဖက်ကိုပြင်ဆင်ခွင့်ပေးပြီး သတ်နိုင်းသည့်ကိစ္စဖြစ်နေသောကြောင့် ယွန်းစံဘက်မှ စွန်းစားမှုနှင့် အန္တရာယ်ကြားကိုဝင်တိုးရတော့မည်ဖြစ်သည်။

မိုးစံနှင့်ဒီစံတို့ထက် သူက ဦးအောင်သတ်ဖြတ်နိုင်သူဖြစ်ချင်





သည်။ ဒါကြောင့် ဒီညမှာပဲ ဦးစည်သူမင်းခေါင်ကို ရှင်းရန်အတွက် ပြင်ဆင်ရတော့မည်။

ညစာကို ဟိုတယ်အောက်ထပ်တွင် စားသောက်ပြီး အပေါ်ထပ်အခန်းဆီသို့ တက်ခဲ့သည်။

ယွန်းစံ လှုပ်ရှားမည့်အဝတ်အစားတွေကို ကျောပိုးအိတ်ထဲသို့ သေနတ်၊ ဓားမြှောင်၊ ကြိုး၊ ညကြည့်မျက်မှန်တို့နှင့်အတူ ထည့်ကာ အေးအေးဆေးဆေးပင် ဆင်းလာခဲ့သည်။

ဦးစည်သူမင်းခေါင် အိမ်ကြီးသို့သွားရန်အတွက် ဟိုတယ်မှ ငှားရမ်းထားသော ဆိုင်ကယ်ကိုစီးကာ ထွက်လာခဲ့သည်။

အချိန်ကား ည (၉း၀၀) နာရီထိုးခါနေပြီဖြစ်သည်။

ဦးစည်သူမင်းခေါင် ခြံဝန်းကြီးက လူ (၂)ရပ်သာသာ ဆောက်ထားသဖြင့် ကြိုးအားကိုးဖြင့်တက်မှ ရနိုင်မည်ဖြစ်သည်။

ဆိုင်ကယ်ကို စိတ်ချလုံခြုံသည့်နေရာတစ်ခုတွင် ဝှက်ပြီး အိမ်ကြီးဘက်သို့ မှောင်ရိပ်ခိုကာလာခဲ့ရသည်။

ယွန်းစံ...ဦးစည်သူမင်းခေါင် ပတ်ဝန်းကျင်ကို ကြိုတင်ပြီး လေ့လာထားပြီးဖြစ်သဖြင့် နယ်မြေကိုကျွမ်းကျင်နေပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးတစ်ဖက်တွင် ပေါက်နေသော သစ်ပင်ကြီးပေါ်သို့တက်ကာ ခြံဝန်းထဲမှာရှိနေတဲ့ သစ်ပင်ဆီကို ကြိုးဖြင့်လှမ်းပြီးပစ်ကာ ကူးခဲ့လေသည်။

ခြံဝန်းကြီးထဲတွင် အစောင့်တွေကနေရာအပြည့်ရှိနေသဖြင့် အိမ်ကြီးထဲကိုဝင်ဖို့ဆိုသည်မှာ လုံးလုံးမလွယ်လှပေ။

ယွန်းစံ..အားနည်းသောနေရာမှဝင်နိုင်အောင် ရှာဖွေရတော့မည်ဖြစ်သည်။

"ဟုတ်ပြီ..."

အိမ်ကြီးနောက်ဘက်နေရာတွင် စောင့်နေသည့်ကောင်တွေက အရက်ဝိုင်းဖွဲ့ပြီး ဖဲကစားနေကြသည်၊ သူတို့နားတွင် ချုံကြီးတွေကရှိနေသဖြင့် အိမ်ကြီးပေါ်သို့တက်နိုင်သောအခွင့်အလမ်းကိုတွေ့လိုက်ရသည်။

ဖဲရိုက်နေသူ စုစုပေါင်း (၃)ယောက်..

"ဘာဆိုင်..မင်း..အကြွေးများနေပြီနော်"

"ဘာလဲ မင်းက မယုံလို့လား၊ ငွေက ပါပါတယ်၊ ဂိုဒေါင်ထဲက အိတ်မှာ ကျန်ရစ်ခဲ့လို့"





"ဒါဆို သွားယူလေ၊ အကြွေးကစားရတာ ဖီလင်မလာဘူး"

"စောင့်နေ..."

ဘာဆိုင်...ဒေါနင့်မောနင့်ထွက်သွားပြီးနောက်...

"အာလူး..."

"ဘာလဲကွ"

"အရက်ကုန်ပြီ..ထပ်ပြီးယူကွာ၊ သတ်မယ့်ကောင်က ဘယ်လိုပုံစံနဲ့ လာမလဲဆိုတာ မသိဘူး၊ အရက်လေးသောက်ပြီးစောင့်ကြတာပေါ့..."

"နဖီး..မင်းများနေပြီနော်.."

"မများပါဘူးကွာ၊ ယူမှာသာသွားပြီးယူ၊ ငါတို့အတွက်စိတ်ကြိုက်အရက်တွေလှောင်ထားတာပါ"

"ပြီးရောကွာ..စောလူခေါင် ဒေါသကိုမင်းသိတယ်နော်"

"ပိုင်ပြီးသားပါ"

အာလူးပါထွက်သွားသောကြောင့် နဖီးတစ်ယောက်တည်းကျန်တော့သည်၊ ယွန်းစံအတွက် ဘုရားသခင်ပေးသည့်အခွင့်အရေးဝင်၊



www.burmeseclassic.com

www.burmeseclassic.com



ယွန်းစံ ခြေသံလုံစွာဖြင့် နဖီးနားသို့ကပ်ပြီး…

"ရှေ့ဟာ"

"အင့်…အီး…"

နဖီးလည်ပင်း အသက်ရှူလမ်းကြောင်းကို ပိတ်လိုက်သည်နှင့် စက္ကန့်ပိုင်းအတွင်း နဖီးမှောက်သွားသည်။

နဖီးကို ယွန်းစံဆွဲခေါ်လာပြီး ချုံကြီးထဲတွင် ဝှက်ထားလိုက်ပြီး တိုက်ကြီးပေါ်သို့ နံရံမှတစ်ဆင့် တက်ခဲ့လေသည်။

အပေါ်ထပ်တံခါးအားလုံးကို ပိတ်ထားသဖြင့် ခေါင်မိုးပေါ်သို့ ဆက်ပြီးတက်ခဲ့ရသည်။

အမိုးတွေက အုတ်ကြွပ်ပြားတွေဖြစ်သဖြင့် ဖောက်ဝင်ဖို့ပဲ ရှိသည်။ ထို့အပြင် သူမအတွက် လက်နက်ကိုပါ တစ်ခါတည်း ပြင်ဆင်သွားမှ ဖြစ်မည်။

အုတ်ကြွပ်ပြားတစ်ချပ်ကို အောင်မြင်စွာခွာနိုင်ခဲ့ပြီး အောက်ကို ကြည့်လိုက်တော့ ဦးစည်သူမင်းခေါင် အခန်းရှေ့တွင် အစောင့်က (၃) ယောက်တောင် စောင့်ကြပ်နေသည်။

အခန်းရှေ့မှဝင်ဖို့မှာ ဘယ်လိုမှ မဖြစ်နိုင်….





ယွန်းစံ အခန်းအပေါ်ဘက်မှ ဖောက်ပြီးဝင်ဖို့ပဲ ရှိတော့သည်။ ခေါင်မိုးပေါ်တွင် ကြောင်တစ်ကောင်လို ပေါ့ပါးသွက်လက်စွာဖြင့် လျှောက်ခဲ့ပြီး ဦးစည်သူမင်းခေါင် အခန်းဟု ထင်ရသည့် အမိုးနေရာကို သေချာစွာခွာလိုက်သည်။

အခန်းထဲတွင် စောင်ခြုံပြီး ဦးစည်သူမင်းခေါင် စိတ်ချစွာ အိပ်ပျော်နေသည်။

ယွန်းစံ သေနတ်ကို အသံတိတ်ကိရိယာတပ်ပြီး အိပ်နေသော ဦးစည်သူမင်းခေါင်ကို ချိန်ရွယ်ကာ ပစ်ချလိုက်သည်။

"ဒုတ်…ဒုတ်…ဒုတ်"

"ဟင်…ငါ…အညာခံရပြီ…"

"ဒီ…ဒီ…"

ယွန်းစံ ပစ်ချလိုက်သော အရာမှာ ဖက်ခေါင်းအုံးကြီးတစ်ခု ဖြစ်သည့်အပြင် အသံလှိုင်းတွေပါ တပ်ထားသောကြောင့် အချက်ပေး သလို ဖြစ်သွားလေသည်။

"ဟော့ကောင်…ခေါင်မိုးပေါ်မှာကွ မလွတ်စေနဲ့…"

ယွန်းစံအတွက် အောက်ကိုဆင်းဖို့မှာ မလွယ်ကူတော့ပေ…



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ကိုတက်ပြီးရှင်းကွာ..."

တိုက်ကြီးအမိုးပေါ်သို့ စောလူခေါင်လူတွေ လေးဖက်လေးတန်မှတက်ခဲ့ကြသည်။

ယွန်းစံ အိမ်ကြီးအရှေ့ဘက်အမိုးသို့ ပြေးကပ်ပြီး အောက်ကိုကြည့်လိုက်တော့ အခန်းလွတ်တစ်ခုကို တွေ့လိုက်ရသည်။

"ဒိုင်း..."

"အ"

လက်မောင်းတစ်ခုလုံး မီးစနှင့်ထိုးလိုက်သလို ခံစားလိုက်ရပြီး သွေးများစီးကျလာသည်။

"ဝုန်း"

နောက်ထပ်သေနတ်သံထွက်မလာခင် အောက်ထပ်အခန်းထဲသို့ ခုန်ချလိုက်သည်။

"ဟင်"

အခန်းမှာ ပန်းချီကားများနှင့် ပြည့်နက်နေသော အခန်းဖြစ်သဖြင့် အိုက်စံခေါင်အခန်းဆိုသည်ကို သိလိုက်ရသည်။

လက်မောင်းတစ်ခုလုံး နာကျင်ကိုက်ခဲနေလေပြီ... သူမ





အတွက် ထွက်ပေါက်မရှိတော့ပေ...

"မိန်းကလေး..."

"ဟင်...ရှင်...ရှင်"

မျက်လုံးတို့တွင်ငြိမ်သက်ပြီး မျက်နှာသွင်ပြင်မှာ အေးချမ်းစွာရှိသော လူတစ်ယောက်ကို တွေ့လိုက်ရပြီး...

"ရှင်...ရှေ့မတိုးနဲ့နော်..."

ယွန်းစံ သေနတ်ကို အားတင်းဆုပ်ကိုင်ပြီး ချိန်ရွယ်ပေမယ့် ဒဏ်ရာအရှိန်ကြောင့် တုန်ယင်နေလေသည်။

"မင်းအတွက် ငါဟာ ရန်သူတစ်ယောက်မဟုတ်ပါဘူး...ငါ့လက်ထဲမှာဘာမှမရှိဘူး မိန်းကလေး မင်းတာပစ်ချင်တဲ့ဆန္ဒရှိရင် ပစ်လေ..."

"ငါ့ရဲ့သေခြင်းတရားကို မင်းကပိုင်ဆိုင်တယ်ဆိုရင် ငါကပေးဆပ်လိုက်ရမှာပေါ့လေ..."

စကားလုံးတွေက ကြောက်ရွံ့ခြင်းကင်းမဲ့စွာ ထွက်ပေါ်လာသော စကားတွေဖြစ်သည်။

"အား..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းဒဏ်ရာကသွေးထွက်များနေပြီ...ငါ့ကိုယုံကြည်ရင် မင်းလက်ကိုပတ်တီးစည်းပေးချင်တယ်..."

"ရ...ရတယ်မလိုဘူး"

"ဟော့ကောင်တွေ...အခန်းကိုမဖွင့်နဲ့ဦး...အပြင်ကစောင့်ကြ လူသတ်ကောင်ဘယ်မှပြေးစရာမရှိတော့ဘူး..."

အပြင်ဘက်မှာ သူမကိုသတ်ဖြတ်မည့်လူတွေက စောင့်နေကြပြီ...ယွန်းစံဘာလုပ်ရမည်ဆိုတာကိုမသိ....

"မိန်းကလေး...ငါ့ကိုသေနတ်နဲ့လာပြီးတော့လိုက်ပါ..."

"ရှင်..."

"ဒါမှမင်းထွက်လမ်းကိုရောက်မှာ..."

ထိုလူပြောသည့်နည်းလမ်းသည်ယွန်းစံအတွက်နောက်ဆုံး ထွက်ပေါက်တစ်ခုပင်ဖြစ်သောကြောင့်...

"ရှင်...ရှေ့ကသွားတံခါးဖွင့်"

"ကောင်းပြီ..."

ယွန်းစံပြောသည့်အတိုင်းတံခါးကိုဖွင့်ပေးလိုက်ပြီး...

"ဟာ"





"ဟင်"

"ရှင်တို့လူမသေချင်ရင်...ရှေ့ကနေဖယ်နော်..."

"စောလှခေါင်..."

"အစ်ကို...ဟော့ကောင်တွေရှေ့ကနေဖယ်ပေးလိုက်...ကောင်မ ငါ့အစ်ကိုတစ်ခုခုဖြစ်လို့ကတော့ အရှည်ခွံပါစွာပြီး အစိမ်းစားမယ်..."

အိုက်စံခေါင်ကို ဓားစာခံလုပ်ပြီး အိမ်ကြီးအောက်သို့ဆင်း ကာ...

"ဟိုနားမှာကားရှိတယ် အဲဒီကိုခေါ်သွား"

အိုက်စံခေါင်က ယွန်းစံအတွက် ထွက်ပေါက်တစ်ခုပြီးတစ်ခု ညွှန်ကြားပေးနေရသည်။

"ငါကားမောင်းမယ်...မင်းဘေးကနေ သေနတ်ကိုင်ပြီးသာ လိုက်..."

ရန်သူကို အကူအညီပေးနေသည့် အိုက်စံခေါင်ကို ယွန်းစံ နားမလည်နိုင်အောင် ဖြစ်ခဲ့သည်။

"စောလှခေါင်"

"အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နောက်ကိုမလိုက်ခဲ့နဲ့ ငါရောက်အောင် ပြန်ခဲ့မယ်"

"အစ်ကို"

"ပူး..."

ကားကိုမောင်းထွက်ခဲ့တော့သည်။

"ငါဘယ်ကိုပို့ပေးရမလဲ ပြော"

"ဘုရားကြီးဆီ ပို့ပေးပါ..."

အိုက်စံခေါင် နောက်မှာလူတွေ မလိုက်နိုင်အောင် ကားကို မောင်းလာခဲ့ပေမယ့်ယွန်းစံဒက်ရာမှသွေးထွက်များပြီးမျက်လုံးတွေ ပြာဝေကာ သတိလစ်ချင်သလိုဖြစ်လာပြီး စိတ်ကိုတင်းပေမယ့် မ တော့ပေ...

အိုက်စံခေါင် ပခုံးပေါ်သို့စောင်းပြီးကျသွားလေတော့သည်။

■ ■ ■



# အခန်း (၈)

မိုးစံအတွက် အချက်ပြခေါင်းရမ်းပန်းကလေး ရောက်ပြီဖြစ်သဖြင့် ဦးမင်းလှသော်အတွက် သေမင်းနှုတ်ခမ်းဝဆီသို့ ပို့ဆောင်ရန်ပဲရှိတော့သည်။ ဦးမင်းလှသော်နှင့် ပတ်သက်ပြီး မိုးစံ ဝင်ပေါက်ထွက်ပေါက်တွေကိုစနစ်တကျလေ့လာပြီးသားဖြစ်သည်။

ဦးမင်းလှသော် နေထိုင်သော အိမ်ကြီးမှာ နှစ်ထပ်တိုက်ကြီးကိုဥရောပပုံစံမျိုးတည်ဆောက်ထားပြီး ခြံဝန်းကြီးထဲတွင်ခမ်းနားလှပသော...ပန်းဥယျာဉ်တွေကိုစိုက်ပျိုးထားသည်။

ဦးမင်းလှသော်တွင် မွေးထားသော သမီးနှစ်ယောက်လုံးမှာ စရိုက်ချင်း လုံးဝမတူညီကြပေ...



www.burmeseclassic.com

www.burmeseclassic.com



မယ်ရှိသော်တာ အေးစက်စက်နှင့်အလုပ်တစ်ခုကိုအကွက် စေ့စေ့လုပ်တတ်သူဖြစ်ပြီးအမြဲတမ်းပျော်ရွှင်နေတတ်သူဖြစ်သည်။

ချယ်ရီသော်ကတော့ ခပ်ကြွမ်းကြွမ်းနေတတ်သူပီပီ တိုက် ခိုက်မှုဘက်တွင် ဝါသနာထုံသူတစ်ဦးဖြစ်ကာ...စိတ်မြန်သလောက် လက်ကလည်းပါတတ်သူတစ်ဦး...

ပေါင်းသင်းဆက်ဆံရေးပိုင်းကိုလေ့လာမည်ဆိုလျှင်...

မယ်ရှိသော် ပေါင်းသင်းသောသူတွေက အနုပညာသမာ များပြီး ဦးနှောက်ပိုင်းဆိုင်ရာတွင်ကောင်းကြသူများဖြစ်သည်။

ချယ်ရီသော်ရဲ့အပေါင်းအသင်းတွေကတော့ သိုင်းကလေ တွေမှလူတွေနှင့် တဖွတ်ထိုး တဖောက်ကန်းလုပ်တတ်ကြသည် သူတွေများသည်။ ဖခင်ဖြစ်သူဦးမင်းလှသော်၏အသက်အန္တရာယ်က သမီးနှစ်ယောက်လုံးက တာဝန်ယူပြီး ကာကွယ်နေသဖြင့် မိုးစုံလွှယ် လွယ်နှင့်တော့ ဦးမင်းလှသော်ကိုသတ်ဖို့မလွယ်...

"သမီးလေး စံ"

"ရှင်...မာသာ"

"မာသာဒီနေ့ ခရီးထွက်မယ် (၃) ရက်လောက်ကြာမှ ပြ





ပြီးရောက်မယ်...ဘုရားကျောင်းမှာ အေးအေးဆေးဆေး ဆက်ပြီးနေ လို့ရတယ်..."

"ဟုတ်ကဲ့...မာသာ..."

"ဘုရားသခင်ရဲ့ရင်ခွင်ထဲမှာ လူသားအားလုံး ငြိမ်းချမ်းစေ ချင်တယ်ကွယ်..."

ဆရာမကြီး အမ်ထော်နီ ခရီးဆောင်အိတ်ကို ဆွဲပြီးထွက် သွားချိန်တွင်...မယ်ရှိသော်နှင့် လူနှစ်ယောက် ဘုရားကျောင်းထဲသို့ ဝင်လာသည်ကို တွေ့ရသဖြင့် ဘုရားဝတ်ပြုသလိုနေကာ မသိချင် ယောင်ဆောင်နေလိုက်သည်။

မယ်ရှိသော် သူ့အားစွင်ဝင်ပြီးရပ်ကာ ဘုရားသခင်ထံတွင် ဆုတောင်းမှုတစ်ခုကိုပြုလုပ်နေသည်။

"အို...ဘုရားသခင် ဤလောကမှာဒေါသကြောင့်ဖြစ်စေ သောရက်စက်ခြင်းတွေ လက်စားချေခြင်းတွေကိုဖယ်ရှင်းပေးပါ..."

"ဟင်"

မယ်ရှိသော်ရဲ့ဆုတောင်းစကားတွေက သူမကိုတိုက်ရိုက် ပြောနေသလိုဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစံ...မယ်ရီသော်ဘေးမှ အရင်ထွက်ခွာမည်အပြု...

"မိန်းကလေး နေပါဦး"

ခြေလှမ်းကိုရပ်ပြီးမယ်ရီသော်ဘက်ကိုလှည့်ကြည့်မိသည်။ မယ်ရီသော်က နဂိုမျက်နှာလေးအတိုင်းပြုံးလျက်...တကယ်ပင် အေးမြလှသော မျက်နှာပိုင်ရှင်မိန်းကလေးတစ်ဦးပင်...

"ဘာများပြောစရာရှိလို့လဲ မသိဘူး..."

"တို့မင်းကို ဘုရားကျောင်းမှာ တစ်ခါမှမတွေ့ဘူးလို့ပါ... ဒီနယ်ကတော့ ဟုတ်မယ်မထင်ဘူး..."

"ဟုတ်ပါတယ်...ဘဝအကြောင်းတစ်ခုကြောင့် ဒီကိုရောက် လာခဲ့တာပါ ..."

"သြော်...ဘုရားသခင်ရဲ့ မေတ္တာတရားကြောင့် မင်းရဲ့ဒုက္ခ တွေအားလုံး ပျောက်ကွယ်သွားမှာပါ..."

"ဟုတ်ကဲ့...ကျွန်မလည်း ဆုတောင်းနေပါတယ်"

"တို့နာမည်က မယ်ရီသော်တဲ့ မှတ်ထားပါ..."

"ကျွန်မနာမည် မိုးစံလို့ခေါ်ပါတယ်..."

"ဘုရားသခင်ရှေ့မှာ ဆုံကြသူတွေဆိုတော့ ရန်သူတွေတော့





မဖြစ်နိုင်ဘူး မိတ်ဆွေကောင်းနဲ့ ဆုံရတယ်လို့ပဲ မှတ်ထားပါ့မယ်..."

မယ်ရီသော့် စကားတွေက မိုးစံရင်ကိုချောက်ချားစေသည် ကတော့အမှန်...

"ဘယ်လိုလဲ မိုးစံ အသိအမှတ်ပြုပါဦး"

"မမယ်ရီသော် ဆန္ဒနှင့် ထပ်တူပါ..."

"သိပ်ကောင်းတဲ့ မင်္ဂလာစကားလေးပါပဲ ...သွားခွင့်ပြုပါဦး... တို့အိမ်က ဘုရားကျောင်းနဲ့သိပ်မဝေးလှပါဘူး...မိုးစံ အလည်အပတ် လာခဲ့ချင်တယ်ဆိုရင် လာလည်နိုင်ပါတယ်"

"မိုးစံ...လာနိုင်အောင်ကြိုးစားပေးပါ့မယ်"

"သြော်...မိုးစံ"

"ဟုတ်ကဲ့...ပြောပါ"

"လူလူချင်းကူညီကြတယ်ဆိုတာ ကောင်းသောအမှုကိုပြု တယ်လို့ ဘုရားသခင် အဆိုအမိန့်ရှိဘူးတယ်၊ တကယ်လို့များ မိုးစံ အတွက် အကူအညီလိုရင် တို့ကူညီချင်ပါတယ်"

"မိုးစံ လိုအပ်တဲ့အခါ ပြောပါ့မယ်"

မိုးစံကို ကျောခိုင်းထွက်ခွာသွားသော မယ်ရီသော်ကျောပြင်



www.burmeseclassic.com

www.burmeseclassic.com



ကိုလှမ်းပြီးကြည့်ရင်း...မိုးစံတစ်ယောက်တွေဝေသွားလေတော့သည်။ သူသတိဖြတ်ရမည့်သူ၏သမီးနှင့်မိတ်ဆွေဖွဲ့ခြင်းသည်မဖြစ်နိုင်သောကိစ္စတစ်ခုကို သူပြုမိခြင်းဖြစ်နေပြီလား...

မိုးစံရင်မှာ မယ်ရီသော်ကိုအစ်မတစ်ယောက်လို ခင်မင်မိသည်တော့အမှန်ပင်...

"စံအိမ်ကြီးမှာ သံယောဇဉ်တွယ်ရမှာက ဟောဒီလက်နက်တွေလူလူချင်း မဟုတ်ဘူး..."

ဒေါ်ဇာအို အမြဲပြောပြီးပြနေသော လက်နက်တွေအပေါ်မှာ မိုးစံတို့သုံးယောက် ခင်တွယ်ခဲ့ကြပေမယ့် ခုလိုလူလူချင်း သံယောဇဉ်တွယ်တာခြင်းတော့ မရှိခဲ့ပေ...

စံအိမ်ကြီးမှာငယ်ငယ်လေးကတည်းကအတူတူကြီးပြင်းခဲ့ကြသည့်သူတွေတောင်ရန်သူလိုအသေအကျေတိုက်ခိုက်သတ်ဖြတ်ရတာမျိုးရှိခဲ့သဖြင့် သံယောဇဉ်ဆိုတာ ဘယ်သူ့အပေါ်မှ မရှိခဲ့ပေ...

ဒီလိုဖြစ်အောင် သခင်မကြီးကမိုးစံတို့စိတ်ဓာတ်တွေကို ရိုက်သွင်းပေးခဲ့သည်မဟုတ်လား...

မိုးစံသူ့အခန်းထဲကိုပြန်ဝင်ပြီး ဒီညလှုပ်ရှားမှုတွေအတွက်





ပြင်ဆင်နေပေမယ့်စိတ်တွေကလေးလံလျက်ရှိနေသည်။

"တူး...ငါ့စိတ်တွေ မဟုတ်သေးဘူး ဘာကြောင့်တွေဝေနေတာလဲ..."

မိုးစံခုလိုစိတ်မျိုးကို တစ်ခါကြုံခဲ့ဘူးသည်။

သူတို့အပြင်ကိုထွက်နိုင်ရေးအတွက်လူရွေးချယ်ပွဲတစ်ခုမှာ မိုးစံနှင့် အခန်းချင်းကပ်လျက်နေသော အိမ်စံကိုအနိုင်ယူပြီးမှ အပြင်သို့သွားရမည့် အခွင့်အရေးကိုရမှာဖြစ်သည်။

သာမန်လက်ရုံးရည်တိုက်ခိုက်မှုဆိုလျှင် သူဒီလောက်ထိတွေဝေမှာ မဟုတ်...ခုတိုက်ခိုက်မှုက တုံးပြတ်နစ်ဖက်ပေါ်မှာ တစ်ယောက်ရပ်ပြီး ရှေ့တုံးပြတ်နှစ်ဖက်ပေါ်မှာ တစ်ယောက်ကရပ်ရမှာဖြစ်သည်။

တုံးပြတ်အရှည်က(၈)ပေမြင့်ပြီး အောက်တွင်တစ်ပေလောက်ရှိသည့်ဝါးချွန်ကြီးတွေစိုက်ထားမှာဖြစ်သည်။

အောက်ကိုကျသွားသူသည် ဘာမျှော်လင့်ချက်မှမရှိနိုင်...

အိမ်စံက လက်ရုံးရည်ဘက်တွင် တော်ပေမယ့်တုတ်သိုင်းတွင်သူ့ကိုဘယ်လိုမှမမီနိုင်သည်ကို သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စတော့...ရှမ်း..."

ဒေါ်ဖာအိုကြာပွတ်ကိုကြမ်းပြင်သို့ရိုက်ချလိုက်သည်နှင့်မိုးစံနှင့် အိမ်စံ အသင့်ပြင်ထားလိုက်သည်။

အိမ်စံမျက်လုံးတွင် သိမ်ငယ်ခြင်းတွေနှင့် တွေ့နေရသည်။

"ဘာလုပ်နေတာလဲ နစ်ယောက်လုံး မသာဖြစ်ချင်နေပြီနဲ့တူတယ်"

တစ်ယောက်မျက်နှာ ,တစ်ယောက်ကြည့်နေသည်ကို ဒေါ်ဖာအို စိတ်မရှည်သောအသံဖြင့်လှမ်းပြီးအော်လိုက်သဖြင့်...

"ကဲဟာ...ဝို"

"အိမ်စံ...ဟာ"

အိမ်စံ...သူ့ကိုတုတ်ဖြင့်လှမ်းရိုက်သည်ကို ရှောင်ရင်းခြေတစ်ဖက်ကို ဆုတ်လိုက်ပါက အိမ်စံသူ့အရှိန်နဲ့သူကျသွားနိုင်သဖြင့် သူ့ခြေထောက်ကိုအနာခံ၍မဆုတ်ခဲ့သဖြင့် မိုးစံခြေထောက်အိမ်စံ၏ တုတ်ချက်ကိုပြင်းထန်စွာ ခံစားလိုက်ရသည်။

ဒါကို အိမ်စံကအခွင့်ကောင်းယူပြီး ထပ်ကာဆင့်ပြီးပွဲသိမ်းရိုက်ရန်ပြင်တော့မှ...မိမိအသက်ထက်မညှာနိုင်တော့သဖြင့်...





"ရှော့..."

"ဖြောင်း..."

"အား..."

အိမ်စံရယ်...

မိုးစံ၏တုံ့ပြန်ရိုက်ချက်နှင့်အတူအိမ်စံသူ့အရှိန်နှင့်သူ မျှောပေးလိုက်သဖြင့် ဝါးချွန်အောက်တွင်အိမ်စံရောက်ရှိသွားလေပြီ။

မိုးစံငုံ့ပင်မကြည့်ရက်တော့သဖြင့် တစ်ဖက်ခေါင်ပေါ်သို့ ခုန်တက်လိုက်ပြီး အောင်ပွဲပန်းကိုရင်ဘတ်တွင်ထိုးလိုက်သည်။

မိုးစံဘဝတွင် ဘယ်လိုမှမေ့မရနိုင်သောနေ့လေးပင်...

အိမ်စံနှင့် သူငယ်ငယ်ကစံအိမ်ကြီးတွင် စတင်ပြီးဆုံခဲ့စဉ်က ပြောခဲ့သည့်စကားတွေကိုကြားယောင်နေမိသည်။

"မိုးစံ"

"ဘာလဲ အိမ်စံ"

"နင်နဲ့ငါ သူငယ်ချင်းလုပ်ကြရအောင်"

"ဟင့်အင်း...မဖြစ်ဘူး စံအိမ်ကြီးမှာသူငယ်ချင်းဆိုတာမရှိရဘူးလို့ ဒေါ်ဖာအိုပြောခဲ့တာ နင်မမှတ်မိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိပါတယ်ဟာ ငါတို့သူငယ်ချင်းဖွဲ့တာကို နင်နဲ့ငါပဲ သိထားရင် ဘာမှမဖြစ်ပါဘူး"

"ကောင်းပြီ ဘာသက်သေထားမလဲ"

"ဟိုမှာတွေ့လား ချယ်ရီပင်ပေါက်လေး"

"တွေ့တယ်"

"ဒီချယ်ရီပင်ပေါက်လေးကို နင်နဲ့ငါ ရေလောင်းပြီးကြီးထွားအောင်လုပ်နေသရွေ့ ငါတို့သက်ဇံလေပေါ့..."

"အေး...အေး...ဟိုမှာဒေါ်ဇာအိုကြီးလာနေပြီသွားတော့"

ခုဆိုလျှင် ချယ်ရီပင်ငယ်သည် အပင်ကြီးဖြစ်၍ ချယ်ရီပန်းတွေတောင် ပွင့်နေခဲ့ပြီ အိမ်စံတစ်ယောက်ကတော့ လူ့လောကကြီးတွင် မရှိတော့ပေ...

မိုးစံခုတင်ပေါ်တွင် ခြေပစ်လက်ပစ်လှဲချလိုက်ပြီး လက်ထဲတွင်ကိုင်ထားသော သေနတ်ကိုမျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။

"ငါတို့ဘဝတွေဟာ စံအိမ်ကြီးထဲမှာပဲ အဆုံးသတ်ရတော့မှာလား...သခင်မကြီးရဲ့ လက်ညှိုးထိုးအမိန့်အောက်မှာ...ဘဝဟာ





နိဂုံးချုပ်ရမဲ့ သူတွေဖြစ်နေပါလား...ဟင် ငါဖောက်ပြန်ရေးအတွေးအခေါ်တွေ ငါ့ခေါင်းထဲကို ဘယ်လိုလုပ်ပြီးရောက်နေတာလဲ..."

မိုးစံမျက်လုံးထဲတွင် ဟားတိုက်ရယ်မောနေသော သခင်မကြီးမျက်နှာကိုမြင်ယောင်လာပြီးမျက်လုံးကိုမှိတ်ချလိုက်သည်။

ထိုည ဦးမင်းလုသော်၏ အသက်ဝိညာဉ်ကို နှုတ်ယူဖို့တစ်ရက်နောက်ဆုတ်လိုက်သည်ကိုတော့ မိုးစံ ခိုင်မာစွာဆုံးဖြတ်ချက်ချနိုင်ခဲ့လေပြီ...

"ငါ့စိတ်ဓာတ်တွေကို ပြန်ပြီးတင်းရမယ်"

သခင်မကြီးပေးသည့်တာဝန်ကို ကျေပွန်စွာထမ်းရွက်နိုင်သူဖြစ်စေရမယ်...ဒါဟာစံအိမ်ကြီးရဲ့ သံမဏိအမိဌာန်တစ်ခုပဲ...တွေဝေခြင်းဟာ ကျဆုံးခြင်းပဲ...ရန်သူလို့သတ်မှတ်ပြီးရင် ဘယ်တော့မှမိတ်ဆွေမဖြစ်စေရဘူး...မဖြစ်စေရဘူး..."

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ဒီစံ သေမင်းအမှတ်တံဆိပ် ခေါင်ရမ်းပန်းကို စိုက်ကြည့်ပြီး တွေဝေနေသလား...ဒါမှမဟုတ် ခေါင်ရမ်းပန်း၏ဝိညာဉ်ပူးကပ်မှုတွေကဒီစံ စိတ်အစဉ်ကိုတုန်လှုပ်ချောက်ချားစေနေသည်လားမသိပေ...

ဒေါ်မြစံထိပ်ထားကိုဒီစံသတ်ရတော့မည်...

ဒေါ်မြစံထိပ်ထားခြံဝနားတွင် အစောင့်အကြပ်ဆိုလို့ ဘာမှ ထူးထူးခြားခြားမရှိခဲ့ပေ...

ထူးခြားနေသော အရာက...ညှို့မျက်ဝန်းပိုင်ရှင်တစ်ဦး...

ထိုလူ၏နာမည်ကရတုပိုင်မုဆိုးမမိခင်ကြီးကိုကျွေးမွေးနေသူ လောက်ပဲ ဒီစံ စုံစမ်းသိရှိခဲ့ရသည်။

ဒေါ်မြစံထိပ်ထားနှင့်ဘယ်လိုပတ်သက်သလဲဆိုသည်ကိုဒီစံ





စုံစမ်း၍မရခဲ့ပေ...

ဒေါ်မြစံထိပ်ထား၏ခြံထဲသို့ရတုပိုင်ဆိုသည့်လူရောက်ရှိနေသည်မှာ ဒီနေ့နှင့်ဆိုလျှင် (၇)ရက်လောက်ရှိနေခဲ့ပြီ...ဘာ့ကြောင့် ရောက်ရှိနေတာလဲ...ရတုပိုင်ကို ဒေါ် မြစံထိပ်ထားက ငှားရမ်းထားခဲ့ခြင်းလားပင်မသိ...

"ဟင်း..."

ထိုအတွေးကဒီစံခေါင်းထဲကိုရောက်သွားသည်နှင့်နှလုံးသားသည်တုန်လှုပ်မှုလျှင်တစ်ခုကိုခံစားလိုက်ရသလိုပင်...

ဒီစံ...ရတုပိုင်နှင့်ရင်ဆိုင်ရမည်ကိုဘယ်လိုမှအင်အားမရှိနိုင်သူတစ်ဦး ဖြစ်နေလေပြီ။ ဒီစံကို စံအိမ်ကြီးတွင် သွေးအေးစွာဖြင့် ရက်စက်တတ်သည့်ဘွဲ့ကို ဒေါ်ဖာအိုကြီးကိုယ်တိုင် ချီးမြှင့်ခြင်းခံထားရသူ ဖြစ်ပေမယ့် ခုပွဲတွင် ဒီစံ၏ သွေးအေးမှုတို့သည် ဆူပွက်ထနေသောမီးတောက်တစ်ခုပမာဖြစ်နေသည်။

"မဖြစ်ပါစေနဲ့... ရတုပိုင်ဟာဒေါ်မြစံထိပ်ထားကို ကာကွယ်ပေးတဲ့သူတစ်ဦးမဟုတ်ရဘူး...မဟုတ်ရဘူး..."

ဒီစံ ဒီနေ့ ဒေါ်မြစံထိပ်ထားကို ရှင်းဖို့အတွက် နေ့ရာကို စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့လေပြီ၊ ဒေါ်မြစံထိပ်ထား အပြန်ခရီးကိုစောင့်ပြီး လုပ်ကြံရန် အတွက်နေရာကောင်းကိုရွေးချယ်ထားသည်။

ဒီစံ ရွေးချယ်ထားသောနေရာမှာ ကားတွေ့လမ်းဖြစ်ပြီး ဒီစံ အတွက် စိတ်ကြိုက် ဒေါ်မြစံထိပ်ထားကိုပစ်ခတ်နိုင်မည်ဖြစ်သည်။

သစ်ပင်ပေါ်သို့တက်ပြီး မစ်ကွင်းကောင်းကို စိတ်ကြိုက်ပြင် ဆင်ပြီးစောင့်နေသည်။

"ဝူး..."

"ဟင်..."

တောင်ပေါ်လမ်းထက်မှ ကားတစ်စီးမောင်းလာပြီဆိုသည် ကိုသိလိုက်ပြီးနောက် ပြောင်းရှည်သေနတ်ကိုအသင့်ပြင်လိုက်သည်။

"ဟယ်..."

သေနတ်ပစ်ကွင်းထဲဝင်လာသောကားမှာ ဒေါ်မြစံထိပ်ထား ကားမဟုတ်ဘဲ တခြားကားတစ်စီးဖြစ်နေသဖြင့် သေနတ်ကိုအောက် သို့ပြန်ချပြီး မှန်ဘီလူးဖြင့် ကားကိုကြည့်တော့...

"ဟင်..."

ဒီစံ လှည့်စားခြင်းကိုခံလိုက်ရပြီ၊ ဒေါ်မြစံထိပ်ထား အိမ်က





ထွက်သွားစဉ်က ကားတစ်မျိုး ပြန်လာတော့ ကားကတစ်မျိုးဖြစ်နေ ခြင်းပင်၊ သေနတ်ကိုပြန်ပြီးပြင်ဆင်ပေမယ့် လုံးလုံးနောက်ကျသွားခဲ့ လေပြီ၊ ကားပေါ်တွင် ဒေါ်မြစံထိပ်ထားနှင့် ရဲတော်ပိုင်...

"ရှင် ဘာလို့ ဒေါ် မြစံထိပ်ထားနောက်ကို တစ်ကောက် ကောက်လိုက်နေရတာလဲ... ရှင့်ကို ကျွန်မ မသတ်ချင်ဘူး"

ဒီစံ... သူ့လက်နက်ပစ္စည်းတွေကို ပြန်ပြီးသိမ်းဆည်းကာ တောထဲမှ ပြန်ပြီးထွက်လာခဲ့သည်၊

ဒေါ်မြစံထိပ်ထားကို ဒီစံ လျှော့ပြီးတွက်၍မရတော့ပေ။

ဒေါ်မြစံထိပ်ထားဘက်က ပြင်ဆင်ထားမှုတွေက ပိပိရိရိသေ သေသပ်သပ်နှင့် ပရိယာယ်ကောင်းလှသည်။

နောက်တစ်ကြိမ် ဒီစံကို ဒေါ်မြစံထိပ်ထား လှည့်စား၍မရနိုင် အောင်တော့ သတိထားရတော့မည်ဖြစ်သည်။

အိမ်ဆီသို့ပြန်လာခဲ့သော ခြေလှမ်းတွေက သွက်လက်မှုမရှိ ဘဲ ခပ်မှန်မှန်ပင် လျှောက်လာခဲ့သည်၊

ဒီနေ့အတွက် ဒေါ် မြစံထိပ်ထားကိုသူသတ်ဖို့ အခွင့်အရေး တစ်ခုက ဆုံးရှုံးသွားခဲ့ပြီ မဟုတ်လား...



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး မရိုက်ပါနဲ့ ကြောက်ပါတယ်"

"သူခိုးမ…လာစမ်းနင့်ကို အရိုးကျိုးအောင်ရိုက်မယ်"

"ဟင်"

ခြံထဲမှကြားရသောအသံကြောင့်ဒီစံကြည့်လိုက်တော့ (၇) နှစ်အရွယ်ကောင်မလေးကိုလူကြီးတစ်ယောက်ကရိုက်နှက်နေသည်ကိုတွေ့လိုက်ရသည်နှင့်စိတ်ကိုထိန်းမရအောင်ဖြစ်သွားပြီး…

"ဟို…လူကြီးကလေးကို့ စလွှတ်စမ်း"

"ဘာကွ"

လူကြီးမျက်လုံးတွေကဒီစံကိုစူးစူးရဲရဲကြည့်နေသည်။

"ရှင် အနိုင်မကျင့်နဲ့"

"ငါအနိုင်ကျင့်နေတာမဟုတ်ဘူး၊ငါ့ခြံထဲက လိမ္မော်သီးတွေ ဝင်ပြီးခိုးလို့ ဆုံးမနေတာမင်းနဲ့ဘာပတ်သက်လဲ"

"ပတ်သက်လို့ပြောနေတာ ခုလွှတ်ဆိုလွှတ်ပါ"

"မလွှတ်ဘူးကွာ…ကဲ…"

"မမရယ်…ကယ်ပါဦး…"

"တောက်…"





"ဝုန်း"

ပိတ်ထားသည့်ခြံတံခါးကို ဆောင့်ကန်ပြီး ခြံထဲဝင်ခဲ့သည်။ ခြံထဲရောက်မှ ဒီစံအမှားတစ်ခုကို ကျူးလွန်ခဲ့ပြီဆိုသည်ကို သိလိုက်သည်။ ပထမအမှားက သူများခြံထဲကိုဝင်ရောက်မှု ဒုတိယအမှားက ကိုယ်လုပ်ဆောင်ရမည့် ကိစ္စအတွက် အဟန့်အတားဖြစ်စေမည့် ပြဿနာကိုဒီစံဝင်တိုးလေပြီ…

"ဩော်…မင်းက အခုကပဲ ငါ့ခြံထဲတောင်ဝင်ရဲတယ်ပေါ့"

"မမ…"

"ရှင်…လွှတ်…နော်"

"မလွှတ်ဘူးကွာ…"

"ကဲဟာ…"

ဒီစံ၏မြန်ဆန်လှသောတိုက်ခိုက်မှုကြောင့်ထိုလူကြီးနောက်ပြန်လဲကျသွားသည်နှင့်…

"နက်ကျော်…ဂျင်မီ…"

"ဝေါင်း…ဝေါင်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျားပေါက်ကြီးများမှတ်ရသော ခွေးနက်ကြီးတွေ ပြေးထွက်လာသည်ကိုတွေ့လိုက်ရသည်။

ဒီစံလက်နက်အိတ်ကို လှုံခြုံသည့်နေရာတွင် သိမ်းဆည်းခဲ့သဖြင့် တာလက်နက်မှမပါဘဲ လက်ချည်းသက်သက် ...

"သမီး ဒီဘက်ကိုလာ"

ကလေးမကို တစ်ဖက်သို့ဆွဲပြီး ဒီစံနောက်တွင်ထားကာ ခွေးနက်ကြီးနှစ်ကောင်ကို ရင်ဆိုင်ရန်ပြင်လိုက်သည်။

"ဝေါင်း..."

"ဖြောင်း"

"ဂိုး"

ပထမဆုံးခုန်ဝင်လာသည့်ကောင်ကို ခြေဖြင့်စတ်ပြီး နောက်သို့ဆုတ်ကာ နောက်တစ်ကောင်၏မျက်နှာကို ကန်ချလိုက်သည်။

"ဟင်"

ကောင်မလေးကို လွှင့်စဉ်သွားသည့် ခွေးနက်ကြီးက ပြေးဝင်ပြီးကိုက်သောကြောင့်...

"သမီး...ဆုတ်...အား"





ကလေးမကိုဆွဲပြီးမှကာ နောက်သို့အဆုတ် နောက်တစ်ကောင်က ဒီစံ၏ခြေထောက်ကို ခဲမိသွားသည်။

ဒီစံ ဟန်ချက်ပျက်ပြီး မြေတွင်ကလေးမကိုဖက်ကာလှိမ့်ထွက်ပေမယ့် ခွေးကြီးနှစ်ကောင်က သဲကြီးမဲကြီးပင် ကိုက်နေသောကြောင့် အခက်တွေ့နေသည်။ ဒီစံ တစ်ယောက်တည်းဆိုလျှင်တော့ ရှောင်ထွက်ပြီးတုံ့ပြန်၍ရနိုင်ပေမယ့် ကလေးမရှိနေသောကြောင့် အလူးအလဲခံနေရသည်။

"ဂိုး"

"ဂိန်"

"ဟင်"

ဒီစံကို ချွန်မြသောအစွယ်ကြီးဖြင့်ကိုက်မည့် ခွေးနက်ကြီးခေါင်းကို စတီးပြားလေးတစ်ခုစိုက်ဝင်သွားပြီး နောက်ကိုဆုတ်ပြေးလေသည်။

"ရှီး"

"ဂိန်"

ကျန်သောတစ်ကောင်၏ ပေါင်ကိုဒုတိယစတီးပြားလေး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ဝင်သွားသည်နှင့် ခွေးနက်ကြီးနှစ်ကောင်လုံး သူ့သခင်အော်သည်ကို တောင် ဂရုမပြုနိုင်တော့ဘဲ အမြီးကုပ်ပြီးပြေးလေသည်။

"မင်းတို့...မင်းတို့ကို ရဲနဲ့ဖမ်းခိုင်းမယ်"

"ခင်ဗျားကြိုက်သလိုလုပ်"

"ရတုပိုင်..."

ဒီစံ နှုတ်မှ ဖွဖွလေးခေါ်မိသည်...

"မင်းထနိုင်လား"

"ရ...ရပါတယ်...အား...ကျွတ်..."

ခန္ဓာကိုယ်တစ်ခုလုံး ခွေးနက်ကြီးကိုက်သည်ကို ရှောင်တိမ်းရင်းထိရှခဲ့တာတွေက များနေသောကြောင့် နာကျင်ကိုက်ခဲနေသည်။

"ငါတွဲပေးမယ်"

"ကျေး...ကျေးဇူးပါပဲ"

"မင်းဒဏ်ရာတွေကများတယ် ဒီခွေးဘွကအဆိပ်ပြင်းတယ် ဆေးခန်းကိုသွားပါလား"

"နေပါစေ...ဒီလောက်ကြီးမဟုတ်ပါဘူး...အိမ်ကိုပဲ ပို့ပေးပါ"

"ကောင်းပါပြီ မင်းအိမ်က ဟိုတစ်ခါအိမ်မဟုတ်လား"





"ဟုတ်ပါတယ်"

"ဒါဖြင့် သွားကြရအောင် ဒီကလေးမကာရော"

"သမီးက...ဟိုရှေ့နားလေးကပါ...မေမေ့အတွက်လိမ္မော်သီးဝင်ပြီးခိုးမိလို့ခုလိုမမခွေးကိုက်ခံရတာပါ..."

"ကဲ...သမီးစိတ်မကောင်းမဖြစ်နဲ့ မမဘာမှမဖြစ်ပါဘူး"

"မင်းတို့ဘယ်လဲ"

"ခင်ဗျားမမြင်ဘူးလားပြန်မလို့"

"ဒီလိုပြန်လို့ဘယ်ရမလဲကွ ရဲတွေလာအောင်စောင့်ဦး"

"ခင်ဗျား စကားတော်တော်ရှည်တဲ့လူပဲ...ကဲကွာ..."

"ခွပ်"

ရတုပိုင် လက်သီးကထိုလူကြီး မေးရိုးဆီသို့ ရောက်သွားပြီး ဒုတိယအကြိမ်နောက်ပြန်ကျသွားသည်။

ဒီတစ်ခါတော့ နက်ကျော်၊ ဂျင်မီဟု မခေါ်နိုင်တော့ပေ...

"ခင်ဗျားရှင်းချင်တယ်ဆိုရင် ဒေါ်မြစံထိပ်ထားအိမ်ကိုလာခဲ့ တချုပ်နာမည်ရတုပိုင်"

ဒေါ်မြစံထိပ်ထားအမည်ကို ပြောလိုက်သည်နှင့် ထိုလူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ ဘာစကားသံမှ ထွက်ပေါ်လာခြင်းမရှိတော့ပေ။

ဒီစံကို ခြံထဲထိ ရတုပိုင် လိုက်ပြီးပို့ပေး၍ အိမ်အပေါက်ဝသို့

ရောက်တော့...

"ရပါပြီ...ကိုရတုပိုင်"

"မင်း...ဒဏ်ရာတွေကို မပေါ့ပါနဲ့"

"ဟုတ်ကဲ့"

ဒီစံဘဝတွင် ယောကျ်ားသားတစ်ယောက်၏ ကာရုဏာစကား

ကို ပထမဦးဆုံး ကြားဖူးခြင်းကြောင့် ရင်တွေဖိုမိခဲ့သည်။

ရတုပိုင် ထားခဲ့ပြီး ပြန်ပြီးထွက်သွားချိန်မှာ...

"ဟင်...မူး...မူးလိုက်တာ"

"မမ..."

ဒီစံ အိမ်တံခါးဘောင်ကို ကိုင်ရင်း ခွေပြီးကျသွားပေမယ့် ဒီး

နားထဲမှာတော့...

"ဦးဦး...ဦးဦး... ဒီမှာ မမလဲကျသွားပြီ လုပ်ပါဦး"

■ ■ ■



# အခန်း (၁၀)

"ဟင်..."

ယွန်းစံ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ သူ တစ်ကြိမ်တစ်

ခါမှ မရောက်ဖူးသေးသော အခန်းတစ်ခုထဲကို ရောက်နေသည်။

"မင်း...သတိရလာပြီလား"

"ရှင်...ရှင်..."

"ကျုပ်ဘယ်သူလဲဆိုတာ မင်းသိနေမှာပါ။ မင်းသတ်ချင်တဲ့

ဦးစည်သူမင်းခေါင်ရဲ့ သားကြီး အိုက်စံခေါင်..."

ယွန်းစံကို ကယ်တင်ခဲ့သော ကျေးဇူးရှင်တစ်ဦး...

တကယ်ပင် အံ့ဩဖို့ကောင်းလှသည်။ ဖခင်ဖြစ်သူကို သတ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့လာသည့်သူကို ကယ်တင်ခဲ့သော အိုက်စံဖေါင်၏ နှလုံးသားကို မယုံကြည်နိုင်လောက်အောင်ဖြစ်မိသည်။

"အား...နာ...လိုက်...တာ"

"မင်းလက်ကိုမလှုပ်ရှားနဲ့၊ ကျည်ဆံကခွဲထုတ်ထားတာမကြာသေးဘူး"

"ကျွန်မ...ဘယ်ကိုရောက်နေတာလဲ"

"မင်းအတွက် စိတ်ချလုံခြုံရတဲ့ နေရာတစ်ခုပါ၊ ဘာမှ မင်းမစိုးရိမ်နဲ့၊ မိန်းကလေးငါဟာ မင်းရန်သူမဟုတ်ဘူး"

"ကျွန်...ကျွန်မ..."

"မင်းဘာပြောချင်လဲပြောလေ"

ယွန်းစံ ဘာပြောရမှန်းပင်မသိတော့ပေ။ သူမှာပြောစရာစကားရှိပေမယ့် သူ့နှုတ်ဖျားက ကျေးဇူးတင်ပါတယ်ဆိုသည့် စကားလေးကို တောင်ပြောဖို့ဝန်လေးနေသည်။

စံအိမ်ကြီးတွင်ငယ်ငယ်လေးကတည်းက တစ်ဦးကိုတစ်ဦးကူညီပေးတာမျိုးလည်းမရှိခဲ့သဖြင့် ကျေးဇူးတရားဆိုသည်ကို ဘယ်သောအခါမှမကြားဘူးခဲ့ပေ...ကျေးဇူးတင်ပါတယ်ဟု ပြောမိသည်နှင့်





ဒေါ်ဇာအိုဖ်၏ကြာပွတ်က ကျောပြင်သို့ရောက်ရှိလာမှာ မလွဲပေ...

"ကျေး...ကျေးဇူးတင်ပါတယ် အစ်ကို"

"ရပါတယ် မိန်းကလေး...လူလူချင်းကြားမှာ မေတ္တာတရားနဲ့ဆက်ဆံကြတာဆိုတော့ ကျေးဇူးစကားကို အသိအမှတ်ပြုပါတယ်၊ မင်းနာမည်ဘယ်လိုခေါ်လဲ"

"ယွန်းစံပါ"

"စပ်စုတာတော့မဟုတ်ဘူးနော်...ဒါပေမယ့်မင်းကိုမေးချင်တယ်"

"ဟုတ်ကဲ့...မေးပါ"

"ငါ့အဖေနဲ့ မင်းကြားမှာ ရန်ငြိုးရှိခဲ့မှာ မဟုတ်ဘူးလို့ ငါယုံကြည်တယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို မင်းကို တစ်စုံတစ်ယောက်က ခိုင်းခဲ့တာပေါ့"

"ဟုတ်ပါတယ်"

"မင်းက ကြေးစားလူသတ်ပေးရတဲ့လူတစ်ယောက်လား မိန်းကလေး..."



www.burmeseclassic.com

"ကျွန်မ…ကျွန်မ…"

ယွန်းစံ.. အိုက်စံခေါင်၏အမေးစကားကို ဘယ်လိုပြောရမလဲဆိုသည်ကို စဉ်းစား၍ပင်မရ၊ သူမဘဝအကြောင်းကိုပြောပြဖို့ သူ့မှာရာဇဝင်မရှိ၊ သူမသိနေသောရာဇဝင်သည် စံအိမ်ကြီးပင်ရှိသည်၊

"မင်းပြောရခက်နေရင် မပြောပါနဲ့ဦးလေ၊ မင်းပြောပြနိုင်တဲ့အခါမှ ပြောပြပေါ့၊ မင်းလက်က ဒဏ်ရာက အနည်းဆုံး (၂)လလောက်တော့ ကုရမယ်"

"ရှင်…"

ယွန်းစံကို သခင်မကြီးပေးထားသော အချိန်ကတစ်လ ခုသူ ဒဏ်ရာက (၂)လလောက်နားရမယ်ဆိုတော့…သေမင်းထံသို့ယွန်းစံ လှမ်းရတော့မည်ဖြစ်သည်၊

"ကျွန်မကို သွားခွင့်ပြုပါ"

"မိန်းကလေး မင်းစိတ်တွေကိုလျှော့ပြီး စိတ်ကိုအေးချမ်းစွာ တည်ဆောက်ပါ…မင်းဒဏ်ရာနဲ့ ငါ့ဖခင်ကိုနောက်တစ်ကြိမ်သတ်ဖို့ကြ စည်လည်း အကျိုးမရှိနိုင်ဘူး…မင်းလက်ကဒဏ်ရာက အရိုးကိုထိမှ ခဲ့တာဆိုဖတော့ ပျောက်ကင်းမှမင်းလက်လှုပ်ရှားနိုင်မှာပြီးတော့ဘယ်





သန့်သမားဘယ်ဘက်လက်ကိုထိတော့ ဘာဆက်ပြီးလုပ်နိုင်မှာလဲ… ရော့ ဗိုက်ဆာရင်စားဖို့ မြူစွမ်လေးကို ကြက်သားနဲ့ ပြုတ်ထားတယ် သောက်လိုက်ပြီးရင်ဘေးကဆေးကိုသောက်လိုက် မင်းအပြင် သွားချင်ရင် ငါဟိုဘက်အခန်းမှာရှိတယ်…တစ်ယောက်တည်းပြေး မယ်ဆိုရင်တော့ ငါမတားပါဘူး…မင်းသွားနိုင်တယ်ဒီနေရာဟာ တောင်ကလေးတစ်ခုပေါ်က ငါ့ရဲ့ငြိမ်းချမ်းရေးပန်းအိမ်ကလေးပဲ… မင်းသွားချင်တဲ့ ဆန္ဒပေါ်တဲ့အခါသွားပါ…"

အိုက်စံခေါင်…ယွန်းစံကိုအခန်းထဲမှာထားခဲ့ပြီး အပြင်သို့ပြန် ပြီးထွက်သွားလေသည်၊

ယွန်းစံ ဆန္ဒကသာအပြင်သို့ ထွက်သွားချင်ပေမယ့် လက် မောင်းကဒဏ်ရာအရှိန်ကြောင့် လှုပ်၍ပင်မရနိုင်ပေ…

အိုက်စံခေါင်ပြောသလိုယွန်းစံခုလိုပုံစံဖြင့် ဦးစည်သူမင်းခေါင် ကိုသတ်နိုင်ဖို့ဆိုသည်မှာ စိတ်ကူးသက်သက်ပင်…

စောလှခေါင်ကိုရင်ဆိုင်ဖို့ဆိုသည်မှာလည်း ဘယ်လိုမှ မဖြစ်နိုင်သည့်ကိစ္စ.. သူ့ဒဏ်ရာပျောက်သည်အထိဆိုလျှင်လည်း သခင်မကြီး၏သတ်ဖြတ်မှုကို မလွဲမသွေခံရမည်ဖြစ်သည်၊

www.burmeseclassic.com



သခင်မကြီးကိုပြေးပုန်းဖို့ဆိုသည်မှာ မြေလျှိုးမိုးပျံနိုင်မှဖြစ်မည်။

သခင်မကြီးမှာ နတ်မျက်စိ၊ နားတွေပါသလိုမျိုး သူ့လူတွေက ယွန်းစံတို့နောက်တွင် အရိပ်လိုရှိနေမှာသေချာသည်။

ယွန်းစံ ဘာလုပ်ရမလဲ...ရက်ပိုင်းအတွင်းဒဏ်ရာမြန်မြန်ကောင်းနိုင်အောင် ကြိုးစားဖို့ပဲရှိတော့သည်။ ဒါမှဦးစည်သူမင်းခေါင်ကို ယွန်းစံသတ်နိုင်မှာဖြစ်သည်။

အိုက်စံခေါင်...သူကရော သူ့ဖခင်ကြီးကိုသတ်မှာကို ဘာမှမသက်ဆိုင်သလို နေမယ့်သူလား...အိုက်စံခေါင်သာသူမအပေါ် ရက်စက်မည်ဆိုလျှင် သခင်မကြီးသတ်ဖို့တောင် အခွင့်အရေးရမည်မဟုတ်ပေ...

"ဟင်"

အခန်းနံရံတွင် ချိတ်ထားသောဓာတ်ပုံလေးဆီသို့ ယွန်းစံမျက်စိရောက်သွားပြီး ကြည့်လိုက်တော့...

စောလှခေါင်, အိုက်စံခေါင်နှင့်အတူ အိုက်စံခေါင်လက်ပေါ်တွင် (၃) နှစ်အရွယ်ကလေးလေးတစ်ယောက်ကို ပွေ့ချီထားပြီး ရိုက်





ထားသောဓာတ်ပုံပင်ဖြစ်သည်။ ယွန်းစံ ခေါင်းထဲတွင်ယခုနေ့အချိန်ထိ စဉ်းစား၍ မရအောင်ဖြစ်ခဲ့သော အဖြစ်အပျက်လေးတစ်ခုက အိပ်မက်လိုလို တကယ်လိုလို ခံစားနေရသည်။

ယွန်းစံ စံအိမ်ကြီးကို ဘယ်လိုလုပ်ပြီးရောက်ခဲ့တာလဲ...

ယွန်းစံကို ဘယ်သူကပို့ခဲ့တာလဲဆိုသည်ကို စဉ်းစား၍မရပေ... ယွန်းစံလိုပဲ စံအိမ်ကြီးထဲတွင် ရှိနေခဲ့ကြသည့်မိန်းကလေးတွေကရော ဘယ်လိုလုပ်ပြီးရောက်လာခဲ့ကြတာလဲ...သခင်မကြီးဟာ ဘာကြောင့်သူတို့ကို ငယ်ငယ်လေးကတည်းက ကြီးပြင်းအောင်မွေးပြီး လူသတ်ခိုင်းရတာလဲ...

အမေးများစွာ ယွန်းစံခေါင်းထဲသို့ရောက်ရှိလာပြီး တစ်ခေါင်းလုံးကိုက်ခဲသလိုဖြစ်သွားသည်။

"မီး...မီး...မီးတွေလောင်နေပြီ"

"သမီးလေးကို သွားပြီးခေါ်လေ"

"သမီး..."

"ဟင်"

ထိုအသံတွေက ယွန်းစံနားထဲတွင် ကြားကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်မကြားဖူးသောအသံတွေပင်ဖြစ်သည်။

ယွန်းစံ ဖဆးသောက်ပြီး မျက်လုံးအစုံကိုမှိတ်ကာဒဏ်ရာအရှိန်နှင့် မေ့နေလိုက်ရင်းအိပ်ပျော်သလိုဖြစ်သွားသည်။

"ဂျိုင်း"

တံခါးရှပ်ကြီးကို လူတစ်ယောက်ကန်ပြီးဖွင့်လိုက်သည်နှင့် မီးခိုးလုံးကြီးတွေက အခန်းထဲသို့ဝင်လာသည်။

ထိုလူကြီးက စတင်ဒေါ်ရှိပုခက်လေးထဲက ကလေးကိုပွေ့ယူပြီး...ဝရန်တာပေါ်သို့ထမ်းတင်သွားသည်။ ပြီးတော့မီးတွေလောင်ကျွမ်းနေသည့်အထဲမှအပြင်သို့ထွက်သွားခဲ့သည်။

"ဟိုမှာ...သမီးလေးကိုခေါ်သွားပြီ လိုက်ကြစမ်း...လိုက်ကြစမ်း..."

"ဟေ့ကောင်...မပြေးနဲ့"

နောက်မှလူအုပ်ကြီးက ဓါးလှံလက်နက်တွေနှင့် လိုက်လာကြပြီး...လူကြီးက,ကလေးငယ်ကို လက်ကလုံးဝမချဘဲ အတင်းပြေးရင်းချောက်ကမ်းပါးတစ်ခုဆီသို့ ရောက်သွားသည်။

"ဟေ့ကောင်မင်း...မင်းငါ့သမီးလေးကို ထားခဲ့..."





နောက်မှလှမ်းပြီးအော်သံကိုလူကြီးကလုံးဝဂရုမစိုက်ဘဲ...

"ဟေ့ကောင်..."

"ဗုန်း"

"ဟင်"

ယွန်းစံအိပ်မက်ဆိုးကြီးကို ပြန်ပြီးမက်ပြန်ပြီ...

မျက်နှာတစ်ခုလုံးချွေးစေးတွေထွက်လျက်...

"မိန်းကလေး"

"ကိုအိုက်စံခေါင်"

"မင်းဘာဖြစ်တာလဲ"

"ဟို...အိပ်မက်ဆိုးတွေမက်နေတာပါ"

"ရော့...ရေလေးသောက်လိုက်ဦး မျက်နှာတစ်ခုလုံးလည်းချွေးတွေစေးကျနေတယ် သုတ်လိုက်ဦး..."

အစ်ကိုတစ်ယောက်က ညီမဖြစ်သူကို ကြင်နာမှုပေးနေသလို ခံစားလိုက်ရသည်။

"အိပ်မက်ဆိုတာ စိတ်အာရုံတွေရဲ့အပေါ်မှာ ကောင်းရင်ကောင်းသလိုမက်ပြီး မကောင်းရင် မကောင်းသလို မက်တတ်တယ်..



www.burmeseclassic.com

www.burmeseclassic.com



မင်းစိတ်အာရုံတွေက အံရမ်းကိုလှုပ်ရှားနေတော့ အိပ်မက်ဆိုးတွေ မက်တတ်တဲ့သဘောပါ..."

အမှန်တကယ် အိုက်စံခေါင်ပြောသလို ယွန်းစံ စိတ်အာရုံ တွေများနေခဲ့သူဖြစ်၍ အိပ်မက်ဆိုးကို မက်ခဲ့ခြင်းဖြစ်သည်။

"လူတစ်ယောက်အသက်ကို သတ်တယ်ဆိုတာလွယ်တဲ့ ကိစ္စမဟုတ်ဘူးမိန်းကလေး...မင်းဘက်က ဘယ်လောက်ပဲ သတ်ချင် နေနေ အသတ်ခံရမယ့်သူဘက်ကလူများသတ်လို့မသေတဲ့အစိတ် ကံပါလာရင် ဘယ်လိုမှမသေနိုင်ဘူးမင်း ဘယ်ဘာသာဝင်လဲ..."

"ရှင်..ဟို...အင်း...ဗုဒ္ဓဘာသာ..."

ဘာသာရေးနှင့်ပတ်သက်ပြီးယွန်းစံဘဝတွင် တိတိကျကျ သိခဲ့ရခြင်းမရှိခဲ့ပေ...စံအိမ်ကြီးတွင်အသက်(၁၅)နှစ်အရွယ်ရောက်မှ အပြင်ကို ဒေါ်ဖာအိုခေါ်သွားလေ့ရှိပြီး တခြားလူတွေနှင့် စကားတော့ ပြောခွင့်မရခဲ့ပေ...ဒေါ်ဖာအိုခေါ်သည့်နေရာကို လိုက်ပြီးတော့ကြည့် ပြောတာကို နားထောင်ပြီး ပြန်ခဲ့ရတာပဲ ရှိသည်။

ဘုရားတွေစေတီတွေကိုတွေ့ရပေမယ့် ဘာကြောင့် ဘုရား ဟုခေါ်သည်၊ စေတီဟုခေါ်သည်ကို ဒေါ်ဖာအို မရှင်းပြခဲ့ပေ..ကန်တော့





ဖို့ကားပိုကာဝေးသောကိစ္စပင်...

"မင်းကိုကြည့်ရတာအရုပ်တစ်ရုပ်လိုပဲ"

"ဟင်"

သူတကယ်ပင် သခင်မကြီး၏ အရုပ်တစ်ရုပ်ဖြစ်နေသည်ကို အိုက်စံခေါင် သိ၍ပြောနေသလားထင်ရသည်။

"ရှင် ဘာလို့ဒီလိုပြောနိုင်တာလဲ"

"တခြားအကြောင်းတော့မဟုတ်ပါဘူး မင်းစကားပြောပုံ၊ နေပုံ ထိုင်ပုံတွေကို ကြည့်ပြီးပြောမိတာပါ..မင်းဟာ ကြိုးကိုင်ကောင်း တဲ့လူတစ်ယောက်ရဲ့အောက်မှာရောက်နေသလား..မိန်းကလေး"

တုံ့မိဘာဝေ ယွန်းစံဘာမှမပြောဘဲ ငြိမ်နေလိုက်ရသည်။ ဝန်လည်းမခံချင်သလိုငြင်းလည်း မငြင်းချင်ပေ...

"ထားလိုက်ပါတော့ မင်းရင်ထဲမှာ ဘာတွေဘယ်လိုဖြစ်နေ သလဲဆိုတာ မင်းကိုယ်မင်းပဲသိမှာပါ...ကျုပ်တစ်ခုတော့မင်းကိုမေတ္တာ ရပ်ခံချင်တယ်"

"ဟုတ်ကဲ့ ပြောပါ"

"မင်းနလုံးသားကို နူးညံ့ဆုံးပြောင်းလဲ လိုက်ပါလား..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အရိုင်းပန်းကလေးတစ်ပွင့် ကြွေကျသွားပြီဟု တောင်ထင်ဟပ်စေသော အိုက်စံခေါင်၏စကားလေးပင်ဖြစ်သည်။

■ ■ ■



# အခန်း (၁၁)

မိုးစံအတွက် ဒီအခွင့်အရေးသည် အကောင်းဆုံးအခွင့်အရေးတစ်ခုပင်...

ဦးမင်းလှသော်၏ အသက်(၅၀)ပြည့်မွေးနေ့ပွဲကြီးကို မယ်ရီသော်မှ သူမကိုဖိတ်ခဲ့ခြင်းပင်...

မယ်ရီသော်တစ်ယောက် ဖခင်ဖြစ်သူကို သေတွင်းထဲသို့ပို့သည့်နေ့ကလေးရောက်အောင် ဖိတ်စာလေးကို ပို့ခဲ့လေပြီလား...

မိုးစံဝမ်းသာမှုရှိသော်လည်း ထိုဝမ်းသာမှုက စိတ်ကိုရှင်သန်းစေသော လန်းဆန်းမှုမဟုတ်ခဲ့ပေ...



www.burmeseclassic.com

www.burmeseclassic.com



မိုးစံပျော်ရွှင်ခြင်းသည် အဓိပ္ပါယ်မဲ့နေသလို...

ဘာပဲဖြစ်ဖြစ် သူ ဦးမင်းလုသော်ကိုမသတ်ခဲ့လျှင် သူမကို သခင်မကြီးမှသတ်မည်မှာ သေချာသည်။

ဒီအတွက်မယ်ရီသော်ကိုငဲ့ညှာနေ၍မရနိုင်ပေ...

မွေးနေ့ပွဲက ညဘက်ကျင်းပမည်ဖြစ်၍ လှုပ်ရှားရသည်မှာ ပိုပြီးကောင်းသည်။

ပစ္စတိုကို ခြေထောက်ဖွင့်အိတ်ဖြင့် ချည်ကာ...ပြင်ဆင်ပြီး ထွက်လာခဲ့သည်။ မိုးစံ...ဦးမင်းလုသော်ခြံထဲကိုမဝင်ခင်ပတ်ဝန်းကျင် အခြေအနေကို တစ်ချက်လေ့လာလိုက်ပြီး လှုပ်ရှားရမည့်ပုံစံကိုစိတ် ထဲတွင်ပုံဖော်မိသည်။

မိုးစံ အတွက် အရေးကြီးသောအရာမှာ လျှပ်စစ်မီးခလုတ် ဒါမှအမှောင်ထုထဲတွင် လှုပ်ရှားနိုင်မည်ဖြစ်သည်။

ခြံကြီးထဲကို လှမ်းဝင်လိုက်ပြီးကြည့်လိုက်တော့...

မြက်ခင်းစိမ်းပေါ်တွင် မွေးနေ့ပွဲအတွက် စားပွဲသောက်ပွဲများ ကို ပြင်ဆင်ထားပြီး တက်ရောက်ကြသော ဧည့်ပရိသတ်က မနည်း လှပေ...





"ဟော့...မိုးစံလာကွာ"

"ဪ...မမယ်ရီသော်"

"တို့ကလာမှလာပါ့မလားလို့စိုးရိမ်နေတာ"

"မမယ်ရီသော်ရဲ့ လာရမှာပေါ့..."

စားပွဲဝိုင်းအလွတ်တစ်ခုတွင် နေရာပေးလိုက်ပြီး...

"ထိုင်ဦးနော် တို့စားပွဲလေးသွားယူလိုက်ဦးမယ်"

"ဟုတ်ကဲ့"

မိုးစံ...ဦးမင်းလုသော်ကိုရှာဖွေပေမယ့်ခုထိအရိပ်အယောင် ကိုမတွေ့ရသေး...ချယ်ရီသော်တစ်ယောက်ကတော့ အလုပ်များနေ သည်ကိုတွေ့ရသည်။ ချယ်ရီသော် အလုပ်များနေသည်ကတခြား မဟုတ် သူမအပေါင်းအသင်းများအတွက် လုပ်ကိုင်ပေးနေခြင်းသာ...

"ဖေဖေ့ရဲ့ မွေးနေ့ပွဲလေးမှာ ခုလိုလာရောက်ပေးတာကို အထူးကျေးဇူးတင်ပါတယ် မိုးစံ"

"မိုးစံကိုခုလိုအထူးတလည်ဖိတ်တာကိုလည်းကျေးဇူးတင် ပါတယ်"

"ကဲ...သုံးဆောင်ဦး တို့ပြန်တော့မယ်ဧည့်သည်တွေကိုသွား



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး ပြန်လာခဲ့မယ်နော်"

"ကောင်းပါပြီ"

မိုးစံရောက်နေသည်မှာကြာသလိုဖြစ်နေသည်အထိဦးမင်းလှသော်ထွက်လာသည်ကိုမတွေ့ရသေးပေ...

"ပျင်းနေပြီလား မိုးစံ"

"မပျင်းပါဘူး မ မယ်ရီသော်"

မယ်ရီသော်နှင့် အတူ လူတစ်ယောက်ပါလာသည်။ မိုးစံနှင့်အသက်ချင်း သိပ်ပြီးကွာမည့်ပုံတော့မရှိလှ...ခပ်နွမ်းနွမ်းလေးပင်...

"မိုးစံကို မိတ်ဆက်ပေးချင်တယ် ရမလား"

"ရပါတယ်"

"သူ့နာမည်က သက်ပိုင်ဦး"

"ဟုတ်ကဲ့ မိုးစံပါ..."

မိုးစံကို မပွင့်တပွင့် ပြုံးပြပြီးအသိအမှတ်ပြုသည့် သက်ပိုင်ဦးမျက်နှာလေးက ခင်မင်ဖွယ်တော့ကောင်းလှသည်။

"တယောတစ်လက်နဲ့ဘဝကိုဖြတ်သန်းနေတဲ့လူတစ်ယောက်ပေါ့"





"ဩော်..."

အမှန်အတိုင်းပြောရလျှင် မိုးစံတို့ဘဝမှာ အနုပညာခံစားမှုနှင့်ပတ်သက်ပြီး အရမ်းကို ဝေးကွာလွန်းသည်။

တစ်ခါတစ်ရံ သခင်မကြီး စန္ဒရားသံလေးကိုသာ ကြားတတ်ရပေမယ့် သေသေချာချာနားထောင်ခွင့် ရခဲ့သည်မဟုတ်...

"မမ..."

"ဘာလဲ ချယ်ရီ"

"ဖေဖေဆီက ဖုန်းလာနေပြီ"

"ဩော်...အေးအေး...လာခဲ့မယ်၊ မိုးစံတို့ စကားပြောကြပါဦးကွယ်၊ ဖေဖေ့ကို မွေးနေ့ဆုတောင်းမေးလေးသွားပြီးလှပ်ပေးလိုက်ဦးမယ်"

"ဟင်..."

မိုးစံ ဘယ်လိုနားလည်ရမှန်းပင်မသိတော့ပေ။ ဦးမင်းလှသော်အိမ်မှာမရှိ၍ တခြားနေရာက ဖုန်းဆက်ခြင်းပင်ဖြစ်နိုင်သည်။

မိုးစံ...ဦးမင်းလှသော်ကို အခုရင် (၃) ရက်လောက်တုန်းကထိအိမ်မှာတွေ့ခဲ့သည်။ ခုမရှိခြင်းသည် သူမအလစ်ဟင်းမှာပင် ခုပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မည်။

"မမိုးစံကိုကြည့်ရတာ တစ်ခုခုမှာ စိတ်ရှုပ်တွေးနေသလား လို့"

"ရှင်…"

ကိုယ့်ဘက်က အမှုအရာမျက်သလို ဖြစ်သွားသလားဆိုပြီး ပြန်ပြီး ထိန်းသိမ်းကာ…

"ကိုသက်ပိုင်ဦးက ဘာကိုကြည့်ပြီးပြောတာလဲ"

"တခြားတော့ မကြည့်မိပါဘူး။ မမိုးစံမျက်လုံးထဲက ပုရိပ်တွေ ကိုကြည့်ပြီး မေးမိတာပါ"

"လူရဲ့စိတ်ကို မျက်လုံးက တစ်ဆင့်ဖော်ပြလို့ရတယ်လို့ဆိုလို တာလား ကိုသက်ပိုင်ဦး"

"အများဆုံးတော့ ပုံပေါ်တတ်ပါတယ်၊ ဒါပေမယ့် နလုံးသား ရင့်ကျက်တဲ့သူတွေကတော့ မျက်လုံးကို နိုင်နင်းပြီး စိတ်ရဲ့ပုံရိပ်တွေကို ဖျောက်ဖျက်နိုင်ကြတယ်လေ"

"နလုံးသား မရင့်ကျက်ရင် ပေါ်တတ်တယ်ပေါ့"

"သေချာသလောက်ပါပဲ"





"ကိုသက်ပိုင်ဦး…မဆိုးဘူး"

မိုးစံ အောက်နှုတ်ခမ်းတွင် စွန်းထင်းနေသည်ကို သုတ်ပြီး

"ကျွန်မ စိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို ကိုသက်ပိုင်ဦး ထပ်ပြီးပြောနိုင်သေးလား"

"ပြောကြည့်မယ်နော်…မှားရင်ခွင့်လွှတ်ပေါ့"

"ပြောကြည့်နိုင်ပါတယ်"

"မမိုးစံဟာ အနုပညာနဲ့ပတ်သက်ပြီး ခံစားမှုကောင်းနေသူတစ် ယောက်ဖြစ်နိုင်တယ်"

"ဟင်…"

တကယ်ပင်မှန်သော စကား… သက်ပိုင်ဦးသည် အကြား အမြင်ကို ရနေသူများလားဆိုပြီး စိုးရိမ်သလိုတောင်ဖြစ်သွားသည်။

"ဘာကြောင့် ပြောနိုင်ရတာလဲဆိုရင် မမိုးစံရဲ့ နှုတ်ခမ်း ထောင့်တွေမှာ တင်းမာနေတယ်လေ၊ ဒါဟာ သာယာလှပတဲ့ အာရုံ တွေပေါ်မှာ ခံစားမှုကောင်းဝေးပြီး စက်ထန်တဲ့ ခံစားမှုတွေကိုသာ ဖြတ် သန်းနေရတဲ့ လူတွေ တော်တော်များများရဲ့ပုံသဏ္ဌာန်ရိပ်ပါပဲ"

"ရှင်က အင်္ဂဝိဇ္ဇာပညာကို တတ်ကျွမ်းထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဘာမှမတတ်ပါဘူး၊ လေ့လာမိတာလေးနဲ့ဆက်စပ်ပြီး ပြောမိတာပါ"

"မှန်ပါတယ်… အနုပညာနဲ့ပတ်သက်ရင် လက်ရုပ်တောင်ကောင်းကောင်းမတီးတတ်ဘူး၊ ဒါဟာ ရှင်ပြောသလို ဘဝခက်ထန်မှုကြောင့်ပဲဆိုရမှာပေါ့နော်"

"တပ်ပြီး မေးချင်သေးသလား မမိုးစံ"

သက်ပိုင်ဦးကို ဆက်ပြီးမမေးဝံ့လောက်အောင် ဖြစ်ခဲ့ပေမယ့် သက်ပိုင်ဦးဘယ်လောက်ထိ ပြောနိုင်မလဲဆိုသည်ကို ဆက်ပြီးလေ့လာချင်သောကြောင့်…

"ပြောကြည့်ပါဦး"

"မမိုးစံ…ပြုံးလိုက်ပါ"

"ဟင်…"

သက်ပိုင်ဦး… ပြုံးစိုင်း၍သာပြုံးလိုက်ရသည်။ သိပ်ပြီးတော့ ပုံစံကျမည်မထင်။

"မမိုးစံဟာ…လောင်းရိပ်မိထားတဲ့ပန်းတစ်ပွင့်လိုပဲ"

"အယ်…ရှင်ဆိုလိုတာက…ဘာလဲ"





"ဘဝမှာ တစ်စုံတစ်ယောက်ရဲ့ချုပ်ကိုင်ခြင်းကိုခံထားရတဲ့ လူတစ်ယောက်ဖြစ်နိုင်တယ်"

သက်ပိုင်ဦး…ပညာသည် တကယ့်ကို အံ့သြဖို့ကောင်းလောက်အောင် တော်သူတစ်ဦးဆိုသည်ကိုမိုးစံလက်ခံလာပါသည်။

"ကျွန်တော်ပြောတာ မှားများသွားလား"

"မ…မှား…ပါဘူး…"

"လွတ်လပ်တဲ့ဘဝကိုပိုင်ဆိုင်ထားသူတွေရဲ့အပြုံးတွေဟာ ဘယ်လောက်ပဲ တန်ဆောင်ပြီးပြုံးပြုံး သူတို့အပြုံးဟာ အားအင်တွေအပြည့်ရှိတတ်ကြတယ်၊ မမိုးစံ အပြုံးကတော့ အားနည်းမှုတွေက သူများတွေထက်ပိုပြီး များနေတာကို တွေ့ရတယ်လေ၊ ဒါကြောင့် တခြားသူတွေ စိုးမိုးခံထားရခြင်းထက် ပိုပြီး စိုးမိုးခံရမယ်လို့ထင်မိတယ်"

မိုးစံ ဘာမှမပြောဘဲ သက်ပိုင်ဦးကိုကြည့်နေမိသည်။

"မမိုးစံ ဘက်က နောက်ဆုံးမေးချင်တာရှိရင် မေးနိုင်ပါတယ်"

"ကျွန်မ အနာဂတ်မှာ ဘာဖြစ်နိုင်မလဲ ပြောပါ"

"တစ်မျိုးမမြင်နဲ့နော်၊ မမိုးလက်နှစ်ဖက်ကို ဆုပ်ကိုင်ပါရစေ"

"ဟယ်…"



www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်ဦး တောင်းဆိုမှုကို ရုက်မိသလိုဖြစ်သွားခဲ့ပေမယ့် သူမ အနာဂတ်အတွက် လက်ကလေးဆုပ်ကိုင်ခွင့်ပေးခြင်းသည် ဘာမှနစ်နာသွားသည်မဟုတ်ဟုတွေးပြီး...

"ရပါတယ်..."

သက်ပိုင်ဦး ရှေ့သို့ လက်ကလေးနစ်ဖက်ဆန့်ပေးလိုက်သည်။

သက်ပိုင်ဦး ဆုပ်ကိုင်လိုက်ချိန်တွင် ရင်ထဲတွင် သွေးစုန်နှန်းတွေက အရှမ်းကိုမြန်ဆန်နေပြီး...

သက်ပိုင်ဦးလက်ကလေးကို လွှတ်ပြီးတာတောင် ရင်ခုန်မှုတွေက မရပ်နိုင်သေးပေ...

"ကျွန်တော်ပွင့်ပွင့်လင်းလင်းပြောမယ်နော်"

"ပြောနိုင်ပါတယ်"

"မမိုးစံ လက်တွေမှာ သွေးစွန်းမှုတွေရှိနေသလိုပဲ"

"ဟင်"

မိုးစံဘဝမှာ လူတော့မသတ်ဘူးခဲ့ပေ...ရက်စက်ခြင်းအတွက် လုပ်ခဲ့သည့်တိုက်ခိုက်မှုတွေကြောင့် လက်မှာသွေးများစွန်းထင်း





ခဲ့သည်မှာအမှန်။ တိရစ္ဆာန်တွေကိုသတ်ဖြတ်ခဲ့သည်မှာတော့ငယ်ငယ်လေးကတည်းကပင်...

"ကျွန်မ သိချင်တာ ရှေ့အနာဂတ်ပါ"

"အတိတ်ကိုကြည့်ပြီး အနာဂတ်ကိုပြောချင်လို့ပါ၊ မမိုးစံ နောက်ထပ်သွေးစွန်းမှုကိုမလုပ်ခဲ့ရင် မမိုးစံဘဝလေးကို ဘုရားသခင်က ကယ်တင်သွားပါလိမ့်မယ်၊ အကယ်၍ ဆက်ပြီး လုပ်မယ်ဆိုရင် မမိုးစံ အနာဂတ်ဘဝမှာ သွေးတွေက လွှမ်းခြုံသွားပါလိမ့်မယ် မမိုးစံ"

"ရှင်..."

မိုးစံ ဘာလုပ်မည်ဆိုသည်ကိုကိုသက်ပိုင်ဦး သိသွားပြီလား... ဒါဆိုလျှင်...

"လူသားတစ်ဦးဖြစ်လာပြီဆိုရင် ကိုယ်ပိုင်ဆိုင်တဲ့ဘဝကို အဆိုးထဲဖြစ်စေ၊ အကောင်းထဲဖြစ်စေ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိရမယ် မမိုးစံ... တစ်စုံတစ်ယောက်ကြောင့် ရွေးချယ်ရတဲ့ဘဝဟာ ဘာမှအဓိပ္ပာယ်မရှိနိုင်ပါဘူး၊ ဒီစကားဟာ မမိုးစံအတွက် စင်မင်မှုအမှတ်တရစကားလေးပါ"

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစံ ခေါင်းထဲတွင် ရက်စက်ဖို့အတွက် အချက်ပေးသံလေး တစ်ခုရောက်လာသလို သက်ပိုင်ဦးဆိုသူ အရင်ရှင်းရတော့မည်။

သက်ပိုင်ဦးသည် မယ်ရီသော် မိတ်ဆွေဖြစ်၍ သူမအကြောင်းကို ပြောမှာသေချာသည်။ ဒီနေ့ ဦးမင်းလှသော်ကို မိုးစံ မရှင်းနိုင်လျှင် နောက်နေ့ သက်ပိုင်ဦးကိုရှင်းမှသာ မိုးစံအတွက် ဦးမင်းလှသော်ကို သတ်ဖြတ်ရန် လှုပ်ရှားနိုင်မည်ဖြစ်သည်။

"နှစ်ယောက်ပြိမ်လှ ချည့်လား၊ စကားလေးဘာလေးတောင် မပြောကြဘူးလား"

"ပြောပါတယ် မယ်ရီ"

"ဆောရီးကွာ...ဖေဖေက တရားရိပ်သာဝင်နေတော့ မွေးနေ့ ပွဲကို မလာနိုင်ဘူးလေ...ဒါကြောင့် တရားနားချိန်လေးမှာ ကိုညီအစ်မ နှစ်ယောက်က ဖေဖေ့ကို ဆုတောင်းပေးတာပါ"

ဦးမင်းလှသော် တရားစခန်းကို ဝင်သွားပြီဆိုတော့ မိုး အတွက် ခက်ခဲမှုကို ရင်ဆိုင်ရတော့မည်ဖြစ်သည်။

"အန်ကယ်က ဘယ်လောက်ကြာမှာမို့လို့လဲ"

"သူ့အသက်စေ့ ရက်ပေါင်း (၅၀) လေ"





"ဟင်..."

မိုးစံတို့ကို သတ်မှတ်ပေးထားသော ရက် (၃၀) နှင့် ဘယ်လို မှ မမီနိုင်တော့ပေ။ မိုးစံ မဖြစ်မနေ တရားစခန်းထဲထိ လိုက်ပြီး ရှင်းရမည့် အခြေအနေကို ရောက်ရှိနေလေပြီ။

"မိုးစံ အချိန်ရဖူးလား"

"ရပါတယ် မမယ်ရီသော်"

"ဒါဆိုကို သက်ပိုင်ဦးရဲ့ တယောလက်သံလေးကို နားဆင် သွားပါဦးလား"

"ကောင်းသားပဲ"

"ကဲ...ကိုသက်...လက်သံလေးကို နားထောင်ရအောင်နော်"

"တောင်းဆိုမှုရှိရင် ဖြည့်ဆည်းမှု ရှိရမှာပေါ့"

တယောအိတ်လေးကို သွားယူပြီး သက်ပိုင်ဦး တယောလေး ကို စတင်ပြီးထိုးလေသည်။

မွေးနေ့ပွဲ တက်ရောက်သူအားလုံး တိတ်ဆိတ်ခြင်းနှင့်အတူ သက်ပိုင်ဦး တယောသံစဉ်အောက်တွင် မျောပါသွားကြလေသည်။

ထိုအထဲမှာ မိုးစံတစ်ယောက်လည်း လိုက်ပါသွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ တကယ့်ကိုဆွဲဆောင်မှုကောင်းတဲ့လူတစ်ယောက်ပါကိုသက်ပိုင်ဦး...ကျွန်မဘဝမှာ ယောကျ်ားလေးတစ်ဦးပေါ်မှာ စိတ်ဝင်စားမှုရှိခဲ့တာ ရှင်ပထမဦးဆုံးပါပဲ၊ ဒါပေမဲ့ကြင်နာခြင်း သံယောဇဉ်ဆိုတာကို ကျွန်မတို့ဘဝထဲမှာ ထားလို့မရနိုင်တာမို့လေ..ရှင့်ကိုကျွန်မသတိရမှာပါ၊ စိတ်မကောင်းလုပါဘူး ကိုသက်ပိုင်ဦးရယ်..ကျွန်မနဲ့ဆုံခဲ့ခြင်းဟာ ရှင်ရဲ့ကံဆိုးခြင်းတစ်ခုပဲလေ.."

■ ■ ■



# အခန်း (၁၂)

"ကျောင်း..."

အခန်း၏ တံခါးကြီးပွင့်သံကိုကြားလိုက်သည်နှင့် ဒီစံတို့ရဲ့စခန်းကိုစတင်ပြီး ဝင်ရတော့မည်ဆိုသည်ကို သိလိုက်သည်။

"အားလုံး မျက်နှာသစ်၊ သွားတိုက်ဖို့အချိန်ကို မှတ်မိတယ်နော်"

"ဟုတ်ကဲ့.."

အခန်းရှေ့တွင် မတ်တတ်ရပ်နေကြသော ဒီစံနှင့်ရွယ်တူကောင်မလေးတွေဆီက သံပြိုင်ထွက်ပေါ်လာသောအသံပင်...



www.burmeseclassic.com

www.burmeseclassic.com



ဒီစံဆိုတဲ့အမည်ကိုတောင် မပေးရသေးသော (၇)နှစ်သမီးအရွယ်၊ ဒီစံ မှတ်မိသည့်အရွယ်ကစပြီး ပြောရလျှင် ကျန်သည့်နှစ်တွေမှာ ဒီစံတို့ ဘာမှ မလုပ်ရပေမယ့် ဒေါ်ဇာအိုကြီးလုပ်ကိုင်တာတွေနှင့် တခြား မိန်းမတွေလုပ်ကိုင်တာတွေကို ဝိုင်းပြီးလုပ်ကိုင်ပေးရသည်ပဲရှိသည်။

သူတို့လုပ်ကိုင်နေသည်က ကြက်သတ်၊ ဝက်သတ်၊ နွားသတ်သည့်အလုပ်တွေပင်ဖြစ်သည်။

တစ်နေ့တစ်နေ့ဒီစံတို့ကိုယ်မှာ တိရစ္ဆာန်သွေးတွေ မစွန်းသည့်နေ့မရှိပေ။..တိရစ္ဆာန်တွေကိုသတ်သည့် ဓါးတွေ၊ လှံတွေနှင့် လည်းရင်းနှီးနေလေပြီ။

တစ်ခါတလေကျလျှင် သွေးညှီနံ့တွေပေကျံနေသည့်အကျီနှင့် ထမင်းစားပြီး ညအိပ်ရသည်လည်းရှိသေးသည်။

(၇)နှစ်တာကာလလုံးကြုံတွေ့ခဲ့ရသော သွေးနံ့တွေနှင့် သတ်ဖြတ်မှုတွေက ဒီစံတို့အဖို့ ဘာမှမဆန်းလှတော့ပေ...

မျက်နှာသစ်ရန်ပြုလုပ်ထားသော ရေကန်ရှည်ကြီးတွင် အလုအယက်ရေခပ်ပြီး သစ်ပြီးသည်နှင့် ရေ့ကကွင်းပြင်ကြီးထဲတွင်





တန်းစီကြရသည်။

"အားလုံးစုံပြီလား"

"စုံပါပြီ"

"မင်းတို့ကို ဒီနေ့စံအိမ်ကြီးရဲ့သခင်မကြီးတွေ့မယ်...သူဘာပြောတယ်ဆိုတာကို နားထောင် ဘယ်သူမှခေါင်းမော့ပြီးမကြည့်ရဘူး မော့ကြည့်ဆိုမှကြည့်ရမယ်...ကြားလား"

"ကြားပါတယ်"

"အားလုံးခေါင်းငုံ့"

ဒေါ်ဇာအို အမိန့်သံနှင့် အတူခေါင်းတွေကိုမြေပေါ်သို့ငုံ့ကာနေလိုက်ကြသည်။

"ဒေါ်ဇာအိုစုစုပေါင်းဘယ်နှစ်ယောက်လဲ"

"(၁၀)ယောက်ပါ သခင်မကြီး"

"ခေါင်းတွေမော့ခိုင်းလိုက်"

"ခေါင်းတွေမော့"

ဒီစံ ပထမဆုံးအကြိမ် သခင်မကြီးဆိုသည်ကို တွေ့ရသည့်နေ့ တကယ်ပဲ့နတ်မိမယ်တစ်ဦးပင်...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဟာ ဘယ်သူတွေလဲဆိုတာသိလား"

"မသိပါဘူး သခင်မကြီး"

"အေး ဒီနေ့သိရမယ်...မင်းတို့ခေါင်းထဲမှာမှတ်ထား...မင်းတို့အားလုံးဟာ စံအိမ်ကြီးရဲ့ သွေးမျိုးဆက်တွေပဲ ကြားလား"

"ကြားပါတယ်"

"ဒီနေ့ မင်းတို့အားလုံးရဲ့ အနာဂတ်အတွက်ပညာတွေသင်ကြားရမယ်၊ စာသင်ရမယ်၊ သိုင်းသင်ရမယ်၊ နာမည်တွေတပ်ရမယ်ပြီးရင်စံအိမ်ကြီးမှာ လိုက်နာရမည့် စည်းကမ်းတွေကို မှတ်ထားကြရမယ် မင်းတို့ခေါင်းထဲမှာ ဇွဲဘောမှာ ဘယ်သူမှမရှိခဲ့ဘူး...ဖါဟာတစ်ယောက်တည်းဆိုတာကို သိထားရမယ် ဒေါ်အာအိုသူတို့အတွက် လုပ်စရာတာဆက်ပြီးလုပ်..."

"ဟုတ်ကဲ့...သခင်မကြီးကိုနှုတ်ဆက်"

"သခင်မကြီး ထာဝရမြင့်မြတ်သူ ဖြစ်ပါစေ..."

သခင်မကြီးပြန်သွားပြီးနောက်...

"အားလုံးတစ်ယောက်ချင်းစီ ငါ့ဆီကိုတန်းစီပြီးလာခဲ့ကြ

ဒေါ်အာအိုဘေးတွင် တခြားမိန်းမကြီးတွေက မီးကျီခဲများတွ





သံတုံးတွေကိုမီးဖုတ်ထားသည်ကိုတွေ့လိုက်ရသည်။

"တွန့်တဲ့သူကကြာပွတ်စာပဲ..."

ဒီစံ ရှေ့တွင်(၂)ဦးပဲ ရှိသည်။

ဦးဆုံးသူက...

"မင်းနာမည် ယွန်းစံ မှတ်မိလား"

"ဟုတ်ကဲ့"

"ဟိုမှာ တံဆိပ်ရိုက်"

ယွန်းစံလက်ဖျံပေါ်တွင် သံတုံးမှဖြင့် ဖိချလိုက်သည်။

ယွန်းစံ အသံမထွက်ပေမယ့် မျက်ရည်ဝဲစွာဖြင့် တင်းခံသွားသည်။

"နောက်တစ်ယောက် မင်းနာမည် မိုးစံ"

"ဟုတ်ကဲ့"

မိုးစံလည်းထိုနည်းတူစွာ သံပူတုံးကို တင်းခံပြီးထွက်သွားသည်။

"မင်းနာမည် ဒီစံ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျံပေါ်သို့ ရောက်လာမည့်သံပူတုံးကို စိုက်ကြည့်ပြီး ဘာမှမဖြစ်သလိုပင် နေလိုက်သည်။

"မင်းသတ္တိတယ်ပြီးကောင်းပါလား"

ဒေါ်ဇာအို ဒီစံကိုပထမဦးဆုံး ချီးကျူးလိုက်သောစကား သံပင်...

ထိုနေ့ကစပြီး ဒီစံတို့မနက်ပိုင်းတွင် သိုင်းပညာကိုသင်ကြား ပြီး ညနေပိုင်းတွင် စာသင်ရလေသည်။

ဒီလိုနှင့် တစ်နှစ်ပြည့်သည့်နေ့မှာတော့...

"ရှန်း"

ဒီစံ လက်ထဲတွင် ဓါးမြှောင်တစ်လက် တစ်ဖက်မှမိုးစံလက ထဲတွင် ဓါးမြှောင်တစ်လက် ပြီးတော့လက်တစ်ဖက်စီကို ကြိုးတ ချောင်းနှင့် ချည်နှောင်ထားပြီး ကြိုးဝိုင်းထဲမှာသတ်ဖြတ်ရမည့်တ ပင်...

ဒေါ်ဇာအို အချက်ပေးလိုက်သည်နှင့် မိုးစံက ဒီစံကိုအ ဓါးဖြင့်ဝင်ထိုးသည်ကို ရှောင်ကာနေသေမယ့် မိုးစံဓါးထိုးချက်တွေ အဆက်မပြတ်အောင် ရောက်ရှိလာသဖြင့် ...ခံစစ်ကနေတိုက်





ဘက်ကိုပြောင်းပြီး မိုးစံ၏ အားနည်းသော ရင်ဘတ်ဆီသို့ ဓါးမြှောင် ကိုစိုက်သွင်းသလို...မိုးစံဓါးမြှောင်မှာလည်း ဒီစံဗိုက်ဆီသို့ဝင်ရောက် သွားသည်။

"အား..."

"သမီး...သမီး..."

"ဟင်"

အတိတ်၏အိပ်မက်ဆိုးတွေကိုမက်နေခြင်းမှနိုးလာတော့ ဒီစံဘေးတွင် ဒေါ်မြစံထိပ်ထား...ဒေါ်လေးချစ်...ရတုပိုင်တို့ကို တွေ့ လိုက်ရသည်။

"ကျွန်မ...ကျွန်မ..."

"သမီးလေးခွေးကိုက်တဲ့ဒဏ်ရာတွေနဲ့ အဖျားကြီးပြီးသတိ လစ်နေတာ(၂)ရက်ရှိပြီကွဲ့"

"ရှင်..."

"ဒီနေ့မှသမီးလေးသတိမရဘူးဆိုရင်အန်တီနဲ့မောင်ရတုပိုင် က ဆေးရုံကိုပို့ဖို့ပြင်ထားကြပြီးပြီ..."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြစံထိပ်ထား၏ကရုဏာစကားတွေကြင်နာမှုတွေသည် ဒီစံနှလုံးအိမ်ကို အရည်ပျော်စေခဲ့သည်မှာ အမှန်ပင်...

ဒီစံသတ်ရမည့်သူက ဒီစံဘေးတွင်ရောက်နေပေမယ့် ဒီစံဘာမှစွမ်းအင်မရှိသူတစ်ဦးဖြစ်နေသည်၊

"မောင်ရတုပိုင်"

"ဗျာ...မမ"

"ဆရာဝန်က ဘယ်အချိန်လာမှာလဲ"

"ခဏဆိုရောက်လာတော့မှာပါ"

"သမီးလေးဆေးဖို့ဒေါ်လေးချစ်ဘာတွေစီစဉ်ထားလဲ"

"ဆန်ပြုတ်လေးတော့ ပြုတ်ထားတယ် ထိပ်ထား...သွားပြီး ယူလိုက်ရမလား"

"ယူလိုက်ပါ သမီးလေး ဆာလှရောပေါ့"

ဒေါ်လေးချစ် ဆန်ပြုတ်သွားယူချိန်မှာ...

"မောင်ရတုပိုင် အိမ်ရှေ့မှာကားရှိတယ် ဆရာဝန်ကိုသွားပြီး ပင့်တော့ကွာ"

"ဟုတ်ကဲ့"





အခန်းအတွင်းရှိလူအားလုံးထွက်သွားချိန်တွင်...

"ဒီစံ... မင်းဘာလုပ်နေသလဲ ဒါကမင်းအတွက်အခွင့်အရေးပဲသတ်တော့လေ...မင်းဘေးမှာ ဓါးရှိနေတယ်"

သခင်မကြီးအသံက ဒီစံနားထဲသို့ရောက်ရှိလာခဲ့သလိုကြားနေရတယ်...

ဒီစံ ဓါးဆီသို့အကြည့်ရောက်သွားသော်လည်း...

"ငါ့ဘဝမှာ အလင်းမဲ့ခဲ့တဲ့ နေ့တွေနဲ့ဖြတ်သန်းခဲ့ရတာ ခုလိုကြင်နာမှုတွေ တစ်ခါမှမရခဲ့ဘူး...ငါဘာလုပ်ရမလဲ...ဒေါ်မြစံထိပ်ထားကိုငါသတ်ရမှာလား...အို...ငါ...ငါ..."

"သမီးလေးကြည့်စမ်း မျက်နှာမှာချွေးလေးတွေ စို့နေတာပဲ...အန်တီသုတ်ပေးမယ်"

"အန်တီ..."

"သမီးဘာပြောချင်လို့လဲ...ပြောလေ..."

"ဘာမှမပြောချင်ပါဘူး ခေါ်ကြည့်တာပါအန်တီ..."

"သမီးရယ်..."

မိခင်, ဖခင်ဆိုသည်ကိုဘာမှန်းမသိခဲ့သည့် ဒီစံအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြစံထိပ်ထားအင်္ဂရုစိုက်မှုတို့သည် မေတ္တာကမ္ဘာကြီးတစ်ခုကို ပိုင်ဆိုင်လိုက်ရသလိုပင်...

"ထိပ်ထား ဆန်ပြုတ်ရပြီ..."

"ပြုစမ်းပါဦး အရိုးအခန့်တည့်ရဲ့လား"

ဒေါ်မြစံထိပ်ထားကိုယ်တိုင် မြည်းစမ်းပြီး သူကိုယ်တိုင် တိုက်ချိန်တွင်...

"ဝါ့မေမေသာဆိုဘယ်လောက်ကောင်းလိုက်မလဲ..."

ဒီစံ ဘဝတွင် တစ်ခါမှမတောင့်တဘူးသော တောင့်တမှုတစ်ခုကို တမ်းတမိလိုက်လေပြီ...

"သမီးမှာ မိဘတွေရှိသေးလား"

"မရှိတော့ပါဘူး"

"ဩော်...စိတ်မကောင်းစရာကွယ်"

"ဒါဆိုဘယ်သူနဲ့နေလဲ မောင်နှမတွေရောရှိလား"

"ဘယ်သူမှမရှိပါဘူး အဒေါ်တစ်ယောက်နဲ့နေပါတယ်"

ဒီစံ၏ ဘဝမှန်ကိုသာပြောပြခဲ့လျှင် ဒေါ်မြစံထိပ်ထား... ဒီစံကိုခုလို မေတ္တာတရားထားနိုင်ပါဦးမလား...





"သမီးလေးက စာရေးတယ်ဆို..."

"ဟုတ်ကဲ့ ဝါသနာသက်သက်ပါ အောင်မြင်မှုကတော့ မရသေးပါဘူး"

"ကြိုးစားပေါ့ကွယ်... တစ်နေ့နေ့တော့ အောင်မြင်ရမှာပေါ့ ဒီမှာနေတဲ့ကာလပတ်လုံးလိုအပ်တာရှိရင် အန်တီ့ကိုပြောနော်... မောင်ရတုပိုင်က အန်တီ့မောင်လေးတစ်ယောက်ပဲ အရင်းမဟုတ်ပေမယ့် အရင်းလိုပဲအန်တီက အသိအမှတ်ပြုထားတာ... အန်တီ အမှန်အတိုင်းပြောရရင် သမီးကို မြင်မြင်ချင်း အန်တီ့သမီးလေးလို သံယောဇဉ်ဖြစ်မိတယ် ရေးရေစက်ကြောင့်လားမသိပါဘူးကွယ်..."

ဒေါ်မြစံထိပ်ထားထံမှ ကြားရသောစကားကြောင့် ဒီစံ မျက်ရည်တွေတောင်ဝဲလာပါတော့သည်။

ရတုပိုင်နှင့်အတူ ဆရာဝန်ရောက်လာပြီး ဒီစံဒဏ်ရာများကို ဆေးထည့်ဆေးထိုးပြီး သောက်ရမည့် ဆေးတွေပေးကာ...

"တစ်ပတ်(၁၀)ရက်လောက်ဆိုကောင်းသွားမှာပါ...အဓိက ခြေထောက်ကဒဏ်ရာကပြင်းတယ် အကြောပိုင်းကိုကိုက်မိသွားတာ ဆိုတော့ နောက်ရက်တွေအဖျားဖျောက်တာနဲ့ လမ်းကလေးကို တွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှောက်စေချင်တယ်...ဒါမှ အခြေအနေပိုင်းလုပ်ရှားနိုင်မှာလေ..."

"ဟုတ်ကဲ့ ဒေါက်တာ"

"ကဲ...ပြန်ခွင့်ပြုပါဦး"

ရတုပိုင် အပြင်သို့လိုက်ပို့ပေးပြီး ပြန်တက်လာကာ...

"မမ မိုးချုပ်တော့မယ် ပြန်ကြရအောင်..."

"ပြန်ကြတာပေါ့ကွယ်...သမီးလေးကိုနောက်ဆုံတင်းနေလို့"

"ရပါတယ် အန်တီ ဒေါ်လေးချစ်ရှိနေတာပဲ"

"အန်တီ တစ်ခုစိစဉ်ချင်တယ် သမီးလေးလက်ခံမလား တော့မသိဘူး"

"ဘာများလဲ အန်တီ"

"ဒီမှာ ဒေါ်လေးချစ်က အသက်အရွယ်ကကြီးပြီ သမီးလေး အတွက် ဆေးတိုက်ဆေးထည့်တာတွေကို ကျွမ်းကျွမ်းကျင်ကျင်လုပ် နိုင်မှာမဟုတ်ဘူး ပြီးတော့ သမီးလေးခြေထောက်တွေကောင်းဖို့က လမ်းလျှောက်လေ့ကျင့်ခန်းကိုလုပ်ရမှာ ဆိုတော့အန်တီ့အိမ်မှာ လိုက် ပြီးနေပါလား"

"ရှင်"





ဒီစံအတွက် အခွင့်အရေးကိုလုပ်ယူစရာမလိုဘဲ ရရှိနေလေ သည်။

ဒီစံမပျော်ရွှင်နိုင်ခဲ့သည်ကား အမှန်တကယ်ပင်...

"ဟုတ်ကဲ့...သမီးလိုက်ပြီးနေပါ့မယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

"ဟယ်"

ယွန်းစံအိမ်ထဲမှ အပြင်သို့လမ်းထွက်ပြီးလျှောက်သော နေ့တွင် တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ရင်ထဲမှာလန်းဆန်းခြင်းနှင့် ကြည်နူးသလိုခံစားလိုက်ရသည်။

အိမ်ရှေ့ခြံဝန်းလေးထဲမှာ စိုက်ထားသော ပန်းပင်ကလေးတွေနှင့် ယုန်ဖြူကလေးတွေ ဆော့ကစားနေသည်ကို တွေ့မြင်လိုက်ရခြင်းပင်ဖြစ်သည်။

ပန်းဆိုသည်ကို သိခဲ့ပေမယ့် ပန်း၏အလှတရားကိုခံစားခဲ့ရသောဘဝမဟုတ်သောကြောင့်ပန်းတို့၏ဥပေက္ခာပြုခြင်းကိုခံရသော





လူတစ်ဦးဖြစ်နေခဲ့ရသူပင်...ရုတော့ပန်းများဝေဆာနေသော ခြံလေးထဲမှာ ယွန်းစံနလုံးသားတို့သည် အိပ်မက်ကမ္ဘာလေးထဲသို့ရောက်ရှိနေသလို...

"ဘာတွေငေးနေတာလဲ ကောင်မလေး"

"ဟင်...ကိုအိုက်စံခေါင် ဘာမှမဟုတ်ပါဘူး"

"မင်းမျက်လုံးတွေက ပန်းကလေးတွေဆီရောက်နေသလိုပဲ"

"အင်း...ဟုတ်...ဟုတ်တယ် ပန်းတွေကလှလို့ပါ"

"ဒီပန်းတွေက တောရိုင်းပန်းလေးတွေ လူတော်တော်များများက မကြိုက်ကြဘူးလေ"

"ကိုအိုက်စံခေါင်က လူထဲကလူမဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဒါပေမယ့် ခံစားတာချင်းတော့ မတူဘူးလေ ကိုယ်က အပယ်ခံပန်းကလေးတွေကို ချစ်တတ်တယ်လေ"

ကြင်နာခြင်းမဲ့သောလူနှင့် ကြင်နာတရား ပြည့်ဝနေသည့် လူနှစ်ယောက် ဆုံတွေ့နေခြင်းသည် အံ့ဩစရာကောင်းလှနေသည်။

"ကောင်မလေးမင်းပန်းကိုချစ်တတ်လား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဆိုတာ ပန်းကလေးတွေရဲ့မဟာမိတ်ပဲ ဘာလို့ မချစ်တာလဲ"

ယွန်းစံ ထိုအမေးကို ဖြေဆိုရန်ခက်နေလေသည်။

တကယ်ဆို ယွန်းစံ..ပန်းကို မချစ်တတ်ခဲ့သည်မဟုတ် မချစ်တတ်အောင် လုပ်ခဲ့၍သာဖြစ်သည်။ အိုက်စံခေါင်ပြောသလို ယွန်းစံလည်း မိန်းကလေးတစ်ဦးပဲ...ပန်းမချစ်ဘဲနှင့်တော့နေပါ့မလား။

"မင်း နှုတ်ဖျားက ဖြေဖို့ခက်နေတဲ့ ခံစားချက်ကို ကိုယ်သိ တယ်"

"ဟင်..."

"ယွန်းစံ...ကောင်မလေး.."

"ကိုအိုက်စံခေါင်"

"မင်းဘဝအတွက် ကိုယ်ကမ္ဘာလေးတစ်ခု ဖန်ဆင်းပေးချင် တယ်.."

"ယွန်းစံအတွက် ဘယ်လိုကမ္ဘာမျိုးလဲဟင်"

"အမှောင်ထုထဲကို ရောက်နေတဲ့မင်းဘဝကို အလင်းရောင် တွေ တောက်ပနေတဲ့ကမ္ဘာလေးတစ်ခုပါ"





"မဖြစ်နိုင်ပါဘူး..ကိုအိုက်စံခေါင်ရယ်.."

"ဘာလို့မဖြစ်ရမှာလဲ ကောင်မလေးရယ်.. မင်းနောက်မှာ ဘယ်လောက်ပဲ ကြောက်စရာကောင်းနေပါစေ၊ မင်းရှေ့ကနေ ငါရင် ဆိုင်ပေးမယ်၊ ဥပဒေမဲ့လမ်းပေါ်ကိုဆက်ပြီး မလျှောက်ပါနဲ့တော့"

"ကျွန်မ...ကျွန်မ..."

ယွန်းစံ ခိုင်မာသည့် ဆုံးဖြတ်ချက်ကို မချနိုင်ပေ..

သခင်မကြီး၏ရက်စက်မှုကြီးကို ယွန်းစံကြောက်ရွံ့နေသည် မှာအမှန်..။

"မင်းစဉ်းစားပါဦးလေ... ခု..ကိုယ်ပြောတဲ့စကားဟာ ကိုယ့် ဇခင်ကို မင်း မသတ်ရအောင် စည်းရုံးနေတယ်လို့ မထင်နဲ့ ကောင် မလေး... မင်းအတွက် အန္တရာယ်ကျရောက်မှာထက် မင်းအနာဂတ် ပျက်စီးဆုံးရှုံးသွားမှာကို မလိုလားလို့ပါ"

"ကျွန်မ... စဉ်းစားဖို့အချိန်ကလေးပေးပါ..ကိုအိုက်စံခေါင်"

"ကောင်းပြီ..ကောင်မလေး"

ယွန်းစံ ရှေ့ကနေ ရပ်ပေးမယ့် အိုက်စံခေါင်သည် အနုပညာ သမား၊ ယွန်းစံကို တာဝန်မကျေလျှင် သတ်ကြမည့်သူတွေက ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



တမ်းမှုသရုပ်ဆောင်ထားကြသည့်သူတွေ၊ ကိုအိုက်စံခေါင်ဘယ်လို လုပ်ပြီးကာကွယ်ပေးနိုင်မှာလဲ…။

ယွန်းစံအားကိုးရှင်ပေမယ့်…အိုက်စံခေါင်ပေါ်တွင်မယုံရဲပေ၊ ဒါဟာမေတ္တာသမားဖြစ်နေ၍ပင်…

"ရှူး…"

"ဟင်…"

ဝီလီဂျစ်တစ်စီးမောင်းဝင်လာသည်ကိုတွေ့လိုက်ရသည်။

ဝီလီဂျစ်ပေါ်တွင်လက်နက်ကိုင်ဆောင်ထားသောလူ (၅) ယောက်၊ ရုပ်တွေက ရက်စက်ကြမ်းကြုတ်သောအသွင်အပြင်…

"ကောင်မလေး…အိမ်ပေါ်တက်နေ"

"ကိုအိုက်စံခေါင်…"

ယွန်းစံ…အိုက်စံခေါင်ကိုစိတ်မချပေ။ လူဆိုးတွေဖြစ်နေလျှင် ခက်မည်။ ယွန်းစံ ရင်ဆိုင်ရဲသော်လည်း လက်မှဒဏ်ရာက မလှုပ်ရှား နိုင်သေးပေ။

"ကိုယ့်စကားကို နားထောင်စမ်းကောင်မလေး"

ယွန်းစံ အိမ်ပေါ်သို့တက်သွားပြီး အခြေအနေကို [illegible]





ကြည့်နေသည်။

"အိုက်စံ…"

"ဘာလဲဇော်မှိုင်း…"

"မင်းဆီက မိန်းကလေးကို ငါတို့လက်ထဲထည့်ပေးပါ"

"ဘာကွ…ဇော်မှိုင်း… မင်းစကားကို ပြန်ပြင်ပြီးပြောစမ်း"

"ပြင်ပြောစရာစကားမရှိဘူး စောလူခေါင်ဆီက… ငါပိုက်ဆံ ယူပြီးပြီ၊ ဒီလူသတ်ကောင်မကို ရှင်းဖို့ပဲ ကျန်တော့တယ်"

"မင်းသတ္တိတွေကောင်းနေပါလားဇော်မှိုင်း….အိုက်စံ နယ် နိမိတ်ထဲကို ခုလိုမင်းဝင်လာတာကိုက ငါ့ကိုစော်ကားနေတာ"

"ဒါအလုပ်သဘောအရပဲ အိုက်စံ၊ ငါက ငွေရမယ်ဆိုရင် ဘာ ကိုမှ ဂရုမစိုက်ဘူး"

"ကောင်းပြီ…မင်းဘက်က ဘယ်လောက်စွမ်းလဲဆိုတာကို ငါကြည့်မယ်…၊ ကောင်မလေးအိမ်ထဲမှာရှိတယ်၊ မင်းဝင်ပြီးခေါ်လေ"

အိုက်စံခေါင်…ခပ်အေးအေးပဲ ရှေ့ပန်းအိုးထဲမှပန်းတစ်ပွင့်ကို ခူးယူနေသည်။

"ဟေ့ကောင်တွေ ဆင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်မှိုင်း အမိန့်ပေးခဲ့ပေမယ့် နောက်ကကောင်တွေက တစ်ယောက်မှမဆင်းဘဲနေသဖြင့်…

"ခွေးကောင်တွေ အပြန်ကျမှတွေ့မယ်"

ဇော်မှိုင်းကားပေါ်မှ အောက်သို့ခြေချသည်နှင့်…

"ဝိုး…"

"စွတ်…"

"အား…"

အိုက်စံခေါင် လက်ထဲမှ ပန်းပွင့်လေးက ဇော်မှိုင်းလက်ကို စိုက်ဝင်သွားပြီးသေနတ်လွတ်ကျသွားသည်။

"ဇော်မှိုင်း…မင်းက ဗလကောင်းကောင်းဆိုတော့ အထိုးအသတ်လေးကောင်းမှာပေါ့ကွာ၊ တစ်ပွဲလောက်စမ်းကြည့်ရအောင်"

"ကဲ…ကွာ…"

"ဖြောင်း…"

"အိး…"

ဇော်မှိုင်းလက်ဟန်ပြင်ရုံပဲရှိသေးသည်၊ အိုက်စံခေါင်လက်ချောင်းတွေက ဇော်မှိုင်းမျက်နှာပေါ်ရောက်ရှိနေပြီး ဇော်မှိုင်းနှ





တောက်ကျသွားသည်။

"ကျန်တဲ့ကောင်တွေထဲက ဘယ်သူဆင်းပြီးခေါ်မလဲ"

"ကိုအိုက်စံ…ကျွန်တော်တို့ကို ဇော်မှိုင်းက အတင်းခေါ်ခဲ့တာပါ…"

"ဇော်မှိုင်း"

"ဗျာ… အိုက်စံ"

"မင်းထပ်ပြီး အားစမ်းချင်တယ်ဆိုရင်ရသေးတယ်"

"မစမ်းတော့ပါဘူးကွာ…ငါ့ကိုစောလူခေါင်က မဖြစ်မနေလုပ်နိုင်းလို့လာရတာပါ…ငါမှားပါတယ်"

"စောလူခေါင်ကိုပြောလိုက်… ညီအစ်ကိုချင်း စည်းကမ်းမရှိရင် ငါကအပြစ်ပေးတတ်တယ်လို့ပြောလိုက်စမ်း"

"စိတ်ချပါကွာ…ခုကိစ္စတောင် သူခိုင်းတာကို မင်းမသိပါစေနဲ့လို့မှာလိုက်တာ၊ ငါကလွှတ်ခနဲ ထွက်သွားတာပါ၊ စောလူခေါင်ကို အပြစ် မပေးပါနဲ့ကွာ၊ တော်ကြာ ငါ့ကိုမဲနေပါဦးမယ်"

"မင်းတို့သွားတော့"

"အေးပါကွာ…"



www.burmeseclassic.com

www.burmeseclassic.com



ဖော်မှိုင်း ကားပေါ်သို့ ခပ်ကုတ်ကုတ်လေးပြန်ပြီးတက်သွားကာ ကားမောင်းထွက်သွားလေသည်။

ယွန်းစံ တကယ်ပင်မယုံနိုင်စရာမြင်ကွင်းပင်။

အိုက်စံခေါင်သည် သွေးအေးသလောက် ခပ်ပျော့ပျော့လူတစ်ယောက်မဟုတ်ဘူးဆိုသည်ကိုတွေ့လိုက်ရသည်။

ထို့အပြင်အိုက်စံခေါင်ကိုလူဆိုးလူမိုက်ဝံ့ကြောက်ရွံ့လေးစားမှုအပြည့်ရှိနေသည်ကိုလည်း သတိထားမိလိုက်သည်။

လူဆိုးလူမိုက်တွေ.. သူတို့ကြောက်သည့်သူဆိုသည်မှာ သူတို့ထက်မိုက်ရဲသော သူမှသာဖြစ်သည်။

အိုက်စံခေါင်က ဘယ်လောက်ထိမိုက်ရဲသလဲပင်မသိ။

ယွန်းစံ သိထားသောလူကြမ်းစောလူခေါင်တောင်ကြောက်ရသော သူတစ်ယောက်ဖြစ်နေခြင်းသည် ယွန်းစံအတွက် အားကိုးမျှော်လင့်ခြင်းတစ်ခုပင်မဟုတ်လား။

■ ■ ■



# အခန်း (၁၄)

မိုးစံ ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချလိုက်ပြီး ဦးမင်းလှုသော်ရောက်ရှိနေသော တရားစခန်းကိုစုံစမ်းရတော့သည်။

မိုးစံအတွက်အချိန်တွေက တဖြည်းဖြည်းကုန်ဆုံးနေလေပြီ။

ယွန်းစံနှင့် ဒီစံတို့ဘက်က ဇွအောင်မြင်သွားပြီဆိုလျှင် သူမအတွက် အသက်အန္တရာယ်က ပိုပြီးနီးလေပြီ။

"မိုးစံရေ...မိုးစံ"

"တင်..."



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းရှေ့တွင် ကားရပ်သံနှင့်အတူ မယ်ရီသော် လှမ်းပြီးခေါ်သောကြောင့် အပြင်သို့ထွက်လာလျှင်..

"တို့နဲ့လိုက်ခဲ့ပါလား"

"ဘယ်ကိုလဲဟင်..."

"ဖေဖေ့ဆီကိုစားစရာနဲ့ဆေးတွေသွားပို့မလို့"

"အယ်.."

မိုးစံအတွက် အခွင့်သင့်သွားလေပြီ။

"လိုက်ခဲ့မယ်မမယ်ရီသော်.."

အဝတ်အစားပင် မလဲတော့ဘဲ ကားပေါ်တက်မည်အပြု..

"ညီမရယ်.. တရားစခန်းသွားတာ ဘောင်းဘီကြီးနဲ့ မသင့်လျော်ဘူးလေ...."

"ဪ...ဟုတ်ကဲ့.."

ဘာသာရေးနှင့် ယဉ်ကျေးမှုမဲ့သော လူတစ်ယောက်ဖြစ်နေသူဆိုသည်ကို သိလိုက်သည်နှင့် ကိုယ့်ကိုယ်ကိုရှက်မိသလိုဖြစ်သွားခဲ့သည်။

မိုးစံဘဝမှာက ဘယ်လိုလူမျိုး ဘယ်လိုမိဘတွေက ဖေါက်





ဖွားခဲ့သလဲဆိုသည်ကို မသိခဲ့ရသူမဟုတ်လား။

မိုးစံ ထဘီဖြင့် နေထိုင်မှုက အလွန်ရှားပါးသောကြောင့် ရှားရှားပါးပါး ထဘီလေးနှင့် ရင်ဖုံးအင်္ကျီလေးကို ဝတ်ပြီးထွက်လာမိသည်။

"အလဲ့... ငါ့ညီမက ခုလိုမြန်မာဆန်ဆန်လေး ဝတ်တော့ လည်း အချောလေးပဲကွဲ့.."

ကားလေးမောင်းထွက်လာရင်း...

"ကိုသက်ပိုင်ဦးက ပြောတယ်...."

"ဟင်.."

သက်ပိုင်ဦး...မမယ်ရီသော်ကို ဘာတွေပြောလိုက်သလဲဆိုပြီး စိုးရိမ်မိသွားသည်။

"ဘာ...ဘာပြောတာလဲမမ"

"ဪ... မိုးစံနဲ့မမတို့က ရုပ်ချင်းဆင်တယ်တဲ့"

"ဟုတ်ရဲ့လား..မမရယ်.."

"မမ..ကိုသက်ပိုင်ဦး ပြောတာကို ပထမတော့ သတိမထားမိဘူး၊ နောက်ဖေဖေ့မွေးနေ့တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံလေးအိုပြန်ကြည့်မှ အံ့သြနေတာ၊ ဒီမှာကြည့်ပါလား မိုးစံ"



www.burmeseclassic.com

www.burmeseclassic.com



ကားအက်ရှိဘုတ်ပေါ်မှ အသင့်တင်ထားသည့် ဓာတ်ပုံလေးကို ယူပြီးပြလိုက်တော့မှ မိုးစံတောင် အံ့သြမိသွားသည်။

ညီအစ်မဆိုလျှင် ယုံစရာပင်။

"မမ...မိုးစံကိုပြောပြစရာလေးတစ်ခုရှိတယ်"

"ဘာများလဲ မမ"

"မမတို့မှာ ညီအစ်မက နှစ်ယောက်တည်းမဟုတ်ဘူး၊ သုံးယောက်ရှိခဲ့တယ်တဲ့"

"တစ်ယောက်က ဘယ်ရောက်သွားလို့လဲ မမ"

"ဘယ်ရောက်သွားလို့လဲဆိုတဲ့အမေးကို မမ ဘယ်လိုပြောရမှန်းတောင်မသိပါဘူး၊ ညီမလေးက အငယ်ဆုံး... မြင့်မြင့်သော်တဲ့၊ မမတို့ထက် (၁၀)နှစ်ခဲလောက်ငယ်တယ်လေ၊ ညီမလေးကို မေမေက မွေးပြီး (၁)နှစ်သမီးလောက်မှာ အိမ်ထဲကို လူဆိုးတစ်စုဝင်လာပြီး ညီမလေးကို ခေါ်သွားကြတာ ခုထိပါပဲ၊ သေသလား၊ ရှင်သလားဆိုတာ မသိရပါဘူး... မေမေလည်း ညီမလေးစိတ်နဲ့ အိပ်ရာထဲမှာလဲပြီး နောက်ဆုံး ဆုံးတဲ့အထိပါပဲ..."

"ပြန်ပေးဆွဲသွားမျိုးရော မဟုတ်ဘူးလား"





"ပြန်ပေးဆွဲတာဆိုရင်တော့ ငွေတောင်းတာမျိုးလုပ်မှာပေါ့၊ ကွယ်ရာက ဘယ်လိုရည်ရွယ်ချက်နဲ့ ခေါ်သွားသလဲကို မသိတာပါ... ဒါကြောင့် မိုးစံက မမတို့ပျောက်သွားတဲ့ ညီမလေးများဖြစ်နေမလား ဆိုပြီးတောင် ထင်နေတာ..."

"ရှင်"

မယ်ရီသော်ပြောသည့် မြင့်မြင့်သော်ဆိုသည်မှာ သူဖြစ်နေသလားဟုတောင် ကိုယ့်ကိုကိုယ်ထင်လိုက်မိသည်။

သူစံအိမ်ကြီးကို ဘယ်လိုလုပ်ပြီးရောက်ခဲ့သလဲ ဆိုသည်ကို မပြောနိုင်ပေ။

"ဟူး..."

အတွေးများစွာကြောင့် ခေါင်းထဲမှာနောက်ကျိသွားပြီး ရင်ထဲမှာမွန်းကျပ်သွားမိလေသည်။

ဒါ ဘာတွေကို ခေါင်းထဲမှာတွေးနေတာလဲ ဒါ့တာဝန်က ဦးမင်းလှသော်ကို သတ်ဖို့ပဲ တခြားခံစားချက်တွေဒါ့ခေါင်းထဲမှာထားစရာမလိုဘူး...

ကားလေးမှာ စေတီလေးတစ်ဆူရှေ့တွင် ရပ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဆင်းရအောင်"

"ဟုတ်ကဲ့"

ဖိနပ်လေးကိုချွတ်ပြီး ဘုရားမြေပေါ်သို့ခြေချလိုက်မိသည်နှင့် မိုးစံ၏ စိတ်အစဉ်တို့သည် လွင်ပြင်တစ်ခုထဲသို့ ရောက်သွားသလို စေတီကြီးမှ ဆည်းလည်းသံလေးတွေက မိုးစံ နှလုံးသည်းပွတ်ဆီသို့ တိုးဝင်လာနေသည်။

"တကယ်ကြည်နူးဖို့ကောင်းလိုက်တာ..."

ဒေါသတွေ, သောကလောင်ကျွမ်းမှုတွေနှင့် ခက်ထန်သော နေ့ရက်တွေကိုဖြတ်ကျော်ခဲ့သော မိုးစံရင်ထဲတွင် ဘာတစ်ခုမှမရှိတော့ သလို ခံစားလိုက်မိသည်။

"ညီမလေးဘုရားဝတ်ပြုရအောင်ကွယ်..."

"ဟုတ်ကဲ့"

ဘုရားဆိုသည်ကို သိခဲ့ပေမယ့်ဘုရားဝတ်ပြုရသည်ကို ခုမှ ပဲမိုးစံ သိခဲ့ရပြီး...ဗုဒ္ဓမြတ်စွာဘုရား မျက်နှာတော်ကိုကြည့်ပြီး သွေးစွန်း သောလက်တွေ တုန်ယင်နေတော့သည်။

မိုးစံအသိထဲသို့ အလင်းရောင်လေးတစ်ခု ရောက်လာခဲ့





သည်။ ထိုအလင်းရောင်လေးကတော့ သခင်မကြီးသည် သူတို့ကို အသိဉာဏ်တွေ အမှောင်ချပြီး ဘာသာတရားမဲ့ ရက်စက်ခြင်းတွေကို ရိုက်သွင်းခဲ့သူတစ်ဦးပင်။

"ညီမလေး...သွားကြရအောင်"

"ဟုတ်ကဲ့..."

တိတ်ဆိတ်ပြီး အပ်ကျသံတောင် မကြားရသော တရားစခန်း ကြီးထဲသို့ လှမ်းဝင်ခဲ့ရင်း မိုးစံ၏ မကောင်းသောစိတ်တို့သည် တစ်ခု ချင်း ကွာကျလာသလိုဖြစ်နေသည်။

တရားဓမ္မဆောင်အပေါ်ထပ်သို့ တက်ခဲ့ကြပြီး ဆရာတော် ဘုရားကြီးထံသို့ဝင်ရောက်ဖူးမြော်ခဲ့သည်။

"သာဓု...သာဓု...သာဓု...ဘဝမှာ ပြည့်ဝသောဆန္ဒတွေနဲ့ သာသနာအကျိုးတွေကိုဆောင်ရွက်နိုင်ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ..."

"ဘုန်းဘုန်းအနေနဲ့ ပေးချင်တဲ့ဆုကိုပေးပြီးရင် ပြောချင်တဲ့ စကားလေးတစ်ခွန်းရှိတယ်၊ ဒီစကားကတော့ လောကကြီးထဲမှာ တယ်သောအခါမှမေတ္တာမဲ့သော ကိစ္စအမှုတွေကို ရှောင်ကြဉ်ကြမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်ဘဝဟာတကယ်သာယာပြီး အေးချမ်းမှုတွေကိုရရှိကြမှာပါ”

“တင်ပါ့ဘုရား…”

“ကဲကဲ… ဒကာကြီးကို တရားနားရှိန်လေး သွားပြီးတွေ့ကြဦးကွယ်…”

မိုးစံတို့ပြန်ပြီးထွက်လာခဲ့ကြသည်။

တရားစခန်းဝင်နေသူတွေ၏ ငြိမ်တွေ့ခန်းတွင် အိမ်မှလာကြသောမိသားစုဝင်တွေကစကားပြောဆိုနေကြပေမယ့် တိုးညှင်းစွာပင်။

မိုးစံတို့ငယ်ဘဝထဲက မနက်မိုးလင်းသည်နှင့်အော်ဟစ်ဆူညံပွက်လောရိုက်မှုတွေကို နှစ်ပေါင်းများစွာ ကြားခဲ့ရသူဆိုတော့ ဒီလိုငြိမ်သက်သည့်ဘဝလေးကိုမက်မောနေမိပြန်သည်။

“သမီးတို့တောင် ရောက်နေကြပြီကိုး…”

“ဟုတ်ကဲ့ဖေဖေ…”

မိုးစံရှေ့တွင်မိုးစံသုတ်သင်ရမည့်ဦးမင်းလှသော်ကိုတွေ့နေရလေပြီ။

ဦးမင်းလှသော် မျက်နှာမှာ အပူသောကရိပ်တွေကင်းပြီး





အေးချမ်းစွာရှိနေသည်ကိုတွေ့မြင်ရသောကြောင့် မိုးစံအတွက် ပိုပြီးတော့ အခက်တွေ့စေလေသည်။ သူသတ်ရမည့်သူက မေတ္တာရိပ်အောက်မှာ ရှိနေသူမဟုတ်လား။

“ဖေဖေ…ဒါ…သမီးမွေးစားညီမလေး…မိုးစံတဲ့…”

“သြော်…သမီးလေးကအချောလေးပဲကွဲ့”

“ဖေဖေ… သမီးနဲ့ မတူဘူးလား”

“အင်း…အငယ်မနဲ့ပိုပြီးတော့တူတယ်… မျက်လုံး နှာတံကသမီးကြီးနဲ့ဆင်ပြီး မျက်နှာပေါက်က အငယ်မလေးနဲ့တူတာ၊ အတူဆုံးကတော့ သမီးတို့မေမေ အပျိုအရွယ်က မျက်နှာမျိုး…”

“ဟင်…”

မိုးစံရင်ကိုတလှပ်လှပ်တုန်လှုပ်စေသော စကားလုံးများဖြစ်နေရလေသည်။ တကယ်ပင်… မိုးစံသည် ဦးမင်းလှသော်၏သမီးအငယ်ဆုံးပင်ဖြစ်နေခဲ့ပြီလား…ဒါဟာမိုးစံစိတ်ကူးယဉ်နေတာ၊ လုံးဝမဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး…။

“သမီးလေးက ဘယ်ဇာတိလဲ”

“အဲ…ဟို…မန္တလေးကပါ”



www.burmeseclassic.com

www.burmeseclassic.com



မိုးစံ ပါးစပ်ထဲ ဖွတွေ့ရာပြောလိုက်ရခြင်းပင်.. သူ့ဘဝ သူ့ဇာတိဆိုသည်မှာ စံအိမ်ကြီးတစ်ခုပဲ သူသိသည်။

"မိဘတွေရော ရှိသေးလား"

"မ...မရှိတော့ပါဘူး"

"စိတ်မကောင်းစရာကွယ်..မွေးချင်းဘယ်နှစ်ယောက်လဲ"

"တစ်ယောက်တည်းပဲ အမေက မွေးခဲ့တာပါ"

"သမီး..မယ်ရီ.."

"ရှင်..ဖေဖေ.."

"သမီးလေးကို ညီမအရင်းအချာတစ်ယောက်လို ချစ်ခင်ပါကွယ်.."

"စိတ်ချပါ..သမီးက မိုးစံကို မြင်မြင်ချင်း သမီးတို့ညီမလေးကို ပြန်ပြီးတွေ့ရတယ်လို့ သတ်မှတ်ထားတာ"

"အင်း..ဖေဖေ.. သမီးလေးအသက်ရှင်ရက်ရှိမယ်ဆိုရင် ဒီအရွယ်လောက်တော့ရှိလောက်ပါပြီ၊ ဖေဖေ့စိတ်ထဲမှာ ထင်နေတာ တစ်ခုရှိတယ်..သမီးရယ်.."

"ဖေဖေက ဘာကိုထင်ထားလို့လဲ"





"မနောဟယ်ရီဆီမှာ ဖေဖေတို့သမီးလေးရောက်နေမလား"

"ဟင်..."

"ရှင်..."

"သူက ဖေဖေ့အပေါ်မှာ အငြိုးထားခဲ့သူဆိုတော့ ဖေဖေတို့ သမီးလေးကို လက်စားချေဖို့အတွက် ခေါ်ထားပြီးရက်စက်မှုတွေပြု လုပ်နေမလားလို့တောင် တွေးမိတယ်၊ အပြစ်မဲ့တဲ့ကြားထဲက သမီး လေးသာ မနောဟယ်ရီလက်ထဲကိုရောက်နေပြီဆိုရင် ဘယ်လောက် သနားဖို့ကောင်းလိုက်မလဲလေ..."

မနောဟယ်ရီဆိုသည်မှာ သခင်မကြီးဆိုသည်ကို မိုးစံ သိလိုက်သည်နှင့် စိတ်အစဉ်တို့သည် ကမ္ဘာကြီးပျက်မတတ်ခံစားလိုက် ရတော့သည်။

သခင်မကြီးနှင့်ဦးမင်းလှသော် ကြားတွင် ဘယ်လိုအမုန်း တရားတွေ ရှိနေသလဲဆိုသည်ကိုစိတ်ဝင်စားပေမယ့်မိုးစံ မမေးဝံ့ပေ။

"ဖေဖေတို့ကျူးလွန်ခဲ့တဲ့အပြစ်ဒဏ်ကိုဥပဒေက အပြစ်ပေး ခဲ့ပြီးပြီမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မနောဟယ်ရီက



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ကျူးလွန်ခဲ့တဲ့အပြစ်မဟုတ်ဘဲ ခံစားမှုတစ်ခုပဲလေ။ ဒါတွေ ဖေဖေတရားစခန်းကထွက်မှပဲပြောပြတော့မယ်၊ ခုချိန်မှာ ဒီအကြောင်းတွေကို မစဉ်းစားချင်ဘူးကွယ်.. သမီးလေးမိုးစံ..”

“ရှင်..”

“ခု..ဘယ်မှာနေလဲ”

“ဘုရားကျောင်းမှာပါ”

“မင်း..မမတွေနဲ့လိုက်မြို့နေပါလား”

“ဟို..ဟို..သမီး..”

“မိုးစံဘာမှပြောမနေနဲ့၊ ဒီနေ့ကစပြီး အိမ်မှာလိုက်ပြီးနေတော့၊ အငယ်မ ရှယ်ရီသော်ကဆို ခေါ်ခဲ့လို့ပြောနေတာကြာပြီ”

မိုးစံအတွက်မိသားစုလေးတစ်ခုဆီသို့လှမ်းဝင်ရမှာကိုမျှော်ရှင်မိပေမယ့် သခင်မကြီး၏ တာဝန်ကသေမင်းကို အန်တုဓနရသလိုဖြစ်နေလေသည်။

■ ■ ■



# အခန်း (၁၅)

“လူတစ်ယောက်ရဲ့ဘဝမှာ ပြောင်းလဲသင့်ပြီလို့ ယူဆတာမျိုး၊ ဆုံးဖြတ်ချက်ချတာမျိုး လုပ်ပြီးရင် ပြောင်းလဲရဲတဲ့သတ္တိကို မွေးယူရဲရတယ်...”

ရတုပိုင်စကားက ဒီစံကိုရည်ရွယ်ပြီးပြောနေတာလား ဒါမှမဟုတ်သူ၏အတွေးအခေါ်ပိုင်းကို ပြောနေတာလား ဆိုသည်ကို မသိခဲ့ပေ...

“ကိုရတုပိုင် ဘယ်သူ့ကိုရည်ညွှန်းပြီးပြောနေတာလဲ”

“ဘာရယ်လို့မဟုတ်ပါဘူး ကိုယ့်ရဲ့ဒဿနတစ်ခုကိုပြောပြခဲ့တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ပြော..."

ဒီစံနှင့်အတူမနက်တိုင်း ဒေါ်မြစံထိပ်ထား ခြံဝန်းကြီးထဲတွင် လမ်းလျှောက်ရင်း ပြောနေမိခြင်းပင်...

ဒီစံတို့ကို ပေးထားသော ရက်(၃၀)ထဲမှ (၁၀)ရက်မြောက် နေ့ကိုရောက်ခဲ့ပေမယ့် ဒီစံ...ဒေါ်မြစံထိပ်ထားကို လုပ်ကြံရန်ပင်မေ့ လျော့နေသလိုဖြစ်နေပြီး မိသားစုဘဝထဲတွင် သာယာနေမည်။

"သမီးတို့ လာကြပြော့...ဒီမှာအန်တီ နံနက်စာတွေပြင်ထား တယ်"

ဒေါ်မြစံထိပ်ထားမှ လှမ်းပြီးခေါ်သဖြင့် မြက်ခင်းစိမ်းပေါ်က စားပွဲဝိုင်းလေးဘေးတွင် ဝိုင်းပြီးထိုင်လိုက်ကြသည်။

"သမီးလေး အစေတော်လေးကို ဟုတ်လာပြီပဲ...သက်သာ လားသမီး"

"သက်သာပါတယ် အန်တီ"

"အန်တီ့အိမ်မှာနေရတာ စိတ်လွတ်လပ်ရဲ့လားကွယ်"

"လွတ်လပ်ပါတယ်...သမီးက အံရမ်းကိုအားနာနေတာ"

"ဘာမှအားနာစရာ မလိုဘူး...သမီးစိတ်ထဲမှာ အန်တိုင်





အမေတစ်ယောက်လိုသဘောထားလိုက်ရင်ပြီးရော"

"ရှင်"

ဒီစံနှုတ်ခမ်းလေးပင်ဟသွားပြီး ဝမ်းနည်းမှုလေးတစ်ခုရင်စို့ နင့်စေသွားသည်။

"ဘယ်လိုလဲသမီး ထားနိုင်မလား..."

"ဟုတ်...ဟုတ်ကဲ့...ထားနိုင်ပါတယ်"

"ဝမ်းသာလိုက်တာ သမီးလေးရယ်..."

ဒီစံ လက်ချောင်းလေးများကို ဆုပ်ကိုင်ပြီး ဒေါ်မြစံထိပ်ထား မျက်ရည်တွေဝဲနေသည်ကို ဒီစံနှင့်အတူ ရတုပိုင် အံ့အားသင့်စွာဖြင့် ကြည့်နေမိသည်။

"အန်တီ့ဘဝမှာ ကြေကွဲစရာကောင်းတဲ့အဖြစ်ဆိုးလေးတစ် ခုရှိခဲ့ဘူးတယ်...အားလုံးကအန်တီ့ကိုအိမ်ထောင်မရှိခဲ့ဘူးလို့ထင်နေ ခဲ့ကြတာ တကယ်တော့မဟုတ်ဘူးကွယ့်"

"ဟင်"

"ဟာ"

"အန်တီ့မှာ သိမ်မှချစ်ခဲ့ရတဲ့ ကိုလှိုင်အောင်ဆိုတဲ့ခင်ပွန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရှိခဲ့တယ်...ကိုလှိုင်အောင်က အရမ်းဆင်းရဲပြီး အန်တီတို့ မိသားစုက ချမ်းသာကြတော့ သဘောမတူခဲ့ကြဘူးလေ...အန်တီ လည်းမိဘတွေကိုဆန့်ကျင်ပြီး ကိုလှိုင်အောင်နောက်ကိုလိုက်ခဲ့တယ် (၃) နှစ်လောက်ကြာတော့ အန်တီသမီးလေးတစ်ယောက်ကိုမွေးပြီး အန်တို့မေမေကနောက်ဆုံးရှိန် တွေ့ချင်တာနဲ့ကိုကြီးစည်သူမင်းခေါ်ငါ အစ်ကိုလတ်မင်းလှသော်တို့ကကတိတွေပေးပြီး လာခေါ်ခဲ့ကြတယ်"

"ဟင်"

ဒီစံ ရှမှသဘောပေါက်လေပြီ...သခင်မကြီးက မောင်နမ(၃) ယောက်ကို တစ်ပြိုင်တည်း သတ်ဖြတ်နိုင်းခဲ့ခြင်းပင်...

"အန်တီအိမ်ကို ပြန်ပြီးရောက်တော့ မေမေနဲ့ ဖေဖေတို့က သူတို့နဲ့အတူ အန်တီတို့လင်မယားကိုရော သူတို့မြေးလေးကိုရောခေါ် ခွဲဖို့ခွင့်ပြုခဲ့ကြတယ် အန်တီလည်းအရမ်းဝမ်းသာပြီး ကိုလှိုင်အောင်နဲ့ သမီးလေးဆီပြန်တော့...လူရမ်းကားတစ်စုဟာ ကိုလှိုင်အောင်တို့ သတ်ပြီး သမီးလေးကိုခေါ်သွားခဲ့ကြတယ်..."

"ရှင်"

"ဟာ...မမ သမီးလေးက ဘယ်အရွယ်လောက်ရှိပြီလဲ..."





"တစ်နှစ်သမီးကျော်ကျော်လေးပေါ့"

"ခုထိဘာသတင်းမှမရဘူးလား"

"အန်တီလည်း စုံစမ်းတာပဲကွယ် ဘာမှသတင်းမရခဲ့ပါဘူး နောက်ဆုံး သတင်းတစ်ခုတော့ရပါတယ် သိပ်ပြီးတော့မသေချာလှ ပါဘူး"

"ဘာသတင်းများလဲ"

"မနောဟယ်ရီဆီမှာ ရောက်နေတယ်တဲ့"

ဒီစံ ...သခင်မကြီးမျက်နှာကိုမြင်ယောင်လိုက်မိသည်။

"မနောဟယ်ရီက ဘယ်မှာနေတာလဲမမ"

"အန်တီစုံစမ်းမိတာကတော့ နယ်စပ်တစ်ခုမှာဆိုလားပဲ... တိတိကျကျတော့မဟုတ်ပါဘူး...အန်တီက မနောဟယ်ရီသေသွားပြီ လို့ပဲထင်ထားခဲ့တာဆိုတော့ ဒီသတင်းတွေကိုမယုံခဲ့ဘူး"

"မနောဟယ်ရီက ဘာ့ကြောင့်သေဆုံးတယ်လို့မမပြောနိုင် တာလဲ"

"ဒီအကြောင်းတွေကိုပြောရင် အရှည်ကြီးပြောရမှာ...မမ တစ်နေ့တော့ပြောပြပါ့မယ်...ဟယ်ရီအကြောင်းကိုတွေးမိရင် မမ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရင်ထဲမှာတကယ်မကောင်းလှပါဘူး...သူမုန်းတီးနာကြည်း မယ်ဆိုရင်လည်း နာကြည်းလောက်တဲ့ကိစ္စတစ်ခုပါပဲကွဲ...ကဲ...နို့ပူ လေးနဲ့ ကောက်ညှင်းပေါင်းလေးစားလိုက်ဦး..."

ဒီစံ အတွက်အရမ်းကိုခက်ခဲလှသော ဆုံးဖြတ်ချက်တစ်ခုကို ချရတော့မည်ဖြစ်သည်။

တစ်ဖက်မှာက ကြောက်စရာကောင်းလှသော သခင်မကြီး...

တစ်ဖက်မှာက မိခင်တစ်ယောက်လို သံယောဇဉ်တွယ်မိ သည့် ဒေါ်မြစံထိပ်ထား...

ဒီစံ ဘယ်သူ့ကိုရွေးချယ်ရမလဲ...

"မောင်ရတုပိုင်"

"ဗျာ...မမ"

"မမ...ရန်သူနဲ့ပတ်သက်ပြီး ဘာထူးခြားတာတွေ့လဲ"

"ဟာင်"

ဒီစံ ကိုယ့်စိတ်ကိုကိုယ်မလုံဖြစ်သွားပေမယ့်တည်ငြိမ်အောင် ပင်နေလိုက်သည်။

"ခုထိတော့ဘာမှထူးခြားတာမတွေ့ရသေးဘူးမမ...ကိုယ့်ဘက်





ကပြင်ဆင်ထားမှုကိုတော့ လျှော့လို့မဖြစ်သေးဘူး"

"မမ...မနောဟယ်ရီရဲ့လက်စားချေမှုပေါ်မှာ ကြောက်ရွံ့တာ တော့မဟုတ်ဘူး...မမ ဘဝမှာသမီးလေးနဲ့ပတ်သက်ပြီး နောက်ဆုံး သတင်းလေးတစ်ခုကိုကြားသွားချင်တယ်"

"မနောဟယ်ရီဆီမှာသေချာရင် မမ ကြားရမှာပါ..."

"မင်းတို့ မောင်နှမစကားပြောကြဦး...မမ ဘုရားပန်းတွေလဲ ပြီးဘုရားဝတ်တက်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်မြစံထိပ်ထား ထွက်သွားပြီးနောက်...

"ဒီစံ"

"ရှင်...ကိုရတုပိုင်"

"မင်းနဲ့ ကိုယ်စကားပွင့်ပွင့်လင်းလင်းပြောချင်တယ် ဖြစ်မ လား"

"ဖြစ်ပါတယ် ကိုရတုပိုင်"

"စကားမပြောခင်မှာ ကိုယ်မင်းကို တစ်ခုတော့ပြောထားချင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ"

"ကိုယ်နဲ့မင်းဟာ ဆုံခဲ့ကြတာဘာမှ မကြာသေးတော့ တစ်ယောက်အပေါ်တစ်ယောက် ယုံကြည်မှုအားနည်းနေမှာသေချာပါတယ်...ဒါပေမယ့် ကိုယ့်ရဲ့သံယောဇဉ်ပိုင်းကိုဘေးဖယ်ထားပြီး မမထိပ်ထားရဲ့သံယောဇဉ်နဲ့ စကားပြောချင်တယ်"

"ရှင်...ဘယ်လို...အန်တီ့ သံယောဇဉ်နဲ့ ဟုတ်လား"

"ဟုတ်ပါတယ်...မမ ထိပ်ထားက မင်းအပေါ်မှာသမီးအရင်းတစ်ယောက်လို ချစ်ခင်တာကိုကိုယ်သိတယ် ဘယ်လိုရေစက်ကြောင့်လဲဆိုတာတော့ ကိုယ်မပြောနိုင်ပေမယ့် အံ့သြဖို့ကောင်းလောက်အောင် မင်းကိုချစ်ခင်ခဲ့တာကို မင်းအကြွင်းမဲ့ယုံကြည်ပါ..."

ရတုပိုင် စကားကို ဒီစံ တကယ်ပင်ယုံကြည်သည်။

ဒေါ်မြစံထိပ်ထား သူမအပေါ် ထားသည့် စိုးရိမ်မှု၊ ဂရုစိုက်မှုတွေက ဒီစံနှလုံးသားကိုရိုက်ချိုးပစ်နိုင်လောက်အောင်ပင်...

"ကိုယ်ပြောတာကို မင်းလက်ခံလား ဒီစံ"

"ကျွန်မ လက်ခံပါတယ်"

"မင်းနှုတ်ဖျားကလား, ရင်ထဲကလား ဆိုတာလေးလည်းသိချင်တယ်"





"ရှင်က တကယ့် သုတေသနသမားကျနေတာပဲ"

"ဒီအဖြေဟာသိပ်ကို အရေးပါနေလို့ပါ"

"ကျွန်မ ရင်ထဲက လက်ခံတာပါ ကိုရတုပိုင်"

"ကောင်းပြီ...ဒါဆိုရင် ကိုယ်မင်းကို မေးမယ်နော်"

"မေးလေ"

"မင်းဘာကြောင့် မမထိပ်ထားနယ်နိမိတ်ကို ရောက်ခဲ့ရတာလဲ"

"ဟင်...ဟို...ကျွန်မ စာရေးဖို့ထွက်လာတာ"

"ဒီစံ မင်းဟာ စာရေးဆရာမတစ်ဦးမဟုတ်ဘူးဆိုတာ ကိုယ်သိတယ်"

"ဘာ..."

"မင်း သတိလစ်နေတုန်းမှာ မင်းပါးစပ်က ယောင်ရမ်းပြီး အော်ဟစ်နေတာတွေကို ကိုယ်ကြားတယ်"

"ရှင်...ဒါကတော့ အိပ်မက်ပဲရှင် တွေ့ရာမြင်ရာတွေကို အော်မှာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါလေ...အိမ်မက်ထဲကသခင်မကြီးဟာ အပြင်မှာတကယ်ရှိတယ်ဆိုရင် ဒါဟာအိပ်မက်တော့ မဟုတ်နိုင်တော့ဘူးနော်...ကိုယ့်ကိုခွင့်လွှတ်ပါရော့...ဒီစာအုပ်လေးကိုပြန်ပေးပါရစေ"

"ဟယ်..."

ဒီစံ မှတ်တမ်းစာအုပ်လေးပင်ဖြစ်သည်၊

ထိုစာအုပ်ထဲတွင်သခင်မကြီး၏ညွှန်ကြားမှုတွေကိုလက်ရေးတိုဖြင့်မှတ်ထားမှုတွေရှိနေသည်။ ဒါကို ကိုရတုပိုင် သိနိုင်ပါ့မလား။

"မင်း လက်ရေးတိုတွေနဲ့ရေးထားပေမယ့် ကိုယ်ဖော်နိုင်ခဲ့ပါတယ်၊ မင်းဟာမမထိပ်ထားကိုသတ်ဖို့သခင်မကြီးက ခိုင်းစေလိုက်တဲ့လူမဟုတ်လား"

ဒီစံ ဘာမှမပြောဘဲ ခေါင်းကိုငုံ့ပြီးနေလိုက်သည်၊ ပြီးမှ...

"ရှင်...ကျွန်မကိုဘာလုပ်ချင်လဲပြောပါ"

"ကိုယ်ဘာမှမလုပ်ချင်ပါဘူး။ မင်းအတွက်ရယ်၊ မမထိပ်ထားအတွက်ရယ် အကောင်းဆုံးတမ္ဘာလေးဖြစ်စေချင်တယ်ကွာ"

"ကိုရတုပိုင်..."

"မင်းဘာပြောချင်သလဲ"





"ကျွန်မဘဝမှာ ပထမဦးဆုံးသခင်မကြီးကိုဆန့်ကျင်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါပြီ"

"ဘာဆုံးဖြတ်ချက်လဲ ဒီစံ"

"ကျွန်မ...အန်တီ့ကိုမသတ်တော့ပါဘူး၊ ဒီအတွက် ကျွန်မရင်ဆိုင်ရမယ့်အန္တရာယ်ကို ပြုံးပြုံးကြီး ရင်ဆိုင်သွားမယ် ကိုရတုပိုင်"

"ဒီစံ..."

"ဟင်..."

ရတုပိုင်က လက်ကလေးကို ကမ်းပေးလိုက်သည်ကို ငေးကြည့်မိသည်။

"မင်း ယုံကြည်တယ်ဆိုရင် ကိုယ့်လက်ကိုဆုပ်ကိုင်ပြီး အတူတူရင်ဆိုင်စေချင်တယ်ကွာ..."

ဒီစံ မငြင်းနိုင်တော့ပေ....။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"မင်းတို့ကိုလွှတ်လိုက်တာ (၃)ယောက်ပေါ့"

"ဟုတ်ပါတယ် ကိုအိုက်စံခေါင်"

"ကျန်နှစ်ယောက်က ဘယ်သူတွေဆိုလဲ"

"ဦးမင်းလှသော်နဲ့ ဒေါ်မြစံထိပ်ထား"

"ဟင်...ဒါ...ကိုယ့်ရဲ့ဦးလေးနဲ့အဒေါ်တွေပဲ"

"ကိုအိုက်စံခေါင်...သူတို့အခြေအနေကိုစုံစမ်းကြည့်ပါဦး"

"ကိုယ်ညနေကျရင်စောလှခေါင်ကို ဖုန်းဆက်ခိုင်းမယ်၊ ထူးခြားမှုရှိရင်တော့ကိုယ့်ဆီကိုရောက်လာမှာပါ...ကောင်မလေး..."

"ရှင်..."

"မင်းဘာမှမစိုးရိမ်နဲ့... မင်းအတွက်ကိုယ်တာဝန်ယူတယ်၊ သခင်မကြီးကိုရင်ဆိုင်ဖို့အတွက် မင်းဘေးမှာရှိနေမယ်"

"အစ်ကိုရယ်..."





ယွန်းစံ...အိုက်စံခေါင် လက်မောင်းလေးကိုအားကိုးတကြီး ဆုပ်ကိုင်လိုက်မိသည်။

"သခင်မကြီးက အရမ်းကိုကြောက်ဖို့ကောင်းသလောက် ရက်စက်မှုတွေက သွေးပျက်ဖို့ကောင်းတယ် အစ်ကိုရယ်... ပြီးတော့ သူ့လူတွေက ညီမတို့နောက်မှာအရိပ်လိုပဲ ရှိနေကြတယ်"

"ယွန်းစံဆိုလိုတာက ယွန်းစံတို့ဘာလုပ်လုပ် သခင်မကြီး သိနေတယ်ပေါ့ဟုတ်လား"

"ဟုတ်တယ်အစ်ကို၊ သူမှာမှော်မျက်လုံးရှိနေသလားပဲ"

"သူဘယ်လောက်စွမ်းသလဲဆိုတာကို စောင့်ကြည့်ရတာပေါ့၊ အစ်ကို့နေရာကို သူသိခဲ့ရင်တော့ ကောင်မလေး ပြောသလို သခင်မကြီးဟာ သိပ်ပြီးတော်တဲ့သူပဲဖြစ်မယ်"

"ဗိုး"

"ဒေါက်"

"ဟင်"

"ဟာ"

ခြံဝန်းအပြင်ဘက် သစ်ပင်အကွယ်မှ မှုတ်ပြောင်းများလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်လှမ်းပြီးမှတ်ကာထွက်ပြေးသွားသည်ကိုလှမ်းတွေ့လိုက်ရပြီး...

အိုက်စံခေါင်းပြေးမလိုက်ဘဲခပ်အေးအေးပင်ကြည့်ကာ တိုင်တွင်စိုက်သွားသည့်မြားတံကို နှုတ်ယူကြည့်လိုက်တော့ စာလိပ်ကလေးတစ်ခုကိုတွေ့လိုက်ရသည်။

ယွန်းစံ

စည်သူမင်းခေါင်ရဲ့ဝိညာဉ်ကိုငါစောင့်နေတယ်

(သခင်မကြီး)

ယွန်းစံကိုသတိထပ်ပြီးပေးလိုက်သောစာပင်ဖြစ်သည်။

"အစ်ကို"

"ကောင်မလေး...အစ်ကိုသဘောပေါက်ပြီ၊ သခင်မကြီးရဲ့အရိပ်တွေက အစ်ကိုတို့အနားမှာရှိနေတယ်၊ ခုနကလူကိုအစ်ကိုဖမ်းဆီးနိုင်မှာပါ..."

"ဟင်း..."

"ဘာလဲကောင်မလေးကမယုံလို့လား...ဒီကောင်ပြေးသွားတဲ့လမ်းကြောင်းကအစ်ကိုမိတ်ဆွေမှဆိုးကြီးထော်လီနေတဲ့ပိုင်နက်ပဲ...ဒီကောင်ဘယ်သူဆိုတာကို သေချာပေါက်ပြောနိုင်တယ်...အဲ





မဟုတ်ရင် ဒီကောင်ထော်လီပိုင်ခွေးတွေရဲ့ကိုက်ဖြတ်ခြင်းကိုခံနေရပြီ"

"အစ်ကို...ညီမဘယ်လိုလုပ်ရမလဲ...သခင်မကြီးကိုထွက်ပြီးရင်ဆိုင်ရမှာလား"

"ကောင်မလေး အရှုံးမထနဲ့ သခင်မကြီးကို မင်းရင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှမလွယ်နိုင်ဘူး...ကိုယ်တို့ ခေါင်းအေးအေးထားပြီးစီစဉ်တာပေါ့... ကောင်မလေးခုလိုပြောင်းလဲသွားတာကိုသခင်မကြီးမသိသေးတာဟာ ကိုယ်တို့အတွက်အခွင့်အရေးတစ်ခုပဲလေ၊ ရက်ပေါင်း (၂၀) အတွင်းမှာပြင်ဆင်စရာရှိတာကိုပြင်ဆင်ရမယ်"

"ညီမတော့ဘယ်လိုပြင်ဆင်ရမလဲဆိုတာကိုစဉ်းစားလို့မရတော့ပါဘူး...ညီမစိုးရိမ်တာက ညီမကြောင့်အစ်ကို အန္တရာယ်ဖြစ်မှာကိုမမြင်ရက်ဘူး"

"ကောင်မလေးရယ်...အန္တရာယ်ဆိုတာ မိုက်ရူးရဲဆန်စွာဖြေရှင်းတတ်သူတွေအတွက် စိုးရိမ်စရာကောင်းတာပါ ဉာဏ်ကိုလွှာသုံးပြီးရင်ဆိုင်မယ်ဆိုရင် ဒီအန္တရာယ်ကိုဖြတ်ကျော်နိုင်မယ်ဆိုတာ ကောင်မလေးယုံ...ဒါနဲ့အစ်ကိုမေးချင်တယ်"

"ဘာများလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးဘယ်လိုလုပ်ပြီးစံအိမ်ကြီးကိုရောက်ခဲ့တာလဲ"

"ညီမလေးဘာမှမမှတ်မိပါဘူးအစ်ကို...ညီမမှတ်မိတဲ့အချိန်ဟာစံအိမ်ကြီးထဲမှာနေထိုင်ခဲ့တဲ့အချိန်တွေပဲ ဒါပေမယ့် ညီမစိတ်ထဲမှာရုတ်ကြားယောင်နေတဲ့အသံတွေရှိတယ်..."

"ဘာတွေလဲ"

"သမီးလေးကို မီးလောင်တော့မယ် သွားပြီးခေါ်ကြ...ခေါ်ကြ...အဲဒီလို ခေါ်သံတွေရယ် ညီမကိုလူကြီးတစ်ယောက်က ပွေ့ပြီးခေါ်သွားတယ်...နောက်ချောက်ကြီးတစ်ခုထဲ ခုန်ချတာတွေတော့ မြင်ယောင်နေတတ်တယ် အစ်ကို"

"ဟင်...ကောင်မလေး မင်းပေါင်ရင်းမှာ အစင်းရာကြီးတစ်ခုရှိလား..."

"အယ်...ရှိတယ် အစ်ကိုဘာဖြစ်လို့လဲဟင်"

"ဒါ...ဒါဆို မင်းဟာအစ်ကို့ညီမလေး မေဦးခေါင်ပဲ..."

"ရှင်"

"ဒီပေါင်က ဒဏ်ရာဟာ မင်းအစ်ကိုလတ် မင်းကိုစက်ဘီးပေါ်တင်စီးရင်း စက်ဘီးမှောက်ပြီးရခဲ့တဲ့ဒဏ်ရာပဲကွာ...ကောင်မလေး





အိပ်မက်လိုမြင်ယောင်ခဲ့တာတွေဟာ တကယ်ဖြစ်ပျက်ခဲ့တာပါ...တို့နေတဲ့အိမ်ကြီးကို လူတစ်စုက တိတ်တိတ်လေး မီးဝင်ရှို့ပြီး ညီမလေးကို ခိုးသွားကြတာ...နောက်ကလိုက်ကြတော့ ချောက်ကမ်းပါးထဲကို ခုန်ချသွားခဲ့တာပဲ..."

"ဟင်...ဒါဆိုသခင်မကြီးက ခေါ်ခိုင်းခဲ့တာပေါ့နော်"

"ဟုတ်တယ် ဖေဖေ့ကိုလက်စားချေဖို့အတွက် ကောင်မလေးကိုရလို အသုံးချတာပဲ...တော်တော်ကြောက်ဖို့ကောင်းတဲ့ အကြံပဲကွာ သမီးဖြစ်သူကို အဖေအရင်းကို ပြန်သတ်ခိုင်းတာပဲ ကံကောင်းလို့ပါလားကွာ...ညီမဖြစ်သူကို အစ်ကိုဖြစ်သူကပြန်ပြီးသတ်ရမယ့် အခြေအနေတွေကိုရောက်တော့မလို့..."

"အစ်ကိုရယ်...ဒါတွေခုလိုမဖြစ်တာ အစ်ကိုကြောင့်ပါ..."

"ဖေဖေနဲ့ညီလေးသာသိရင် ဘယ်လောက်ဝမ်းသာကြမလဲ ဒီနေ့ပဲအိမ်ကိုပြန်ကြပြီးတို့မိသားစုတွေ စုံညီတဲ့ပွဲလေးကျင်းပရမယ်"

အိုက်စံခေါင်မျက်နှာတွင် ကြည်နူးခြင်းတွေပြည့်နက်နေသလို ယွန်းစံရင်ထဲမှာလည်း ပြောပြ၍မတတ်သော ကျေနပ်ခြင်းတွေ တရောက်ရှိနေလေပြီ....



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"ဘာလဲကောင်မလေး"

"ဟို...မိုးစံနဲ့ ဒီစံတို့လုပ်ရှားမှုတွေကို စုံစမ်းပါဦး...သူတို့က သိပ်ပြီးလျှင်တာ..."

"အစ်ကိုစုံးရိမ်တာက ဒေါ်လေးထိပ်ထားပဲကွာ...အိမ်ရောက်ရင်သိရမှာပေ့ါ...မိုးချုပ်တာနဲ့ တို့မောင်နှမ ဒီအိမ်ကနေပြန်မယ်"

"အစ်ကိုလေးနဲ့ ဖေဖေကယုံကြည်ပုံမလား"

"ငြင်းလို့မရတဲ့သက်သေတွေ အစ်ကို့မှာရှိပါတယ်ကွာ"

"ဘာသက်သေလဲ"

"သွေးကပြောတဲ့ သက်သေ..."

အစ်ကိုဖြစ်သူ အိုက်စံခေါင်ရင်ခွင်ထဲသို့ ခေါင်းလေးတိုးပြီး ဝင်လိုက်ချိန်တွင် ယွန်းစံဘဝမှာ လုံခြုံစိတ်ချရဆုံးဟု ထင်မှတ်လိုက်လေသည်။

■ ■ ■



# အခန်း (၁၇)

မိုးစံ...ဓါးလုံးလေးများဖြင့် ခြံစည်းရိုးလုပ်ထားသော အိမ်လေးထဲကို လှမ်းပြီးဝင်လိုက်သည်နှင့် တယောသံလေးကိုကြားနေရသည်။

ကိုသက်ပိုင်ဦး...သစ်ပင်ခြေရင်းတွင်ပက်လက်ကုလားထိုင်လေးနှင့် ထိုင်ကာတယောထိုးနေခြင်းဖြစ်သည်။

မိုးစံမှန်ပြောင်းတပ်ထားသောသေနတ်ကို ဆုပ်ကိုင်ပြီး ကိုသက်ပိုင်ဦးနောက်တည့်တည့်တွင် ရပ်နေလိုက်သည်။

တယောသံလေးအဆုံးသတ်သွားသည်နှင့် သက်ပိုင်ဦး နောက်သို့မကြည့်ဘဲ...

"မိုးစံသေနတ်ကြီးကိုင်ပြီး ကျွန်တော့်ကိုနှုတ်ဆက်မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

သက်ပိုင်ဦးဆိုသည့်လူသည် မျက်အောင်ထားသူတစ်ဦး လားပင်မသိ။

"ရှင့်ကိုသတ်ချင်မှဖြင့် ရပ်ပြီးမနေပါဘူး"

"ယုံပါတယ် မိုးစံ.. ခင်ဗျားခြံထဲကို ဝင်လာကတည်းက ကျွန်တော့်ကို သတ်ဖို့ရည်ရွယ်ချက်မပါဘူးဆိုတာ သိနေပါတယ်"

"ကိုသက်ပိုင်ဦး"

"ဘာများလဲ မိုးစံ"

"ရှင် မျက်များအောင်ထားသလား"

"ဟားဟားဟား…

"ရှင်..ဘာရယ်တာလဲ"

"မိုးစံ စကားကိုသဘောကျလို့ပါ"

"ဟုတ်တယ်လေ…ရှင်ကကြိုပြီးသိနေမြင်နေလို့"

"ဘာမျက်မှမတတ်ပါဘူး။မိုးစံဝင်လာကတည်းက ကျွန်တော် လှမ်းပြီး မြင်တယ်၊ တကယ်သတ်မယ့်သူဆိုရင်တော့ ပစ်မှတ် အကွာ အဝေးနဲ့ မိုးစံ ပစ်လို့ကောင်းတဲ့နေရာမှာ ရပ်နေမှာပေါ့၊ ခုဟာက





ကျွန်တော့်ဆီကိုတိုက်ရိုက်လာကတည်းက သတ်ဖို့မဟုတ်ဘူးဆိုတာ သိသာတာပဲ"

"ရှင် နောက်လှည့်နေတာ မဟုတ်ဘူးလား"

"မလှည့်ပါဘူး။ အဝေးက ကြည့်ရင် နောက်လှည့်နေသလို ထင်ရအောင် လုပ်ထားတာပါ။ ဒီမှာကြည့်လေ"

"အဲ…"

ပက်လက်ကုလားထိုင်ကို အဝေးကကြည့်ရင် မှီပြီးထိုင်နေသလို ထင်ရပေမယ့်အနီးကပ်ကြည့်တော့မှ ပြောင်းပြန်ထိုင်နေသည်ကိုတွေ့သည်။

"မိုးစံ အနားကိုရောက်မှ ဟိုလိုလို ဒီလိုလိုနဲ့လှည့်လိုက်တာပါ"

"ရှင်က ဉာဏ်ကြီးရှင်ပဲ၊ ထားပါလေ၊ ကျွန်မအကြောင်းတွေကို သိနေရတာရော.."

"ဒါလည်း ရှင်းပါတယ်၊ မယ်ရီသော် ပြောပြတာတွေကို ကျွန်တော်က အင်္ဂလိပ်ဗွာလိုလို ဘာလိုလိုနဲ့ ပြောလိုက်တာပါ"

"ဘာ..မမ မယ်ရီသော် ပြောပြတာ"



www.burmeseclassic.com

"သိပ်ပြီးဟုတ်တာပေါ့ဗျာ၊ ခင်ဗျား ဘုရားကျောင်းမှာက တည်းကဘယ်လိုလူလဲဆိုတာကို သိတယ်လေ"

"ဟင်..."

"ဒါပေမယ့် ခင်ဗျားကို မယ်ရီသော် ဘာလို့မသိချင်ယောင်ဆောင်နေတာလဲဆိုတာရော သိရဲ့လား"

"ဟင့်အင်း"

"ခင်ဗျားဟာ သူညီမလေး မြင့်မြင့်သော်ဖြစ်နေလို့ပဲ"

"ဘာ"

"မိုးစံ လက်မောင်းမှာ ဆေးနီနဲ့ရေးထိုးထားတဲ့ "နငယ်" နားပင်းပိတ်လေးကို သိမှာပေါ့"

"ဟုတ်တယ် ကျွန်မလက်မောင်းမှာ ထိုးထားတာဘယ်သူထိုးခဲ့တာလဲဆိုတာတော့ မသိဘူး"

"ဘယ်သိမလဲ မိုးစံရယ်...ခင်ဗျား(၁)နှစ်သမီးအရွယ်ကထိုးခဲ့တာလေ...ခင်ဗျားတို့ညီအစ်မသုံးယောက်လုံးမှာရှိတယ်..."နငယ်" နားပင်းပိတ်ထိုးရတာ ဦးမင်းလှသော် ဘုန်းကြီးရဲ့အဆောင်တစ်ခုပဲ...သမီးတွေရဲ့ဘေးအန္တရာယ်ကို ကာကွယ်နိုင်အောင် ထိုးပေးထားတာ.





ဒါကို ခင်ဗျားအစ်မမယ်ရီသော်ကတွေ့သွားပြီး သူ့ညီမလေးဆိုတာကို သိနေခဲ့တာပဲဗျို့... ဒါကြောင့်ခင်ဗျားကို နူးညံ့စွာပြောင်းလဲနိုင်ရေးအရင်လုပ်ပြီးမှသူ့ညီမဖြစ်တယ်ဆိုတာကို ဖွင့်ပြောပြမှာ...အဲခင်ဗျားအထင်ကြီးအောင် နောက်ထပ်စကားတစ်ခုပြောရဦးမယ်"

"ဘာများလဲ"

"ခင်ဗျား ကျွန်တော့်ဆီလာတာ အဖြစ်မှန်တွေကို ဝန်ခံပြီး ဘာလုပ်ရမလဲဆိုတာကို ပြောဖို့လာတာ မဟုတ်လား"

"ရှင်ဟာ တကယ့်လူပါပဲလေ...ဒါကျတော့ဘယ်လိုသိလဲ"

"ဘယ်လိုလုပ်ပြီးသိရမလဲဗျာ...ခင်ဗျား စိတ်တွေတဖြည်းဖြည်း ပြောင်းလဲလာတာကို မယ်ရီသော်ပြောပြလို့သိပြီးပြီလေ တစ်နေ့ကျွန်တော့်ဆီကိုလာပြီး ရင်ဖွင့်မယ် အကြံဉာဏ်တောင်းမယ်လေ"

"ကိုသက်ပိုင်ဦး ကျွန်မဘာလုပ်ရမလဲဟင်...သူတို့က အရှမ်းတိုကြောက်ဖို့ကောင်းတဲ့လူတွေ"

"လွယ်ပါတယ် ကြောက်ဖို့ကောင်းတဲ့ လူတွေကို ကြောက်ဖို့ကောင်းအောင်ပြန်ပြီးလုပ်ရမှာပေါ့ဗျာ..."

"ဘယ်လိုလုပ်မှာလဲဟင်"

www.burmeseclassic.com



"ဟိုမှာ ခင်ဗျားအစ်မနှစ်ယောက်လာနေပြီ သူတို့နဲ့တိုင်ပင်ကြတာပေါ့"

"ဟင်...မမ..."

"ညီမလေး...မြင့်မြင့်သော်"

မိုးစံလက်ထဲမှ သေနတ်ကို လွှတ်ချပြီးမယ်ရီသော်ရင်ခွင်ဆီသို့ပြေးဝင်လိုက်တော့သည်။

"ညီမလေးရယ်...ဘုရားကယ်လို့ပေါ့ကွာ...ဖခင်ကိုပြန်ပြီးသတ်တဲ့ငရဲကြီးကူပြန်ပြီးလွှတ်ခဲ့ရတာ..."

ချယ်ရီသော်ပါ မိုးစံကို ဖက်ပြီးငိုကြွေးနေလေတော့သည်။

မိုးစံဘဝမှာ မျက်ရည်ဆိုတာမရှိဘူးဟုထင်ခဲ့ပေမယ့် စုတေး မယ်ရီသော် ရင်ခွင်ထဲတွင် သည်းထန်စွာငိုကြွေးနေမိလေပြီ...

■ ■ ■



# အခန်း (၁၈)

"မေမေ့သမီးလေးကိုမေမေ့ မေတ္တာကြောင့်နတ်ကောင်းနတ်မြတ်တွေကပြန်ပြီး ပို့ပေးလိုက်တာပါကွယ် သမီး..."

"မေမေ"

ဒီစံ အမေဖြစ်သူ၏ ရင်ခွင်ထဲတွင် တိုးဝင်ပြီးငိုကြွေးလေ သည်။

"သမီးလေး မငိုနဲ့တော့ကွယ်၊ တကယ်တော့ သမီးလေးမှာ ဘာအပြစ်မှမရှိပါဘူး၊ဟယ်ရီရဲ့ အမုန်းတရားကြောင့် ဖြစ်ခဲ့ရတဲ့ ကံစွတွေပါ၊ တကယ်လို့သာ ဟယ်ရီကိုယ်တိုင် မေမေ့ကို သတ်မယ်ဆိုရင်တောင် ခုချိန်မှာ ကျေကျေနပ်နပ်ကြီး အသေခံရဲပါတယ်၊ မေမေ မျှော်လင့်နေတဲ့ သမီးလေးပြန်ရောက်ခဲ့ပြီလေ..."

"မေမေ့ရဲ့သမီးဆိုတာကို အစောကြီးကတည်းက သိတယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"သိတာပေါ့သမီးရယ်"

"ဘယ်လိုသိတာလဲဟင်"

"ပထမ သိတာက မေမေ့ နှလုံးသွေးတွေရဲ့ သတိပေးမှု၊ ဒုတိယ သိတာက သမီးကျောပြင်က လိပ်ပြာပုံစံ အမှတ်လေးကြောင့်ပေါ့ကွယ်၊ ဒီအမှတ်လေးဟာ ဘယ်သူနဲ့မှမတူနိုင်ဘူးလေ၊ သမီးလေး သတိတွေလစ်ပြီးနေတုန်းက မေမေ့ကိုယ်တိုင် အဝတ်အစားလဲပေးရင်းတွေ့ခဲ့တာပဲကွယ်…"

"ဘာလို့ သမီးကို ချက်ချင်းမပြောခဲ့တာလဲဟင်"

"သမီးလေးကို ချက်ချင်းပြောလိုက်ရင် သမီး သံသယဖြစ်မှာရယ်ကြောင့် မောင်ရတုပိုင်နဲ့တိုင်ပင်ပြီး သမီးလေးစိတ်ကို အရင်ပြောင်းလဲအောင်လုပ်ပြီးမှ ဖွင့်ပြောပြတာပဲကွယ်"

"မေမေ…"

"ဘာများလဲ သမီး…"

"ဟို…ဟို… မနောဟယ်ရီနဲ့ ဘယ်လိုကြောင့် အမုန်းပွား ခဲ့ရတာလဲဟင်…"





"ဒီလိုသမီးရေ…မနောဟယ်ရီနဲ့မေမေဟာ သိပ်ကိုချစ်ကြတဲ့ သူငယ်ချင်းတွေဖြစ်တဲ့အပြင် မနောဟယ်ရီ (၁၅) နှစ်သမီးအရွယ်မှာ သူ့မိဘနှစ်ပါးလုံး ကွယ်လွန်သွားပြီး မေမေတို့က စောင့်ရှောက်ထားကြတယ်လေ၊ မနောဟယ်ရီမိဘတွေနဲ့ မေမေတို့မိဘတွေက သိပ်ကိုရင်းနှီးကြတဲ့ မိတ်ဆွေတွေဖြစ်ကြတော့ မနောဟယ်ရီရဲ့အနာဂတ်ကို သမီးဘွားဘွားနဲ့ ဘိုးဘိုးကတာဝန်ယူတဲ့အပြင် မနောဟယ်ရီရဲ့အမွေတွေကိုလည်း ထိန်းသိမ်းခဲ့ကြတယ်၊ ဒီတုန်းက အစ်ကိုကြီးနဲ့ အစ်ကိုလတ်ဟာ မေမေတို့ထက် (၁၀)နှစ်လောက် အသက်တွေကြီးကြပြီး အစ်ကိုကြီး အစ်ကိုလတ်ဟာ အပေါင်းအသင်းများပြီး လောင်းကစားသမားတွေဖြစ်ခဲ့ကြတယ်၊ ဖေဖေနဲ့မေမေတို့က အစ်ကိုကြီး၊ အစ်ကိုလတ်တို့ ခြေလှမ်းတွေကို သိပြီး ငွေကြေးပိုင်းကို ထိန်းချုပ်ထားရာက နေစခဲ့တာပဲကွယ်…"

ဒေါ်မြစံထိပ်ထား စကားကိုရပ်ပြီး ကုန်လွန်ခဲ့သော အတိတ်ဆီသို့ ပြန်ပြီးအတွေးအိပ်မက်ဆိုးတွေ ရောက်ရှိသွားလေသည်။

ထိုနေ့က မနောဟယ်ရီတစ်ယောက်နေမကောင်း၍အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့ချိန် ဖေဖေနဲ့မေမေက အမြင်ကိုအလုပ်ကိစ္စနဲ့သွားပြီး ထိပ်ထား ကကျောင်းတက်ချိန်မှာ...

"ဟင်"

မနော်ဟယ်ရီ ဗိုက်ဆာ၍ အောက်ထပ်သို့ဆင်းလာပြီး ကော်ဖီနှင့် မုန့်စားကာ သူနှင့်ထိပ်ထား နေထိုင်သည့် အခန်းကို ပြန်လာချိန်တွင် စည်သူမင်းခေါင်နှင့် မင်းလူသော်တို့က မနော်ဟယ်ရီ ဗီရိုထဲမှ လက်ဝတ် ရတနာတွေကို နိုးဖွင့်ပြီး ယူနေသည်ကို ပက်ပင်းသွားပြီး တွေ့လေသည်။

မနော်ဟယ်ရီကိုမြင်တော့ နှစ်ယောက်လုံးမျက်နှာတွေ ပျက်ကာ...

"ဟယ်ရီ"

"ရှင်..."

"မင်းရဲ့ကိစ္စကို ဘယ်သူမှ မပြောရဘူးနော် ပြောရင်နင့်ကို သတ်ပစ်မယ်ကြားလား"

"ဟုတ်...ဟုတ်ကဲ့"

မနော်ဟယ်ရီကို ခြိမ်းခြောက်ပြီး စည်သူမင်းခေါင်နှင့်





မင်းလူသော်တို့ ရတနာတွေကိုယူကာ ပြန်ပြီးထွက်သွားကြသည်။

ဒီအကြောင်းကို မနော်ဟယ်ရီ ဘယ်သူ့မှ မပြောပဲနေခဲ့ရင်း တစ်နေ့ ဖေဖေက မနော်ဟယ်ရီ ဗီရိုထဲက ရတနာတွေနဲ့ ငွေတွေကို စစ်လိုက်တော့ ပျောက်ဆုံးနေတာကို တွေ့သွားပြီး ဒေါသပုန်ထတော့တာပဲလေ...

အစ်ကိုကြီးနဲ့ အစ်ကိုလတ်က သူတို့မယူဘူးဆိုတာကို ဖွတ်ငြင်းပြီးနေတယ်...

"အေးပေါ့ကွာ မင်းတို့ဘက်က ငြင်းနိုင်တုန်းငြင်းထားကြပေါ့...အမြေမှန်ပေါ်လာလို့ရှိရင် ငါဘာလုပ်မလဲတွေ့ရမယ်..."

"ဖေဖေဟာ ရှမ်းတစ်ယောက်ဖြစ်တဲ့အပြင် ဘယ်သောအခါမှ မဟုတ်တာ မမှန်တာကိုမလုပ်တတ်သူဖြစ်တာကြောင့် ခုလိုကိစ္စမျိုးကိုသားအရင်းတွေဖြစ်ပေမယ့် မသက်သာဘူးဆိုတာကို စည်သူမင်းခေါင်နှင့် မင်းလူသော်တို့ သိထားတာမို့ အရမ်းကိုကြောက်နေခဲ့ကြတယ်... ဒါကြောင့် မနော်ဟယ်ရီကို မြင်းစီးသင်ပေးမယ်ဆိုပြီး တောထဲကိုခေါ်သွားခဲ့ကြတယ်...

စည်သူမင်းခေါင်နဲ့ မင်းလူသော်တို့ မနော်ဟယ်ရီကိုခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ရည်ရွယ်ချက်က တမင်ခြောက်လှန့်ပြီးမပြောရဲအောင် လုပ်ဖို့ပဲဖြစ်တယ်..."

"ထိပ်ထား"

"ဟင်ဘာလဲ..စောမင်း"

"ဟို...ဟို..အစ်ကိုကြီးနဲ့ အစ်ကိုလတ်...ဟယ်ရီကိုတော ထဲခေါ်သွားကြတယ်..."

"ဘာ..."

လိမ္မော်ခြံအလုပ်သမားလေးစောမင်းစကားကြောင့်ထိပ်ထား မြင်းတစ်စီးဖြင့်တောထဲကိုလိုက်သွားပေမယ့်နောက်ကျသွားတယ်...

ဟယ်ရီက စည်သူမင်းခေါင်၊ မင်းလှသော်တို့လက်ထဲတ ကြောက်ကြောက်နှင့်ပြေးရင်းချောက်တစ်ခုထဲပြုတ်ကျသွားတယ်...

"အစ်ကိုကြီး၊ အစ်ကိုလတ်...ဟယ်ရီကိုကယ်ပါ..."

စည်သူမင်းခေါင် တောင်အောက်ကိုဆင်းဖို့ကြိုးစားစဉ်...

"ဝေါ..."

"ဟာ..."

တောင်ကျရေသံကြောင့် အပေါ်သို့ပြန်တက်ပြီး....





"ထိပ်ထားသွားတော့...တောင်ကျရေတွေကျလာပြီ..."

"ဟင့်အင်း...မသွားဘူးဟယ်ရီကိုကယ်ပါ"

"ဘယ်လိုမှကယ်လို့မရတော့ဘူး"

ထိပ်ထားကို ညီအစ်ကိုနှစ်ယောက် အတင်းဆွဲပြီးခေါ်ချိန်မှာဟယ်ရီရဲ့အော်သံကိုကြားနေရသည်။

"ထိပ်ထား၊ငါ့ကိုကယ်ပါ...ရေ..ရေတွေတက်လာပြီထိပ်ထား..."

"ဟယ်ရီ..."

ထိပ်ထားအသံကုန်ဟစ်ပြီးအော်သံက တောကြီးတစ်ခုလုံး ပဲ့တင်ရိုက်ခတ်သွားခဲ့တာပဲကျန်ခဲ့သည်။ ဟယ်ရီတစ်ယောက်ကတော့ တောင်ကျရေနှင့်စီးမျောပါသွားလေပြီ...

"အဖြစ်ကတော့ ဒါပါပဲကွယ်...အစ်ကိုကြီး, အစ်ကိုလတ်ကိုလည်းအဖေက သက်ဆိုင်ရာကိုအပ်ခဲ့ပြီး အပြစ်ဒဏ်ကိုခံစေခဲ့တယ်လေ...ဖေဖေနဲ့မေမေ ဆုံးသွားတဲ့အထိ ဟယ်ရီကြုံခဲ့ရတဲ့အဖြစ်ဆိုးကို စိတ်ထိခိုက်လို့ မဆုံးခဲ့ပါဘူး.. အစ်ကိုကြီး, အစ်ကိုလတ်တို့ကိုလည်း ရာသက်ပန်သားသမီးအဖြစ်မှ စွန့်လွှတ်ခဲ့တယ်..."

"ဒါဆိုမနောဟယ်ရီမသေဘဲ မမတို့ကိုပြန်ပြီးတက်စားချေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သဘောပေါ့နော်..."

"ဟုတ်တယ် မောင်ရတုပိုင် သူ့ရင်ထဲမှာဘယ်လောက်နာကြည်းနေမလဲဆိုတာ အန်တီကိုယ်ချင်းစာပါတယ်...ဒါကြောင့်လဲ သူ့လက်စားချေမှုအပေါ်မှာ အန်တီ မမုန်းခဲ့ပါဘူးလေ...အန်တီရဲ့မျှော်လင့်ချက်တစ်ခုပြည့်သွားပြီဆိုတော့ ဟယ်ရီသတ်မှာကို မတုန်လှုပ်တော့ပါဘူး"

"မောင်ရတုပိုင်"

"ပြောပါမမ"

"မမ အတွက် မောင်ရတုပိုင်တာဝန်ယူမှုဟာ ပြီးဆုံးခဲ့ပေမယ့်ဟောဒီသမီးလေးအတွက် ဆက်ပြီးတာဝန်ယူပါဦးလို့မမ မေတ္တာရပ်ခံချင်ပါတယ် ဘယ်လိုလဲ တာဝန်ယူနိုင်မှာလား...မောင်ရတုပိုင်"

"ဟုတ်ကဲ့...ကျွန်တော်ဒီစံအတွက် ဘေးမှာဆက်ပြီးနေပါဦးမယ်..."

"ကျေးဇူးတင်ပါတယ်ကွယ်...ဟယ်ရီဟာ သမီးလေးကိုအန္တရာယ်ပြုတော့မယ်ဆိုတာကိုမမသိနေတယ်...သမီးလေး"

"ရှင်..."





"ဒီနေ့ကစပြီး သမီးလေးဘဝလုံခြုံမှုအတွက် မေမေအသက်နဲ့ထပ်တူ ကာကွယ်ပေးပါ့မယ်"

"မေမေရယ်...သမီးမှာ ကာကွယ်နိုင်တဲ့ အရည်အချင်းတွေရှိပါတယ်...ဒီလောက်ထိ မစိုးရိမ်ပါနဲ့..."

"ဟုတ်ပါတယ် မမ ဒေါ်ဟယ်ရီထင်တိုင်းလုပ်လို့ ရအောင်ဥပဒေမဲ့တိုင်းပြည်မဟုတ်ပါဘူး..."

"ဟယ်ရီ စိတ်ထဲမှာတရားဥပဒေဆိုတာရှိမှာ မဟုတ်ဘူး...မမတို့အသက်တွေကိုနုတ်ယူဖို့အတွက် သူ့ဘက်က ဘာမဆိုမိုက်ရူးရဲဆန်စွာလုပ်တော့မယ်ထင်နေတယ်..."

"ကျွန်တော်တို့ဘက်ကပြင်ဆင်သင့်တာတွေကိုလည်းပြင်ဆင်ထားရင်း ဒေါ်ဟယ်ရီရဲ့စိန်ခေါ်သံကို စောင့်ကြတာပေါ့...မမရယ်"

ဒီစံ စိတ်ထဲတွင်ခုလောက်ဆို သခင်မကြီး သူမ၏အခြေအနေကိုရိပ်မိလောက်ပြီဆိုတာကိုထင်နေမိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

"ကိုရတုပိုင်…မေမေဘယ်မှာလဲဟင်"

ခြံဝန်းထဲတွင် ပန်းပင်တွေနှင့် အလုပ်များနေသော ရတုပိုင်ဘေးနားသို့ ဒီစံရောက်လာပြီး မေးလိုက်သဖြင့်…

"လိမ္မော်ခြံထဲကို ခဏသွားတယ်"

"ကိုရတုပိုင်လိုက်မသွားဘူးလား"

"ကိုယ်ကလိုက်ဖို့ပြောပါတယ် မမက ဒီစံနားမှာပဲနေခိုင်းတယ်မလိုက်ခဲ့နဲ့ဆိုလို့နေခဲ့ရတာ…"

"ကိုရတုပိုင်လိုက်သွားကြရအောင်နော် ဒီစံ စိတ်ထဲမှာ မေမေတစ်ခုခုဖြစ်မှာကိုစိုးရိမ်နေတယ်"

"ဒါဆိုသွားကြမယ်လေ…"

ရပ်ထားသော ကားပေါ်သို့တက်ခဲ့ကြပြီး မောင်းထွက်လာချိန်





တွင်…

"ဒိုင်း…ဒိုင်း…ဒိုဖ်း…"

"ဝူး"

ရတုပိုင်ကားလေးကို ဘေးသို့ဆွဲချပြီး ထိုးရပ်ကာကားပေါ်မှ နစ်ယောက်သားခုန်ဆင်းခဲ့ကြသည်။

ရတုပိုင်တို့ကားကို လမ်းကွေ့မှချောင်းပြီးပစ်ကာ အခြေအနေမကောင်းတော့မှ ကားမောင်းပြီးပြေးသွားကြသည်။

"ဒါ…သခင်မကြီးရဲ့လက်ပါးစေတွေဖြစ်မယ်"

"သေချာလောက်တယ်ဒီစံ"

"မေမေအန္တရာယ်တွေ့နေပြီလားမသိဘူး"

ကားပေါ်သို့ပြန်တက်ပြီး လိမ္မော်ခြံထဲသို့ ရောက်သည်နှင့် အလုပ်သမားလေးတစ်ယောက် ပြေးထွက်လာပြီး…

"အစ်ကိုရော့…"

စာတစ်စောင်ကို ထုတ်ပြီးပေးလေသည်။

ဒီစံ –



www.burmeseclassic.com

သစ္စာဖောက်တွေရဲ့အဆုံးသတ်ကိုသိစေရမယ်

မင်းအဓမ အသက်ကိုကယ်ချင်ရင်မင်းအသက်နဲ့လာပြီး

ရွေးလှဲ့

သခင်မကြီး

"ဟင်"

"ဟာ..."

"ကိုရတုပိုင် ဘယ်လိုလုပ်မလဲ..."

"လုပ်စရာတစ်ခုပဲ ရှိတော့တယ်"

"ဘာလဲ..."

"စံအိမ်ကြီးဆီကိုသွားပြီး ရင်ဆိုင်ဖြေရှင်းရတော့မယ် ဒီစံ ဒါဟာ ကိုယ်တို့မဖြစ်မနေရွေးချယ်ရမယ့် ကိစ္စတစ်ခုပဲ..."

ရတုပိုင်နှင့် ဒီစံတို့ ချက်ချင်းခရီးထွက်ရန် စီစဉ်ပြီးကားတင် စီးနှင့် ထွက်လာခဲ့ကြသည်။

"အချိန်မီပါ့မလား"

"မီမှာပါ...ဘာကြောင့်လဲဆိုတော့ ဒေါ်ဟယ်ရီက ဒီစံအလာ ကိုစောင့်မှာသေချာတယ်"





"ကိုရတုပိုင် သူ့နယ်မြေထဲကိုဝင်ဖို့ဆိုတာမလွယ်လှဘူး"

"တစ်ခုရကြံစည်ပြီးဝင်ကြတာပေါ့ကွာ...ဒီစံ နယ်မြေတော့ ကျွမ်းကျင်တယ် မဟုတ်လား"

"ဒီစံ ကျွမ်းကျင်ပါတယ်ဒါကလည်း ဒီစံ စံအိမ်ကြီးကနေအပြင်ကိုထွက်ရတဲ့အခါမှာ အလွတ်ရအောင်လေ့လာထားတာ..."

လမ်းသုံးခွဆုံဖြစ်သော တောင်၊ မြောက်၊ အရှေ့တွင် ကားသုံးစီးဆုံသောကြောင့်...

"ဟင်...ယွန်းစံ"

"မိုးစံ"

"ဒီစံ"

သုံးယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့် ပြီး အံ့အားသင့်နေသလို လက်ထဲမှသေနတ်ကိုယ်စီကိုပြင်ထားလိုက် သည်။

"ကိုအိုက်စံခေါင်နှင့် ကိုစောလူခေါင်"

"မယ်ရီသော်"

"ချယ်ရီသော်"

www.burmeseclassic.com



"ဘယ်လိုဖြစ်ကြတာလဲ..."

"ဖေဖေ့ကိုဒေါ်ဟာယ်ရီဖမ်းသွားပြီ...မယ်ရီသော်"

"ဟင်...မယ်ရီသော့် ဖေဖေလည်းဖမ်းသွားပြီ အသက်ချင်းလဲယူဖို့စာပါပေးခဲ့တာ..."

"ဒီစံ့ မေမေကိုလည်းဖမ်းသွားပြီ..."

"ဟယ်"

ဒီစံ စကားကြောင့် ယွန်းစံနှင့် မိုးစံပါ အံ့အားသင့်သွားပြန်သည်။

အခြေအနေအကြောင်းစုံကို ရှင်းပြတော့မှ ယွန်းစံ၊ မိုးစံ၊ ဒီစံတို့သုံးဦးဟာ ညီအစ်မတွေ ဖြစ်နေသည်ကို သိခဲ့ကြရတော့သည်။

"အချိန်မီသွားကြရအောင်"

"အင်း"

ရှေ့ဆုံးကားတွင် ယွန်းစံ၊ အိုက်စံခေါင်၊ စောလူခေါင် ဒုတိယကားတွင် မိုးစံ၊ မယ်ရီသော်၊ ချယ်ရီသော်နှင့် သက်ပိုင်ဦး...

နောက်ဆုံးကားတွင် ဒီစံနှင့် ရတုပိုင်တို့ ကားသုံးစီးတောင်ကြားလမ်းလေးအတိုင်း မောင်းနှင်လာခဲ့လေတော့သည်။





"ဒီစံ"

"ဘာလဲယွန်းစံ"

ကားသုံးစီး တောင်ဆင်းလမ်းဆုံတွင်ရပ်ပြီး ကားပေါ်မှ အားလုံးဆင်းလိုက်ပြီး ယွန်းစံက ဒီစံအနားကိုကပ်ပြီးခေါ်လိုက်သည်။

"နင်ဘယ်လမ်းကိုကျွမ်းကျင်လဲ"

"ငါက အရှေ့ဘက်ရေကြောင်းလမ်းကိုတော့ ကျွမ်းကျင်တယ်"

"မိုးစံတရော..."

"ငါက အနောက်ဘက်ကျောက်ဖြူလမ်းကို ကျွမ်းကျင်တယ်"

"ဒါဆိုငါက တောင်ဘက်လျှိုလမ်းကိုကျွမ်းကျင်တယ်(၃)စုခွဲပြီးဆင်းကြမယ်...မကောင်းဘူးလား"

"အေး ကောင်းတယ်"

"ကားတွေဒီမှာထားခဲ့ပြီးဝင်ကြမယ်"

အုပ်စု(၃)စုခွဲကာ တစ်နေရာစီထွက်လာခဲ့ကြတော့သည်။

"ဒီစံ..."



www.burmeseclassic.com

www.burmeseclassic.com



"ရတုပိုင်..."

"သခင်မကြီးဆီမှာ လူအင်အားဘယ်လောက်ရှိမယ်ထင်လဲ"

"များတယ်ကိုရတုပိုင် သူ့ကဘာအလုပ်တွေများလုပ်သလဲ ဆိုတာတော့ဒီစံမသိဘူး သူ့ဆီကိုလက်နက်ကိုင်အဖွဲ့တွေဝင်ထွက်နေ တာကို ဒီစံခိုးပြီးကြည့်ဘူးတယ်"

"ဒေါ်ဟယ်ရီဟာ ဥပဒေနဲ့မလွတ်ကင်းတာ တစ်ခုခုကိုလုပ် ကိုင်နေတာပဲဖြစ်မယ်"

"ဖြစ်နိုင်တယ် ဒီစံတို့ငယ်ငယ်ကစက်ရုံလိုလိုတစ်ခုတို ဆောက်ဘူးတယ် စက်ရုံဆိုလို့အကြီးကြီးတော့မဟုတ်ဘူး ဂိုဒေါင်ကြီး နှစ်ခုစာလောက်တော့ရှိတယ်...အဲဒီမှာ လူတွေချက်နေကြတာတွေ့ ဘူးတယ်"

"ဘိန်းချက်နေတာဖြစ်နိုင်တယ်..ဒါစံအိမ်ကြီးထဲမှာလား"

"ဟုတ်တယ်ကိုရတုပိုင်...စံအိမ်ကြီးအနောက်ဘက် တော ထဲမှာ..."

"ဒေါ်ဟယ်ရီဘယ်လိုလက်နက်မျိုးကို ကိုင်လေ့ရှိလဲဒီစံ"

"ပစ္စတိုကိုင်တာများတယ်...ဘယ်သန့်လက်ကတော့ ငုတ်





တောင်ပုံရိုန်မရဘူး ကိုရတုပိုင် အရမ်းတိုမြန်ပြီးဖြောင့်တယ်...သူနဲ့ သေနတ်ယှဉ်ပြီးပစ်ဖို့ဆိုတာမလွယ်ဘူး..."

နှစ်ယောက်သားလျှောက်လာကြရင်း ရေကြည်များစီးဆင်း နေတဲ့ချောင်းလေးတစ်ခုဆီကိုရောက်ခဲ့သည်။

"ဒီချောင်းလေးအတိုင်းဝင်ရင် စံအိမ်ကြီးရဲ့အရှေ့ဘက်ကို ရောက်တယ်...ဒီစံငယ်ငယ်က ခိုးခိုးပြီးထွက်ခဲ့တဲ့လမ်းကလေးလေ..."

ဒီစံပြောသည့်အတိုင်းဝင်လာကြရင်း နာရီဝက်လောက် လျှောက်တော့...စံအိမ်ကြီးကိုလှမ်းပြီးတွေ့နေရသည်။

"အစောင့်တွေတစ်ယောက်မှမရှိသလိုပဲ"

"အစောင့်တွေက ရှေ့ဂိတ်ဝနဲ့အနောက်ဘက် ဘိန်းချက်တဲ့ နေရာမှာပဲရှိတတ်တယ်"

"ဒီစံတို့ ဒီလမ်းတွေကို သိတယ်ဆိုတာ ဒေါ်ဟယ်ရီမသိဘူး လား"

"မသိနိုင်ဘူး ကိုရတုပိုင်၊ ဒီစံတို့က ခြံဝန်းကြီးထဲမှာတောင် www.burmeseclassic.com သတ်မှတ်ထားတဲ့နေရာကလွဲပြီး တခြားနေရာကို သွားလို့ရတာမှ မဟုတ်တာ"

www.burmeseclassic.com



"ဒါဟာ ကိုယ်တို့အတွက် အစွင့်အရေးပဲ"

သစ်ပင်ကြီးတွေနှင့် ချုံတွေကို အကာအကွယ်ယူပြီး အိမ်ကြီးနားသို့ကပ်လာခဲ့သည်။

"ဘယ်နေရာလောက်မှာ မမတို့ကို ဖမ်းထားနိုင်မလဲ ဒီစံ"

"အိမ်ကြီးရဲ့မြေအောက်အခန်းထဲမှာ ဖမ်းထားနိုင်တယ်"

"ဟူး…"

"ဟင်…"

အိမ်ကြီးထဲမှ ကားတစ်စီးမောင်းထွက်သွားသည်ကိုတွေ့လိုက်ရသည်။

ကားပေါ်တွင် ဒေါ်မနောဟယ်ရီလိုက်ပါသွားသည်။

အိမ်ကြီးသောား ပြတင်းပေါက်ဆီသို့ရောက်တော့… ရတုပိုင်ပြတင်းပေါက်တံခါးကိုဖွင့်ကာ အရင်ဝင်ပြီး ဒီစံကိုဆွဲတင်ကာ ဝင်ခဲ့ကြစဉ်

"ဟော့…ဘယ်သူလဲ"

"ဟာ…"

"ဝို…"





"ဒုတ်…အီး…"

သေနတ်ကိုင်ထားသည့်ငနဲတစ်ကောင်ကို ရတုပိုင်လျင်မြန်စွာ စတီးပြားလေးနှင့် ပစ်ချလိုက်သည်။ မြေအောက်၏ အခန်းကို ရှာဖွေစဉ်…

"တစ်ယောက်မှ မလှုပ်နဲ့နော်"

"ဟယ်…"

ရတုပိုင်တို့နောက်တွင် သေနတ်သမား(၃)ယောက်ရောက်ရှိနေပြီး သေနတ်ဖြင့် ချိန်ရွယ်ထားသည်။

"ဒုတ်…ဒုတ်…ဒုတ်…"

"အီး…အား…အင့်…"

သုံးယောက်လုံး ကြမ်းပြင်ပေါ်တွင် မှောက်ကျသွားသည်။

မိုးစံနှင့် သက်ပိုင်ဦး၊ မယ်ရီသော်၊ ချယ်ရီသော်တို့ ရောက်ရှိလာပြီး အနီးကပ် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

"ယွန်းစံ…တို့ရော…"

"ဟိုမှာ ဝင်လာကြပြီ…"

ယွန်းစံတို့အနားသို့ရောက်တော့…

www.burmeseclassic.com



"မြေအောက်ခန်းကို ဘယ်လိုရှာမလဲ"

"ငါသိတယ်၊ ဟိုမှာ စားပွဲပေါ်မှာ တင်ထားတဲ့ပန်းအိုးသုံးလုံးထဲက အလယ်လုံးကို လှည့်လိုက်ရင် မြေအောက်ခန်တံခါးချပ်ကြီးပွင့်သွားမယ်"

မိုးစံပြောသည့်အတိုင်း ပန်းအိုးကိုလှည့်လိုက်သည်နှင့်...

"ကျွိ..."

မြေအောက်တံခါးကြီးပွင့်သွားကာ လှေကားထစ်တွေကို တွေ့လိုက်ရသည်။ အပေါ်တွင် သက်ပိုင်ဦး၊ စောလူခေါင်၊ ချယ်ရီသော်တို့စောင့်ပြီး ကျန်သည့်သူတွေက အောက်ကိုဆင်းလာကြသည်။

"ဖေဖေ..."

"သမီး..."

"ဖေဖေ..."

"သမီး..."

မြေအောက်အခန်းထဲတွင် ကြိုးများဖြင့်တုတ်နှောင်ထားသော ဦးစည်သူမင်းခေါင်၊ ဦးမင်းလှသော်၊ ဒေါ်မြစံထိပ်ထားတို့ကိုတွေ့လိုက်ရပြီး ကြိုးတွေကို ဖြတ်တောက်ကာ အပေါ်သို့ပြန်ပြီးတက်ခဲ့စဉ်





"ဟာ..ဒေါ်ဇာအို.."

သက်ပိုင်ဦးတို့လက်ချက်ဖြင့် ဒေါ်ဇာအိုကြီး မှောက်နေလေပြီ။ ဒီစံတို့ငယ်ငယ်လေးကတည်းက ကြောက်ရွံ့ခဲ့ရသော ဒေါ်ဇာအိုကြီး တစ်ယောက် ခုတော့လည်း ဘာမှ မတတ်သာသော အခြေအနေကို ရောက်ရှိနေခဲ့လေပြီ။

"အပြင်ကိုထွက်ကြရအောင်"

သက်ပိုင်ဦးမှ လက်မှနာရီကိုကြည့်ကာ အပြင်သို့ထွက် လိုက်သည်နှင့်..

"ဟား..ဟား..ဟား..."

"သခင်မကြီး.."

"ဟယ်ရီ.."

"ခုမှ လူစုံတက်စုံ လူသတ်ပွဲကြီးကို မင်္ဂလာရှိစွာနဲ့ လုပ်ရတော့မှာပေါ့ကွာ.."

"ဟယ်ရီ..နင်လက်စားချေချင်ရင် ငါ့ကိုသတ်၊ အကြောင်းမဲ့တဲ့ ငါ့သမီးကိုလွှတ်ပေးပါ"

"ဟုတ်တယ်ဟယ်ရီ..နင် သတ်ချင်ရင် ငါတို့ကိုသတ်၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



သမီးတွေကိုနင် ဒီလောက် နှိပ်စက်ပြီးပြီပဲ၊ ကျေနပ်လိုက်ပါ"

"ဘာမှ မကျေနပ်နိုင်ဘူး၊ နင်တို့ ရက်ရက်စက်စက် ချောက်ထဲမှာ ထားရစ်ခဲ့ပေမယ့် ငါ့ကံကြမ္မာက နင်တို့ကိုလက်စားချေဖို့ အတွက်ကူညီခဲ့တယ်၊ ငါတောင်ကျရေနဲ့မျောပြီး ဘာတွေဖြစ်ခဲ့သလဲ မသိခဲ့ဘူး၊ ငါ့မွေးစားဖခင်ကြီး စိုင်းဆက်လျှံက ကယ်ခဲ့လို့ နင်တို့ကို ပြန်ပြီး သတ်ခွင့်ရတာ၊ ဟား..ဟား..ဟား.. ဖေဖေ..စိုင်းဆက်လျှံရေ... သမီး..ဟယ်ရီ..အရမ်းကိုကျေးဇူးဆပ်တယ်၊ ဖေဖေရဲ့မှူးယစ်ဆေးဝါး အဖွဲ့ကြီးကိုလည်း သမီး ဖေဖေ ရှိစဉ်ကလိုပဲ ဦးဆောင်ခဲ့တာ ခုဆို အောင်မြင်နေပြီ..."

မနောဟယ်ရီရှူးသွပ်စွာဖြင့် ရယ်မောပြောဆိုနေသည်။

"ဟိုကောင်တွေ.."

"ပြောပါ သခင်မကြီး"

"ဟို (၆)ယောက်ကလွဲပြီး ကျန်တဲ့ကောင်တွေကို ပစ်သတ်ဖို့ပြင်ထား၊ ငါ အရင်ရှင်းမယ်"

မနောဟယ်ရီသူ့လက်စွဲသေနတ်ကို ထုတ်မည်အပြု

"ဝိုး..."





ရတုပိုင် စတီးပြားလေး မနောဟယ်ရီလက်သို့ စိုက်ဝင်သွားသဖြင့် တိုက်ခိုက်မှုတွေက မြန်ဆန်စွာ လှုပ်ရှားကြတော့သည်။

"ဝုန်း..."

"ဒက်...ဒက်...ဒက်..."

အပြင်တွင် စက်သေနတ်သံတွေနှင့်အတူ ပေါက်ကွဲသံကြီးတွေကိုကြားလိုက်ပြီး အစိုးရတပ်ဖွဲ့ဝင်များ စံအိမ်ကြီးကိုစီးနင်းနေလေပြီ.. မနောဟယ်ရီ...စံအိမ်ကြီး၊ နောက်ဘက်ပေါက်ဆီသို့ ပြေးမယ်အပြု..

"ချောက်.."

သက်ပိုင်ဦး.. မနောဟယ်ရီကို အနီးကပ် လက်ထိတ်ခတ်လိုက်လေသည်။

"ခင်ဗျားအတွက် ပြေးလမ်းမရှိတော့ပါဘူး ဒေါ်ဟယ်ရီ၊ ခင်ဗျား စခန်းတစ်ခုလုံးကို သက်ဆိုင်ရာရဲတပ်ဖွဲ့တွေက ထိန်းသိမ်းလိုက်ပါပြီ"

"တောက်.."

မနောဟယ်ရီ နာကျင်မှုများစွာနှင့်အားလုံးကိုကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ငါ.. ဘယ်တော့မှမကြေဘူး၊ ဟား..ဟား..ဟား..နင်တို့ကို သတ်မယ်၊ သတ်မယ်...ဟား..ဟား..ဟား.."

ရဲမေနှစ်ဦး အထဲကိုဝင်လာပြီး သက်ပိုင်ဦးကို အရိုအသေပြုကာ...

"ဆရာ.. ကျွန်မတို့ ခေါ်သွားရတော့မလား"

"ခေါ်သွားနိုင်ပါပြီ"

မိုးစံ...သက်ပိုင်ဦးကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်မိသည်။ ပြီးတော့မှ...

"ရှင်ဟာတကယ်တတ်နိုင်တဲ့လူပါပဲ"

"ထားလိုက်ပါတော့ဗျာ.... အစကတည်းက မယ်ရီသော်က အကူအညီတောင်းလို့ တာဝန်ယူခဲ့ရတဲ့ ဒုရဲအုပ်တစ်ယောက်ပါဗျာ၊ ခုတော့ မိုးစံ ကျေးဇူးကြောင့် ဒေါ်ဟယ်ရီရဲ့မူးယစ်ဆေးဝါးအဖွဲ့ကြီးကို ဖမ်းဆီးနိုင်ခဲ့ပါပြီ၊ ကျေးဇူးပဲနော်"

မိုးစံ ဘာမှမပြောဘဲ မျက်စောင်းခဲလေးထိုးကာ အဖေဖြစ်သူ ဦးမင်းလှသော် လက်မောင်းလေးကို ဆုပ်ကိုင်ပြီး ထွက်လာခဲ့သည်။

"ကိုသက်ပိုင်ဦး"





"ဗျာ..မချယ်ရီသော်..

"ရှင့်ကို ကျွန်မတို့က အမျိုးတော်ရမှာလား"

"ဟာဗျာ.."

"အဲတော်.. ဒုရဲအုပ်ကြီးရှက်သွားပြီ"

"မမတို့နော် ဘာတွေပြောနေတာလဲ"

"ဟား...ဟား..ဟား.."

ရယ်မောသံလေးတွေက ပဲ့တင်ရိုက်ခတ်နေသည်။ ကား တစ်စီး ပေါ်တွင်..

"မေမေ..."

"ဘာလဲ သမီး"

"မေမေ စိတ်မကောင်းဖြစ်နေလားဟင်"

"မေမေ ရင်ထဲက မကောင်းဘူးသမီးရယ်၊ ဟယ်ရီ ခုလိုဖြစ်ခဲ့ရတာ မေမေတို့ကြောင့်လို့ ထင်နေမိတယ်"

"မမရယ်..လောကကြီးမှာ ဖြစ်ပျက်ခဲ့ကြတဲ့အရာရာတိုင်းဟာ ကံကြမ္မာက စေစားခဲ့ကြတာပဲလေ၊ ဒေါ်ဟယ်ရီကို ခုလိုဘဝသူမှ ဒီလိုမဖြစ်စေချင်ပေမယ့် သူ့ကံကြမ္မာက ခုလိုဖြစ်ဖို့အကြောင်းပါတာ

www.burmeseclassic.com



ပဲလေး၊ ဒေါ်ဟယ်ရီတစ်နေ့နေ့နားလည်သွားမှာပါ"

"မမလည်း ဆုတောင်းနေပါတယ်၊ ဒြော်.. ပြောရဦးမယ် သမီး"

"ဘာများလဲ မေမေ"

"မေမေလေ..ဟယ်ရီကိုကြည့်ပြီးရင်ထဲက သောကတွေကို ငြိမ်းစေအောင် အစ်ကိုကြီး၊ အစ်ကိုလတ်တို့နဲ့ တရားရိပ်သာကို ဝင်မလို့"

"ကောင်းတာပေါ့ မေမေရယ် ဝင်လေ.."

"ဝင်တာက ဟုတ်ပါပြီ၊ သမီးလေးကို စိတ်ချသွားအောင် မေမေ တစ်ခုခု စီစဉ်ပေးခဲ့ချင်တယ်"

"မေမေရယ်..သမီးမှာ အန္တရာယ်မရှိတော့ပါဘူး"

"အသက်အန္တရာယ်မရှိတာတော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဘဝအန္တရာယ်ကို တစ်သက်လုံး ကာကွယ်ပေးနိုင်တဲ့ ကိစ္စကိုတော့ မေမေ စီစဉ်ပေးရလိမ့်မယ်"

"ဘာများလဲ..မေမေ.."

"သမီးလေးကို မောင်ရတုပိုင်နဲ့လက်ထပ်ပေးခဲ့မလို့"





"ဗျာ.."

"ရှင်.."

ဒေါ်မြစံထိပ်ထားကားလေးကို ထိုးရပ်ပြီး နောက်မှ မိုးစံတို့ ကားကိုလှမ်းပြီးတားကာ...

"သမီးနဲ့ မောင်ရတုပိုင်တို့နှစ်ယောက်ရဲ့အဖြေကိုမေမေအိမ် က စောင့်ပြီးနားထောင်မယ်.."

တစ်ဖက်မှ ကားပေါ်သို့ ဒေါ်မြစံထိပ်ထား တက်သွားပြီး နောက်ကားပေါ်တွင်ဒီစံနှင့်ရတုပိုင်..တို့နှစ်ယောက်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ..

"ရှင်က ဘာကြည့်နေတာလဲ"

"လှတဲ့မျက်နှာလေးကိုကြည့်နေတာ"

"ရှင်နော်... မေမေက သဘောတူတာနဲ့ ယူမယ်လို့ မှတ် နေလား..."

"ယောက္ခမကြီးက သဘောမတူလည်း ဒီကရအောင်ယူမှာ ပဲ"

"ယူချင်တိုင်းယူလို့ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မရမှာလဲ…ဒီမှာကြည့်"

"ပူး…"

"ဟင်…"

"ရှင်ဘာလုပ်တာလဲ"

"ခိုးပြေးတာလေ"

"အံမာ..ခိုးပြေးရအောင်သူ့ချစ်သူကျနေတာပဲ"

"ကိုယ်က ချစ်ရင် ကိုယ့်ချစ်သူပဲ၊ ပြန်ချစ်စရာမလိုဘူး၊ တစ်သက်လုံး ရာဇဝင်မဲ့နေတဲ့ ချစ်သူလေးကို ချစ်နေမှာဗျ.."

"သွား…ကားကိုဖြည်းဖြည်းမောင်း..တော်ကြာ မင်္ဂလာဆောင် မဆောင်လိုက်ရဘူးဖြစ်နေမယ် ရှင့်.."

ဒီစံ ပန်းလေးကို ရတုပိုင် သိုင်းဖက်ရင်း တောင်ကြားလမ်းကလေးအတိုင်းမောင်းလာခဲ့လေတော့သည်၊

ပရိသတ်များကိုအစဉ်လေးစားလျက်

ရွှေဘဝင်



www.burmeseclassic.com